# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


> **မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**
>
> မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။
>
> ပဏ္ဍိတဝင် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၁၁ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၉)၊ အမှတ် (၂၅၂)


# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**Coronavirus Disease 2019(COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာခြင်း**
**၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၀ ရက်)**

၁။ Coronavirus Disease 2019 (COVID-19) ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း မိမိနိုင်ငံသို့ ပြန်လာလိုသော နိုင်ငံသားများကို အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ထွက်ပေါက်များတွင် တရားဝင်လက်ခံရေးစခန်းများ ဖွင့်လှစ်ပြီး စနစ်တကျလက်ခံ၍ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ထို့အပြင် Coronavirus Disease 2019(COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှလည်း ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လိုသော မြန်မာနိုင်ငံသားများအနေဖြင့် တရားဝင်နယ်စပ်ဂိတ်များမှသာ ပြန်လည်ဝင်ရောက်စေရန်နှင့် ကျန်းမာရေးစောင့်ကြည့်စစ်ဆေးမှုအား ခံယူစေရန် အကြောင်းကြားပြီးဖြစ်သော်လည်း တရားဝင်လက်ခံရေးစခန်းမရှိသော နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်လာသူများရှိနေသည့်အတွက် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဟန့်အတားများ ဖြစ်ပေါ်စေနိုင်သည့်အပြင် COVID-19 ရောဂါ ပြန့်ပွားမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။

၃။ သို့ပါ၍ ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ မည်သူမဆို တရားမဝင်ဝင်ထွက်ပေါက်များမှ ဝင်ရောက်လျှင်၊ ယင်းသို့ တရားမဝင် ဝင်ရောက်ကြောင်းသိလျက်နှင့် လက်သင့်ခံလျှင် သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊**
**ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

### Covid ကြောင့် စဉ်းစားသင်ယူစရာတွေကို နေ့စဉ်နဲ့အမျှ တွေ့နေရကြောင်း၊ လွန်ကဲတယ်လို့ မရှိနိုင်တဲ့ ‘သတိ’ အားကောင်းအောင် လေ့ကျင့်ရခြင်းကတော့ covid ကနေရတဲ့ တန်ဖိုးအရှိဆုံးသင်ခန်းစာပဲဖြစ်ကြောင်း ရေးသားဖော်ပြ

> **“ပထမဦးဆုံး ကျေနပ်စရာကတော့ ဆိုင်တွေကော၊ စားသုံးသူတွေပါ စည်းကမ်းချက်တွေကို လိုက်နာစိတ်ရှိကြ၊ မပြည့်စုံတာလေးတွေတော့ ရှိသေး၊ ဆိုင်ဝန်ထမ်းများ mask တပ်ဆင်ကြသော်လည်း အချို့တွေက face shield၊ လက်အိတ်တို့ မပါတာ တွေ့ခဲ့ရ၊ ဒါတွေဟာ လာရောက်စားသုံးသူများ၊ ဆိုင်ဝန်ထမ်းများ အားလုံးအတွက် အလွန်အရေးကြီးတာကြောင့် မိမိတို့ ထပ်မံညွှန်ကြားမည်”**

**နေပြည်တော် ဇွန် ၁၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid ကြောင့် စဉ်းစားသင်ယူစရာတွေကို နေ့စဉ်နဲ့အမျှတွေ့နေရပါကြောင်း၊ လွန်ကဲတယ်လို့ မရှိနိုင်တဲ့ ‘သတိ’ အားကောင်းအောင် လေ့ကျင့်ရခြင်းကတော့ covid ကနေ ရတဲ့ တန်ဖိုးအရှိဆုံးသင်ခန်းစာပဲဖြစ်ပါကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကိစ္စတစ်ရပ်နဲ့ ပတ်သက်လို့ စည်းမျဉ်းညွှန်ကြားချက်တွေ ထုတ်ပြီးတဲ့အခါ ဒီစည်းမျဉ်းတွေဟာ သင့်တော်ရဲ့လား၊ အလုပ်ဖြစ်ရဲ့လား ဆိုတာကိုလည်း လေ့လာသုံးသပ်ရပါကြောင်း။

မကြာမီက စားသောက်ဆိုင်များ ပြန်လည်ဖွင့်ရေးအတွက် စည်းကမ်းသတ်မှတ်ချက်တွေချပြီး လုပ်ငန်းပြန်လည် လည်ပတ်နိုင်ရေးကို ဦးတည်ခဲ့ပါကြောင်း၊ နေပြည်တော်စားသောက်ဆိုင် အချို့လည်း အစစ်ဆေးခံပြီး ပြန်ဖွင့်လာပါကြောင်း၊ ဒါနဲ့နိုးကြားတက်ကြွအလုပ်ပျော် အရာထမ်းတစ်ယောက်က မိမိစိတ်ကူးဆန္ဒအရ၊ ထမင်းနပ် ထပ်ပါစေ၊ လေ့လာဖို့လိုတယ်လို့ ဆုံးဖြတ်ပြီး စားသောက်ဆိုင် ၃-၄ ဆိုင် လှည့်ပြီးစားခဲ့ပါကြောင်း၊ မိမိတို့အတွက် အကျိုးရှိတဲ့ (အစိုးရစရိတ် မကုန်) လှည့်လည်စားသောက်မှုဖြစ်ပါကြောင်း။

ကိုယ်တိုင်စမ်းကြည့်ခဲ့တော့ ပြည့်ပြည့်စုံစုံသိခဲ့ရပြီး မိမိတို့ကိုအသေးစိတ် သုံးသပ်ချက်တွေ ပြောပြနိုင်ပါကြောင်း၊ ပထမဦးဆုံး ကျေနပ်စရာကတော့ ဆိုင်တွေကော၊ စားသုံးသူတွေပါ စည်းကမ်းချက်တွေကို လိုက်နာစိတ်ရှိကြပါကြောင်း၊ မပြည့်စုံတာလေးတွေတော့ ရှိသေးပါကြောင်း၊ ဆိုင်ဝန်ထမ်းများ mask တပ်ဆင်ကြသော်လည်း အချို့တွေက face shield၊ လက်အိတ်တို့ မပါတာ တွေ့ခဲ့ရပါကြောင်း၊ ဒါတွေဟာ လာရောက်စားသုံးသူများ၊ ဆိုင်ဝန်ထမ်းများအားလုံးအတွက် အလွန်အရေးကြီးတာကြောင့် မိမိတို့ ထပ်မံညွှန်ကြားမည်ဖြစ်ပါကြောင်း။

မိမိတို့ အရာထမ်းကြီး ကျေးဇူးကြောင့် နောက်ထပ်စဉ်းစားရတဲ့ကိစ္စကတော့ အတူလာရောက်သူများ အတူစားနိုင်ရေးဖြစ်ပါကြောင်း၊ ကားတစ်စီးတည်း အတူ စုလာကြ၊ ဆိုင်ကယ်တစ်စီးတည်းပေါ် အတူထိုင်ပြီး လာကြသူတွေ စားသောက်ဆိုင်ရောက်မှ အတူမထိုင်ရဘူးဆိုတဲ့ကိစ္စ။ ဒါက လက်တွေ့အကျိုးရှိမဲ့ စည်းကမ်း မဟုတ်လို့ မသတ်မှတ်သင့်တာ တွေ့ရပါကြောင်း၊ အရေးကြီးတာက သူစိမ်းများနဲ့ ထိတွေ့မှုမရှိစေရန် ခွာထားတဲ့ စားပွဲခုံများအကြား အကာတွေ ထားဖို့ပဲ ဖြစ်ပါကြောင်း။

Covid ကြောင့် စဉ်းစားသင်ယူစရာတွေကို နေ့စဉ်နဲ့အမျှ တွေ့နေရပါကြောင်း၊ လွန်ကဲတယ်လို့ မရှိနိုင်တဲ့ ‘သတိ’ အား ကောင်းအောင် လေ့ကျင့်ရခြင်းကတော့ covid ကနေရတဲ့ တန်ဖိုးအရှိဆုံးသင်ခန်းစာပဲ ဖြစ်ပါကြောင်း ရေးသားဖော်ပြထားသည်။


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## အခွန့်ရှည်တည်တံ့စေရမည့် အဖိုးထိုက်ရတနာ

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ စေတီပုထိုးများ ဖောက်ထွင်းခံရမှု၊ ပုဂံခေတ်ဦး နံရံဆေးရေးပန်းချီများရှိသည့် လောကထိပ်ပန်ဘုရားမှ အကာအရံဝါးယင်းလိပ်ကို မီးရှို့မှု စသည့်သတင်းများက တွေ့မြင်ကြားသိရသူတိုင်း စိတ်မချမ်းမြေ့စရာဖြစ်သလို ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ရေးအတွက်လည်း ရတက်မအေးဖွယ် ဖြစ်ရသည်။

အကျယ်အဝန်း ဟက်တာ ၅၀၀၀ ကျော်ရှိသည့် နယ်မြေအတွင်း ရှေးဟောင်းစေတီပုထိုးပေါင်း ၃၈၀၀ ကျော် တည်ရှိနေသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ကြီးက ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုခဲ့ရာ မြန်မာတစ်မျိုးသားလုံး ဂုဏ်ယူမဆုံးဖြစ်ခဲ့ကြရသလို ပုဂံချစ်သူများနှင့် ပုဂံဒေသခံပြည်သူတို့မှာလည်း ပုဂံ၏ပစ္စုပ္ပန်နှင့် ပုဂံ၏အနာဂတ်အတွက် မျှော်လင့်ချက်များနှင့်အတူ ဝမ်းမြောက်အားတက်ခဲ့ကြသည်။ သို့ရာတွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကမ္ဘာတစ်ခွင်ကူးစက်ပြန့်ပွားခဲ့ပြီးနောက် ကမ္ဘာလှည့်ခရီးသွားလာမှုများ လုံးဝရပ်ဆိုင်းသွားခဲ့သလို မြန်မာနိုင်ငံအတွင်းရှိ ဒေသအသီးသီးတွင်လည်း ရောဂါကူးစက်မှု တားဆီးကာကွယ်ရေးအတွက် အသွားအလာများ ကန့်သတ်တားဆီးခဲ့ခြင်းကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာလည်း လူသူကင်းရှင်းကာ တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။ ယင်းအခြေအနေကပင် ပုဂံရှေးဟောင်းဘုရားစေတီများ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်စေသည့် အန္တရာယ်ကျရောက်စေခဲ့ခြင်း ဖြစ်သည်။

ပုဂံသည် ပထမမြန်မာနိုင်ငံတော်၏ ပြယုဂ်ဖြစ်ပြီး ကြီးကျယ်ခမ်းနားခဲ့သည့် အတိတ်သမိုင်းကို မျက်ဝါးထင်ထင် လက်ညှိုးထိုးပြနိုင်သည့် နေရာဖြစ်သည်။ သို့ရာတွင် နှစ်ပေါင်း ၁၀၀၀ ကျော် သက်တမ်းရှိပြီဖြစ်သည့်အတိုင်း ရာသီဥတုဘေးဒဏ်၊ ငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်နှင့် ခေတ်အဆက်ဆက်မှ လူမသမာတို့၏ဘေးတို့ကို ကာလရှည်ကြာစွာ အကြိမ်ကြိမ်ခံစားခဲ့ရပြီး ထိခိုက်ပျက်စီးမှု၊ ဆုံးရှုံးမှုတို့၏ တန်ဖိုးတို့မှာ များပြားလှပြီဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်၏ တန်ဖိုးဟုဆိုရာတွင် ငွေကြေးတန်ဖိုးကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ သမိုင်းတန်ဖိုး၊ အမွေအနှစ်လက်ရာ၏ တန်ဖိုးအပြင် နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာတန်ဖိုးတို့လည်း ပါဝင်နေခြင်းဖြစ်သည်။ မိမိတို့နိုင်ငံတွင် ခေတ်အဆက်ဆက်မှ ကျန်ရစ်ခဲ့သည့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ဒေသအနှံ့အပြားတွင် မြေပေါ်မှာရော မြေအောက်မှာပါ ရှိနေရာ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန် မျက်မှောက်ကာလမျိုးဆက်တို့၌ တာဝန်ရှိနေသည်။

ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ရာ ဥပဒေ၏ ရည်ရွယ်ချက်များအနက် ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ယင်းဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များအား သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ပြုလုပ်မှုကြောင့်ဖြစ်စေ၊ သစ်ပင်သစ်ဥကြောင့်ဖြစ်စေ၊ ပိုးမွှားများ၊ ငှက် တိရစ္ဆာန်များကြောင့်ဖြစ်စေ ယိုယွင်းဆုံးရှုံးပျက်စီးခြင်း မရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ဖျက်ဆီးမှုမခံရစေရေးအတွက် အကာအကွယ်ပေးရန် ဟူသော ရည်ရွယ်ချက်များလည်း ပါဝင်သည်။ ဥပဒေတွင် ပြစ်မှုနှင့် ပြစ်ဒဏ်များပါရှိရာ ရှေးဟောင်းအဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဖျက်ဆီးခြင်း၊ ရှေးဟောင်းအဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ၊ မူလရှေးဟောင်းအမည်ကိုဖြစ်စေ ပြောင်းလဲစေရန် တမင်ပြုလုပ်ခြင်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းရှာဖွေရန် တူးဖော်ခြင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုရှာဖွေရန် တူးဖော်ခြင်း စသည့်ပြစ်မှုများအနက် တစ်ခုခုကို ကျူးလွန်ကြောင်း ထင်ရှားပါက အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ခံရမည့်အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များသည် နိုင်ငံသူ နိုင်ငံသားများအားလုံး အမွေဆက်ခံထားကြရသည့် တစ်မျိုးသားလုံးပိုင်ဆိုင်သည့် အဖိုးထိုက်ရတနာများပင်ဖြစ်ရာ မိမိတို့ရှင်သန်စဉ်ကာလတစ်လျှောက် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သလို အနာဂတ်မျိုးဆက်သစ်များသို့လည်း လက်ဆင့်ကမ်းပေးအပ်ကာ အခွန့်ရှည် တည်တံ့စေရမည် ဖြစ်ပါကြောင်း။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

(က) မြန်မာ့စီးပွားရေးဘဏ်

| | | |
|---|---|---|
| Bank Name | – | Myanmar Economic Bank(H.O),Forex Operation |
| Account No. | – | CF 004880(MMK) |
| | – | EDN 600010(US$) |
| Swift Code | – | MYEBMMMY |
| Account Name | – | National Level Central Committee for Prevention Containment and Treatment of Covid 19 |
| Bank Address | – | Myanmar Economic Bank(H.O), Loan & Supervision Dept.,No.(26) Thiri Kyaw Swa Road, Bank Zone, Naypyitaw Myanmar |

(ခ) ကမ္ဘောဇဘဏ်

| | | |
|---|---|---|
| Bank Name | – | KBZ Bank Ltd. |
| Account No. | – | 034 103 034 0232 8301 (MMK) |
| | – | 034 109 034 0232 8301 (US$) |
| Swift Code | – | KBZBMMMY |
| Account Name | – | Coronavirus Disease 2019 (COVID–19) (National Level Central Committee For Preventing and Containing the Virus) |
| Bank Address | – | No.53,6 Story Office Building, Corner of Merchant Road & Bosonpat Street, Pabedan Township, Yangon, Myanmar |
| Branch Address | – | No.1, Bank Ward, Oakataya Thiri Township, Naypyitaw |

(ဂ) ရာဝတီဘဏ်

| | | |
|---|---|---|
| Account No. | – | 000 110 501 002 5635 (MMK) |
| | – | 000 110 503 000 0425 (US$) |
| Swift Code | – | AYABMMMY |
| Account Name | – | CORONAVIRUS DISEASE 2019 (COVID–19) NATIONAL CENTERS FOR DISEASE CONTROL AND PREVENTION COMMITTEE |
| Bank Address | – | No.416/ Mahabandoola Road, Kyauktada Township, Yangon, Myanmar |
| Branch Address | – | No.(110–112), Thiri Yadanar Shopping Complex, Datkhina Thiri Township, Naypyitaw |

(ဃ) CB ဘဏ်

| | | |
|---|---|---|
| Account No. | – | 0093 1005 0000 1333 (MMK) |
| | – | 0093 1012 0000 2957 (US$) |
| Swift Code | – | CPOBMMMY |
| Account Name | – | CORONAVIRUS DISEASE 2019 (COVID–19) DONATION |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန် -

| စဉ် | အမည် | ရာထူး/ဌာန | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဒေါ်ခင်လေးညို | ညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၆၇၃-၄၁၁၁၄၀<br>၀၉-၄၂၈၃၀၃၈၅၃ |
| (ခ) | ဒေါက်တာ အေးမြမြကျော် | ဒုတိယညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၉-၅၀၉၂၂၉၃ |

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## မြို့ပြဒေသနှင့် ဝေးလံခေါင်ဖျားပြီး နွမ်းပါးသည့် တောင်ပေါ်ဒေသများသို့ မီးစက်နှင့် ဆန်၊ ဆီများ ထောက်ပံ့လှူဒါန်း

**ပျဉ်းမနား ဇွန် ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် မြို့ပြဒေသနှင့် အလှမ်းကွာဝေးပြီး စီးပွားရေးမဖွံ့ဖြိုးသည့် တောင်ပေါ်ဒေသရှိ ကျေးရွာများသို့ သွားရောက်လှူဒါန်းခြင်းကို ဇွန် ၈ ရက်က ပြုလုပ်သည်။



ထိုသို့ လှူဒါန်းမှုပြုလုပ်ရာတွင် ပျဉ်းမနားမြို့နှင့် အလှမ်းကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြမ်းတမ်းသည့် အရှေ့တောင်ပေါ်ဒေသဖြစ်သော ရွာပိန်ကျေးရွာ မီးရရှိရေးအတွက် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ဖြူစင်စေတနာပရဟိတအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဖြိုးဝေနှင့် ပရဟိတအသင်းဝင်များက မီးစက်ကြီးတစ်လုံး၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်မှ ဒေါ်ခိုင်ဇင်ဝင်း (ရင်ခတ်ပန်း - နေပြည်တော်) ဦးဆောင်သည့် ပရဟိတအဖွဲ့ဝင်များက အလယ်ချောင်း(အောက်)ကျေးရွာရှိ ဒေသခံများအတွက် ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များ၊ ကျောင်းသားကျောင်းသူများ ကျောင်းဖွင့်ချိန်အမီ အသုံးပြုနိုင်ရန် မိုးကာအင်္ကျီ၊ ကျောင်းဝတ်စုံ၊ အဖြူ အစိမ်း၊ သင်ထောက်ကူပစ္စည်းများကို ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်တာနှင့် တာဝန်ရှိသူများထံသို့ လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ယခုလှူဒါန်းမှုပြုသည့် အလယ်ချောင်းရွာနှင့် ရွာပိန်ကျေးရွာမှ ဒေသခံများသည် လက်ငုတ်စီးပွားရေးလုပ်ငန်းအဖြစ် မျှစ်ချိုး၊ ဝါးခုတ်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြရသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးကာ ဆင်းရဲနွမ်းပါးလျက်ရှိသည့်အတွက် အဆိုပါ ကျေးရွာရှိ ဒေသခံများအတွက် လှူဒါန်းလိုပါက ဦးမောင်မောင်တာ (ကျောင်းအုပ်ဆရာကြီး) ဖုန်း ၀၉-၇၉၇၅၀၆၂၇၇၊ ဒေါ်ခိုင်ဇင်ဝင်း (ရင်ခတ်ပန်း-နေပြည်တော်) ဖုန်း ၀၉ - ၇၇၆၀၈၄၂၂၇ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် လူမှုရေးဝန်ကြီးများ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရေး ဗီဒီယိုကွန်ဖရင့်ဖြင့် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇွန် ၁၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ကျင်းပသော အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။ **(ယာပုံ)**





အဆိုပါဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ လူမှုရေးဝန်ကြီးများ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

### ဖော်ပြအသိပေးလျက်ရှိ

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဇူလိုင်လအတွင်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် အထက်တန်းအဆင့်ကို ဦးစွာဖွင့်လှစ်ပြီး တွေ့ကြုံရမည့် အားနည်းချက်၊ လိုအပ်ချက်များကို ပြင်ဆင်ကာ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်များကို တစ်ဆင့်ချင်းစီ ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ ကျောင်းသို့မလာမီနှင့် လာရောက်စဉ် မိဘနှင့် ကျောင်းသား၊ ကျောင်းသူများ လိုက်နာရမည့်အချက်များ၊ ကျောင်းသို့ရောက်ရှိပြီး စာသင်ကြားချိန်တွင် ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ကျောင်းသူများ လိုက်နာရမည့် အချက်များ၊ မုန့်စားနားချိန်နှင့် ထမင်းစားနားချိန်တွင် ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများ လိုက်နာရမည့် အချက်များ၊ စာသင်ကြားပြီး ကျောင်းမှအပြန်တွင် မိဘနှင့် ကျောင်းသား၊ ကျောင်းသူများ လိုက်နာရမည့်အချက်များ၊ ကျောင်းတွင်းရှိ စာသင်ခန်းများတွင် ပြင်ဆင်ထားရှိရမည့် အချက်များကို သတင်းစာများတွင် ဖော်ပြအသိပေးလျက်ရှိပါကြောင်း။

ဦးစားပေးစီစဉ်ဆောင်ရွက်ရမည့် ကိစ္စရပ်များအနေဖြင့် သင်ယူမှုမဆုံးရှုံးစေရန် အလေးထားကာကွယ်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်၍ လုံခြုံဘေးကင်းရန်အတွက် စီမံဖြေရှင်းဖြည့်ဆည်းဆောင်ရွက်ရေး၊ ကျောင်းသား၊ ဆရာတစ်ဦးနှင့်တစ်ဦး အနည်းဆုံး ခြောက်ပေကွာခြား၍ သင်ကြားသင်ယူမှုများ ဆောင်ရွက်နိုင်ရေး၊ လူအုပ်စုမဖြစ်ပေါ်စေရန် လျှော့ချရေး၊ အတန်းလိုက် ကျောင်းတက်ချိန်၊ ကျောင်းဆင်းချိန်များ အချိန်လုံလောက်စွာ ခွာ၍ သတ်မှတ်ပေးရေး၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ပါက လုံခြုံဘေးကင်းရေး၊ အထူးသဖြင့် ကျောင်းသူများနှင့် ဆရာမများအား လူမှုကာကွယ်စောင့်ရှောက်ပေးရေး၊ ကျောင်းထွက်မှု အနည်းဆုံးဖြစ်ရေး၊ သင်ယူတတ်မြောက်မှု ပြန်လည်ကောင်းမွန်လာရေး၊ သင်ယူမှုအခွင့်အလမ်းများ ပိုမိုမျှတစွာ တိုးတက်ကောင်းမွန်လာရေးနှင့် အရည်အသွေး ပိုမိုကောင်းမွန်လာစေရေးအတွက် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း။

### အခမဲ့ဖြန့်ဝေပေးသွားရန် စီစဉ်

နိုင်ငံတစ်ဝန်း အထက်တန်းအဆင့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကျောင်းအရေအတွက်အနေဖြင့် တစ်သုတ်တက်ကျောင်း ၆၁၇ ကျောင်း၊ တစ်ပတ်ခြားတက်ကျောင်း ၂၄၇၁ ကျောင်း၊ တစ်ပတ်ခြား နှစ်သုတ်တက်ကျောင်း ၂၄၀၁ ကျောင်း၊ တစ်ပတ်ခြား နှစ်သုတ် သုံးရက်တက်ကျောင်း ၁၄၄ ကျောင်း ဖွင့်လှစ်နိုင်မည်ဟု စိစစ်ခန့်မှန်းထားပါကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ဆရာများနှင့် ကျောင်းသားများအားလုံး ပြန်လည်အသုံးပြုနိုင်သော အဝတ်နှာခေါင်းစည်း နှစ်ခုစီနှင့် မျက်နှာကာ တစ်ခုစီ အခမဲ့ဖြန့်ဝေသကဲ့သို့ ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ စသည်တို့ကို အခမဲ့ဖြန့်ဝေပေးသွားရန် စီစဉ်လျက်ရှိပါကြောင်း။

အခြေခံပညာ ဆရာ၊ ဆရာမများ ရာထူးတိုးခြင်း၊ ပြောင်းရွှေ့ခြင်း၊ ခန့်ထားခြင်းတို့ကို တိုင်းရင်းသားဒေသခံများကို ဦးစားပေး၍ စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကျောင်းများ ပြန်လည်မဖွင့်လှစ်မီ အချိန်မီပြီးစီးအောင် စီစဉ်ဆောင်ရွက်နေပါကြောင်းနှင့် ဆရာ၊ ဆရာမများ တာဝန်ကျရာ နေရာဒေသများသို့ အဆင်ပြေစွာ သွားရောက် တာဝန်ထမ်းဆောင်နိုင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးကူညီပေးပါရန် မေတ္တာရပ်ခံလိုပါကြောင်း။

သင်ရိုးညွှန်းတမ်းများနှင့် သင်တန်းများအတွက် စီစဉ်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ သင်ရိုးသစ် G-4,G-7,G-10 ကျောင်းသုံးဖတ်စာအုပ်အသစ်များ၊ ဆရာလမ်းညွှန်စာအုပ်အသစ်များ၏ ကာလတိုသင်ကြားသင်ယူမှု နည်းလမ်းများ၊ မွမ်းမံသင်တန်းများ (On-line Training အပါအဝင်) အတွက်လည်း အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီမှ တာဝန်ရှိသူများနှင့် ပူးပေါင်းလျက် ယခုပညာသင်နှစ်အတွက် စီစဉ်ဆောင်ရွက်မှုများနှင့် ကိုက်ညီသော သင်ရိုးမာတိကာ၊ သင်ခန်းစာများ စီစဉ်ဆောင်ရွက်သွားကြမည် ဖြစ်ပါကြောင်း၊ Home Assignment ပေး၍ သင်ယူတတ်မြောက်မှု ကောင်းမွန်ရေးကို အထောက်အကူပြုနိုင်ရန်အတွက်လည်း မိဘများ ပူးပေါင်းပါဝင်လာရေးကို အားပေးကာ ကာလတိုသင်တန်းများ စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

### ပူးပေါင်းကူညီ ဆောင်ရွက်ပေး

ကျန်းမာရေးအသိပညာပေးဆိုင်ရာ မွမ်းမံသင်တန်းများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ ပညာပေးဆောင်းပါးများ စီစဉ်ဆောင်ရွက်ခြင်း၊ ကျောင်းသား၊ ကျောင်းသူများအား အာဟာရတိုက်ကျွေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ခြင်း၊ ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ကျောင်းအပ်နှံသီတင်းပတ်တွင် လိုက်နာဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် လူမှုရေးဝန်ကြီးများအနေဖြင့် မိဘအုပ်ထိန်းသူ၊ ဆရာ၊ ဆရာမ၊ ပြည်သူများအားလုံးနှင့် ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လူမှုရေးဝန်ကြီးများနှင့် တက်ရောက်လာသူများက အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးကျင်းပ

**စစ်တွေ ဇွန် ၁၀**

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အစည်းအဝေး (၁/၂၀၂၀) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**




အစည်းအဝေးတွင် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု က ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိရာ အစည်းအဝေးများတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ်နှစ်ခုစသည်ဖြင့် အတည်ပြုမိန့် လျှောက်ထားသည်ကို တွေ့ရပါကြောင်း၊ ထိုသို့လျှောက်ထား ရင်းနှီးမြှုပ်နှံလာခြင်းသည် အောင်မြင်ကောင်းမွန်သော ရလဒ်ကောင်းများ ပင်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ရင်းနှီးမြှုပ်နှံမှုများ များများဝင်လာနိုင်အောင်၊ အလုပ်အကိုင်များလည်း ယခုထက်ပိုမိုရရှိလာအောင် ကြိုးစားဆောင်ရွက်သွားမည်ဆိုလျှင် တိုးတက်အောင်မြင်မှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍လည်း ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ အားလုံးကလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ တာဝန်ရှိသည့် ပုဂ္ဂိုလ်များ၊ ရင်းနှီးမြှုပ်နှံမည့် ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ စသည်ဖြင့် အားလုံးက လိုက်နာဆောင်ရွက်မှ အခက်အခဲများနည်းကာ အောင်မြင်မှုများ ရရှိမည်ဖြစ်ကြောင်းနှင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ကျေကျေဖြင့် ဆောင်ရွက်ရန်သာမက ယခုထက်ပိုပြီး လူနေမှုဘဝတိုးတက်လာအောင် စေတနာထားကာ ဝိုင်းဝန်းကြိုးစား ပူးပေါင်းဆောင်ရွက် ပေးကြရန် ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာ ထူးမင်းသိမ်းက အတည်ပြု လျှောက်ထားလွှာအပေါ် စိစစ်ထားရှိမှုအား ရှင်းလင်းတင်ပြပြီး ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် Min Htee Beach Development Company Limited မှ ဟိုတယ်နှင့် အပန်းဖြေစခန်း တည်ဆောက်၍ ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အတည်ပြုမိန့် ရယူ ဆောင်ရွက်ခွင့်ပြုရန် ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ကော်မတီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ကော်မတီအဖွဲ့ဝင်များက ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုမိန့်ရရှိသည့် Min Htee Beach Development Company Limited အား အတည်ပြုလွှာပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

❊ *ကျောဖုံးမှ*

မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသနိုင်ရေးအတွက် အားလုံးဝိုင်းဝန်း ကြိုးစားနေသည့် အချိန်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လက်ရှိအချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နှောင်းပိုင်းကာလတွင် ကျင်းပပေးရမည် ဖြစ်ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများသည် ပုံမှန် အခြေအနေတွင် ကျင်းပခဲ့ခြင်း ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် ကိုဗစ်-၁၉ ကာလနှင့် တိုက်ဆိုင်နေသည့်အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအနက်မှ မဲစာရင်း ကပ်ထားကြေညာသည့်ကာလ၊ မဲဆွယ်စည်းရုံးရေးကာလနှင့် မဲပေးသည့်နေ့တို့တွင် ပြည်သူလူထု စုဝေးခြင်းများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ မဲစာရင်းတွင် မိမိအမည်ပါမှသာ မဲပေးနိုင်မည်ဖြစ်သည့်အတွက် မဲစာရင်းကပ်ထားကြေညာသည့်အချိန်တွင် မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်း လာရောက်ကြည့်ရှုရမည် ဖြစ်ပါကြောင်း၊ ထိုသို့ကြည့်ရှုရာတွင် လူစုလူဝေးဖြစ်နိုင်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်များ online မှ မဲစာရင်းကြည့်ရှုနိုင်ရန် Mobile Application ကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲဆွယ်စည်းရုံးရေးကာလနှင့် မဲပေးသည့်နေ့တို့တွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ မည်သို့ဆောင်ရွက်မည်ကို ဝိုင်းဝန်းအကြံပြုဆွေးနွေးရန် လိုအပ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲရုံပေါင်း လေးသောင်းကျော် လျာထားပြီး မဲဆန္ဒရှင်ပေါင်း ၃၇ သန်းကျော် ရှိပါကြောင်း။

ရွေးကောက်ပွဲနေ့၌ မဲဆန္ဒရှင်ပြည်သူများ မဲရုံတွင် မဲစာရင်းကြည့်သည့်အချိန်နှင့် မဲပေးခြင်း ဆောင်ရွက်သည့်အချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ မည်သို့ဆောင်ရွက်ရမည်ကို သရုပ်ပြမဲရုံများ ပြသပြီး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သို့မှသာ မဲရုံများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လိုအပ်ချက်များကို စိစစ်သိရှိနိုင်ပြီး ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စများကို ကြိုတင်စီစဉ်နိုင်မည် ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ (၅) ချက်နှင့်အညီ ကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ကိုဗစ် - ၁၉ ရောဂါကြောင့် မဲဆန္ဒရှင်ပြည်သူများ စိုးရိမ်စိတ်မရှိစေဘဲ စိတ်အေးချမ်းသာစွာ မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ရည်ညွှန်းစာစောင်၊ စာအုပ်စာတမ်းများ လှူဒါန်း

ရန်ကုန် ဇွန် ၁၀

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ထုတ်ဝေသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်၊ စာအုပ်စာတမ်းများကို မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်သို့ လှူဒါန်းပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်နှင့် ရုံးဝန်ထမ်းများ တက်ရောက်ကြသည်။

လှူဒါန်းပေးအပ်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းက ရည်ညွှန်းစာစောင်၊ စာအုပ်စာတမ်းများပေးအပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ထုတ်ဝေသည့် စာအုပ်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။ ဆက်လက်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ထုတ်ဝေသည့် လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းများကို ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က ပြန်လည်ပေးအပ်ပြီး **(အပေါ်ပုံ)** ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။ **သတင်းစဉ်**

# မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး သမိုင်းဝင်ရုပ်ရှင်ဇာတ်ကားများ ဖော်ထုတ်ပြသရေး ဆပ်ကော်မတီနှင့် ပြခန်းများ ခင်းကျင်းပြသရေး ဆပ်ကော်မတီတို့၏ ဒုတိယအကြိမ်ညှိနှိုင်း

ရန်ကုန် ဇွန် ၁၀

မြန်မာ့ရုပ်ရှင်ရာပြည့် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး သမိုင်းဝင်ရုပ်ရှင် ဇာတ်ကားများ ဖော်ထုတ်ပြသရေး ဆပ်ကော်မတီနှင့် ပြခန်းများ ခင်းကျင်းပြသရေး ဆပ်ကော်မတီတို့၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးများကို ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

သမိုင်းဝင်ရုပ်ရှင်ဇာတ်ကားများ ဖော်ထုတ်ပြသရေး ဆပ်ကော်မတီ အစည်းအဝေးကို နံနက်ပိုင်းတွင် ကျင်းပရာ ဆပ်ကော်မတီ ဥက္ကဋ္ဌ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး နာယက ဦးနှင်းမိုးနှင့် ဆပ်ကော်မတီဝင်များက ၁၉၅၂ ခုနှစ် နောက်ပိုင်း အကယ်ဒမီရရှိခဲ့သည့် ရုပ်ရှင်ဇာတ်ကားများကို သမိုင်းဝင်ရုပ်ရှင်ဇာတ်ကားများအဖြစ် သတ်မှတ်ရေး၊ ရုပ်ရှင် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ် ယခင်က ထင်ရှားကျော်ကြားခဲ့သည့် သမိုင်းဝင်ဇာတ်ကားများကို ဒစ်ဂျစ်တယ်စနစ်ပြုလုပ်၍ ရုပ်ရှင်ရုံများ၌ ဖော်ထုတ်ပြသရေး၊ သမိုင်းဝင် ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် ထူးချွန် ဝါရင့်အနုပညာရှင်များ၊ သရုပ်ဆောင်များနှင့် ရုပ်ရှင်ပညာရပ်နယ်ပယ်တွင် ထူးချွန်ထင်ရှားခဲ့သည့် ပုဂ္ဂိုလ်များကို အင်တာဗျူးဆောင်းပါးများ ရေးသားရိုက်ကူးဖော်ပြရေး၊ သမိုင်းဝင်ရုပ်ရှင် ဇာတ်ကားများ၊ ရုပ်ရှင်တေးသီချင်းများ၊ ရုပ်ရှင်ရာပြည့်အစီအစဉ်များနှင့် အကယ်ဒမီ သမိုင်းကြောင်းများကို ရုပ်သံများနှင့် မြန်မာ့ရုပ်မြင်သံကြားတို့တွင် ရိုက်ကူးထုတ်လွှင့်ပြသရေးတို့ကို ဆွေးနွေးသည်။

ပြခန်းများ ခင်းကျင်းပြသရေး ဆပ်ကော်မတီ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်မြင့်မြတ် ကိုယ်စား ဆပ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဦးကြည်စိုးထွန်းနှင့် ဆပ်ကော်မတီဝင်များက မြန်မာ့ရုပ်ရှင် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ပြခန်းများ၊ ပြသမည့်နေရာများ လျာထားမှုအခြေအနေ၊ မြန်မာ့ရုပ်ရှင် ဖြတ်သန်းခဲ့သည့် သမိုင်းတစ်လျှောက် အသုံးပြုခဲ့သော စက်ကိရိယာပစ္စည်းများ၊ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသနိုင်ရေး၊ မြန်မာ့ရုပ်ရှင် ငွေရတု၊ ရွှေရတု၊ စိန်ရတု အခမ်းအနားများ ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသရေးနှင့် ခေတ်အဆက်ဆက် ရိုက်ကူးထုတ်လွှင့်ခဲ့သည့် ဇာတ်ကားများမှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ အသုံးပြုခဲ့သည့် ဇာတ်ဝင်ခန်းသုံးပစ္စည်းများ၊ အကယ်ဒမီ ပြခန်း၊ ကာတွန်း ရုပ်ရှင်၊ ဇာတ်လမ်းတို ရုပ်ရှင်များ ခင်းကျင်းပြသရေး၊ အများပြည်သူပရိသတ်နှင့် ရုပ်ရှင်အနုပညာရှင်များ ရင်းနှီးမှုပိုမိုရရှိစေမည့် ဓာတ်ပုံ၊ ဗီဒီယို ရိုက်ကူးပြီး အမှတ်တရဖြစ်စေမည့် ပြခန်း ထည့်သွင်းပြသရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။



ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သမိုင်းဝင်ဇာတ်ကားများ ရွေးချယ် စုဆောင်း၍ ပြသနိုင်ရေး၊ အကယ်ဒမီများရှင် သရုပ်ဆောင်များနှင့် တွေ့ဆုံဆွေးနွေးခန်းများ ရိုက်ကူးရေး၊ ရုပ်ရှင်တေးသီချင်းများ ဖော်ထုတ်ပြသနိုင်ရေး၊ ပြခန်းများ ပြသရေးတို့နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ဥမ္မာ၊ ရီရီ

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဇွန် ၁၀

ယနေ့မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

မြန်မာ့အလင်း

# အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့နှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့ ပူးပေါင်း၍ စေတနာ့ဝန်ထမ်းများ ဆင့်ပွားသင်တန်းပို့ချ

မလှိုင် ဇွန် ၁၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့ ပူးပေါင်း၍ စေတနာ့ဝန်ထမ်းများ ဆင့်ပွားသင်တန်းပို့ချခြင်းကို ဆောင်ရွက်သည်။

အဆိုပါ သင်တန်းတွင် မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအောင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတို့က အမှာစကား ပြောကြားသည်။

စေတနာ့ဝန်ထမ်းများ ဆင့်ပွားသင်တန်းတွင် မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ ဒေါက်တာ နိုင်လင်းအောင်နှင့် ဒေါက်တာ ပိုင်ငြိမ်းဦးတို့က စေတနာ့ ဝန်ထမ်းများ၏ အခန်းကဏ္ဍ၊ စေတနာ့ဝန်ထမ်း တာဝန်၊ လုပ်ငန်းများနှင့် ကိုဗစ်-၁၉ ရောဂါအကြောင်း၊ ရောဂါ ကာကွယ်ခြင်းနည်းလမ်းများ၊ သံသယလူနာအား ညွှန်ကြားခြင်း၊ ဦးတည်အုပ်စုအလိုက် ညွှန်ကြားမှုပေးခြင်း၊ အသွားအလာကန့်သတ်စောင့်ကြည့်ခံနေရသူများ၏ စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုပေးခြင်းနှင့် ပြောဆိုဆက်ဆံရေးတွင် ကျွမ်းကျင်မှုရှိအောင် သင်ပြပို့ချခြင်းများ ဆောင်ရွက်သည်။

မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှထွန်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ မြို့နယ်ပြည်သူ့ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာ နေမင်းမျိုးထွန်း၊ မိတ္ထီလာခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းငွေ၊ မလှိုင်မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးကိုကိုအောင်၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ရေး ပရဟိတလုပ်ငန်းများ ဆောင်ရွက်နေသည့် saving mahlaing အဖွဲ့၊ အသွားအလာကန့်သတ်စောင့်ကြည့်စခန်းများအား ထမင်းချက်ပြုတ် ကျွေးမွေးနေသည့် QCSG Mahlaing အဖွဲ့သားများ တက်ရောက်ခဲ့သည်။



သင်တန်းကိုသုံးရက်ကျင်းပမည်ဖြစ်ပြီး တစ်ရက်လျှင် စေတနာ့ဝန်ထမ်း ၁၀၀ တက်ရောက်လျက်ရှိသည်။

ဘိုဘို (မလှိုင်)

# သူနာပြု/သားဖွား/ နီးနွယ်သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီး၊ ကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများ၏ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ အဆင့်မြင့်မားမှုရှိပါက ဘက်စုံဖွံ့ဖြိုးသည့် သူနာပြုနှင့် သားဖွားဆရာမများ ထွက်ပေါ်လာမည်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သူနာပြု/ သားဖွား/ နီးနွယ်သင်တန်းကျောင်း ၅၃ ခုမှ ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများနှင့် Video Conferencing စနစ်ဖြင့် ဆွေးနွေးညှိနှိုင်းပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၁၀**

သူနာပြု/ သားဖွား/ နီးနွယ်သင်တန်းကျောင်း ၅၃ ခုမှ ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများနှင့် Video Conferencing စနစ်ဖြင့် ဆွေးနွေးညှိနှိုင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သူနာပြု/ သားဖွား/ နီးနွယ်သင်တန်းကျောင်း ၅၃ ခုသည် အရည်အသွေးပြည့်ဝပြီး ကျင့်ဝတ်နှင့်ညီသော သူနာပြု/သားဖွားများကို မွေးထုတ်ပေးနေသည့်အတွက် ၎င်းကျောင်းများ၏ အခန်းကဏ္ဍသည် နိုင်ငံ၏ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးအရေးကြီးပါကြောင်း၊ ထိုသို့ မွေးထုတ်ရာ၌ ကျောင်းအုပ်ကြီး၊ ကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများ၏ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုစွမ်းရည် မြင့်မားမှု၊ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ အဆင့်မြင့်မားမှုရှိပါက ဘက်စုံဖွံ့ဖြိုးသည့် သူနာပြုနှင့် သားဖွားဆရာမများ ထွက်ပေါ်လာမည် ဖြစ်ပါကြောင်း၊ သူနာပြုများ၊ သားဖွားဆရာမများကို လေ့ကျင့်မွေးထုတ်ရာတွင် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ စွမ်းဆောင်ရည်သာမက ကျင့်ဝတ်များ လိုက်နာဆောင်ရွက်မှု ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသည့် သူနာပြု/သားဖွားနှင့် နီးနွယ်သင်တန်းကျောင်းများမှ တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်း။

**ကျောင်းများပြန်ဖွင့်နိုင်ရေး ဆွေးနွေး**

ယနေ့ အစည်းအဝေးတွင် သူနာပြု/ သားဖွား/ နီးနွယ်သင်တန်းကျောင်းများကို စနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ သင်ကြားရေးနှင့် အုပ်ချုပ်စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ပိုမိုကောင်းမွန်စေရန်အတွက် မိသားစုသဖွယ် ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြုကြရမည် ဖြစ်ပါကြောင်း။

ကျောင်းများ ပြန်ဖွင့်သည့်အခါ အဓိကဆောင်ရွက်ရမည့် ကိစ္စမှာ ကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ကိစ္စရပ်ပင် ဖြစ်ပါကြောင်း၊ လူတိုင်းသည် အချိန်တိုင်းတွင် အသက်ရှူနေရသည် ဖြစ်သည့်အတွက် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်သည့် ၎င်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှာ အခြားလမ်းကြောင်းများမှ ကူးစက်သည့်ရောဂါများနှင့် နှိုင်းယှဉ်ပါက ဖြစ်ပွားကူးစက်နိုင်ခြေ ပိုမိုများပါကြောင်း၊ ကျောင်းအုပ်ကြီးများအနေဖြင့် ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာတို့၌ ဖော်ပြထားသည့် အချက်အလက်များကို သေချာစွာ လေ့လာကာ မိမိတို့ကျောင်းများ၌ ပညာပေးနှိုးဆော်ခြင်း၊ ပိုစတာများ ကပ်ထားခြင်းတို့ကို ပုံမှန်ပြုလုပ်ရမည့်အပြင် သင်တန်းသူ သင်တန်းသားများ လိုက်နာမှု ရှိ၊ မရှိကိုလည်း အမြဲတမ်းသုံးသပ်ကာ လိုအပ်သလို ပညာပေးလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုများ စိတ်ချကောင်းမွန်သည့် အချိန်အထိ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

**ကိုဗစ်-၁၉ သဘောသဘာဝ**

ကျောင်းအုပ်ကြီးများအနေဖြင့် ၎င်း ကိုဗစ်-၁၉ ရောဂါ၏ သဘောသဘာဝဖြစ်စဉ် (natural history of COVID-19) ကို ပြည့်စုံစွာ မသိရှိသေးခြင်း၊ မြန်မာနိုင်ငံတွင် တွေ့ရှိရသော လူနာများ၏ ထက်ဝက်ခန့်သည် ရောဂါလက္ခဏာမပြဘဲ ပိုးတွေ့သော သူများဖြစ်ခြင်း၊ ကိုဗစ်-၁၉ အတွက် တိကျပြတ်သားသည့် ကုထုံးများ မရှိသေးခြင်း၊ ရောဂါပျိုးချိန်ကာလ ကြာရှည်ခြင်း၊ ကူးစက်မှု မြန်ဆန်နိုင်ခြင်း စသည့်အချက်များကို သိရှိရန် လိုအပ်ပါကြောင်း၊ သူနာပြု-သားဖွား ဒီပလိုမာ သုံးနှစ်သင်တန်း နောက်ဆုံးနှစ် စာမေးပွဲဖြေဆိုရန် ကျန်ရှိသော သင်တန်းသား သင်တန်းသူ ၈၇၂ ဦး စာမေးပွဲဖြေဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုလက်ရှိတွင် ဝန်ကြီးဌာန၏ သူနာပြု/ သားဖွား/ နီးနွယ်သင်တန်းကျောင်းများ၌ တက်ရောက်နေသည့် သူနာပြုသင်တန်းသား သင်တန်းသူ ၉၆၂၂ဦးနှင့် သားဖွားသင်တန်းသူ ၆၃၈ ဦး ရှိပါကြောင်း၊ အဆိုပါ သင်တန်းသား သင်တန်းသူများ သင်တန်းပြီးမြောက်ပြီး အလုပ်ခွင်သို့ ဝင်ရောက်သည့်အခါ လက်ရှိ ဝန်ကြီးဌာန၏ ကျန်းမာရေးဌာနများတွင် တာဝန်ထမ်းဆောင်နေသော သူနာပြုနှင့် သားဖွားဆရာမများ၏ လုပ်ငန်းဝန်ပိနေမှုများ လျော့နည်းလာမည် ဖြစ်ပါကြောင်း။

**ဘက်စုံဖွံ့ဖြိုးရေး ပံ့ပိုးပေးမည်**

ဝန်ကြီးဌာနအနေဖြင့် သူနာပြု၊ သားဖွားလောကတစ်ခုလုံး ဘက်စုံတိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေး သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံ သူနာပြုလောကတွင် ပထမဦးဆုံးအကြိမ်အဖြစ် သူနာပြုတက္ကသိုလ် (ရန်ကုန်)တွင် သူနာပြု ဆရာမများထဲမှ ရာထူးအဆင့်ဆင့် တိုးမြှင့်ခဲ့သူတစ်ဦးကို ပါမောက္ခချုပ်အဖြစ် တာဝန်ပေးအပ်နိုင်ခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ သူနာပြုတက္ကသိုလ်၊ သူနာပြု/ သားဖွား/ နီးနွယ်သင်တန်းကျောင်းများမှ ဆရာ၊ ဆရာမများအနေဖြင့် ပါရဂူဘွဲ့သင်တန်းများ ပိုမိုတက်ရောက်ကြစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ထိုသို့ ပိုမိုတက်ရောက်နိုင်ရေး အခွင့်အလမ်းများကိုလည်း ပေးအပ်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနမှ သုတေသနရန်ပုံငွေများကိုလည်း သိသာစွာတိုးမြှင့် ချထားပေးလျက်ရှိရာ တက္ကသိုလ်၊ သင်တန်းကျောင်းတိုင်းတွင် အသုံးချသုတေသနများ လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ တက္ကသိုလ်နှင့် သင်တန်းကျောင်းများတွင် သင်ကြားသင်ယူမှုပုံစံများ ပိုမိုကောင်းမွန်စေရေးအတွက် မွမ်းမံပြင်ဆင်သင့်သည်များ ရှိပါကလည်း မွမ်းမံကြစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သူနာပြုတက္ကသိုလ်၊ သူနာပြု/ သားဖွား/ နီးနွယ်သင်တန်းကျောင်းများ ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်နှင့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်တင်လေးတို့က ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူး (သူနာပြု)၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

**သတင်းစဉ်**

# AA အကြမ်းဖက်သောင်းကျန်းသူများ ဖြိုချဖျက်ဆီးခဲ့သည့် ချင်းပြည်နယ် ပလက်ဝမြို့ရှိ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံအား တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၀**

ချင်းပြည်နယ် ပလက်ဝမြို့၏ အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာ တောင်ကုန်းပေါ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်တာဝါတိုင်အား မေ ၇ ရက် ည ၁၀ နာရီခန့်တွင် AA အကြမ်းဖက် သောင်းကျန်းသူများက ဖြိုချဖျက်ဆီးခဲ့သည့်အတွက် ပျက်စီးမှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ၎င်းစက်ရုံမှ ဝန်ထမ်းများက ဇွန် ၅ ရက် မွန်းလွဲပိုင်းတွင် စက်ရုံတည်ရှိရာ မှန်ပြတောင်ပေါ်သို့ သွားရောက်စစ်ဆေးခဲ့ကြသည်။



ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ လွှင့်စက်ခန်း (ပင်မအဆောက်အအုံ) ပျက်စီးနေမှုကို တွေ့ရစဉ်။

စစ်ဆေး တွေ့ရှိချက်များအရ ပလက်ဝ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၏ လွှင့်စက်ခန်း အဆောက်အအုံမှာ ခေါင်မိုးများ၊ နံရံများ၊ မျက်နှာကြက်များ ပျက်စီးခဲ့ပြီး မီးစက်အဆောက်အအုံမှာ ခေါင်မိုးသွပ်ပြားများ ပေါက်ပြဲပျက်စီးသွားခဲ့ကြောင်း၊ ထို့ပြင် စက်ခန်းအတွင်း တပ်ဆင်ထားသော 500 Watt TV Transmitter နှစ်လုံး အပါအဝင် စက်ပစ္စည်း လေးမျိုး လောင်ကျွမ်းပျက်စီးခဲ့ကြောင်း၊ မီးစက်အဆောက်အအုံအတွင်းရှိ 7.5 KVA မီးစက်တစ်လုံးနှင့် 5.0 KVA မီးစက်တစ်လုံး စုစုပေါင်း မီးစက်နှစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ထို့ပြင် ရုံးသုံးပရိဘောဂ လေးမျိုးလည်း ပျက်စီးသွားခဲ့ကြောင်း။

တာဝါတိုင်မှာ အရှေ့တောင်ဘက်သို့ လဲပြိုကျနေသည်ကို တွေ့ရှိရကြောင်းနှင့် ရုပ်သံဖမ်းယူသည့် စလောင်း(TVRO)မှာလည်း မူလအနေအထားအတိုင်းမရှိဘဲ ပျက်စီးနေသည်ကို တွေ့ရှိရကြောင်း။

အဆိုပါ ပလက်ဝရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ၁၉၉၈ ခုနှစ် မတ် ၁၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ကာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ပင်မအဆောက်အအုံ စတိုခန်း ပျက်စီးနေမှုကို တွေ့ရစဉ်။



ရုပ်သံဖမ်းယူသည့် စလောင်း (TVRO) ပျက်စီးနေမှုကို တွေ့ရစဉ်။

# ကမ္ဘာ့ကလေးအလုပ်သမားပပျောက်ရေးနေ့နှင့် မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်

မြင့်မြတ်ရန်ပိုင်

**ကမ္ဘာ့ကလေးအလုပ်သမားပပျောက်ရေးနေ့ (၂၀၂၀)**

ဇွန်လ ၁၂ ရက်နေ့သည် ကမ္ဘာ့ကလေးအလုပ်သမား ပပျောက်ရေးနေ့ ဖြစ်ပါသည်။ နှစ်စဉ် ဇွန်လ ၁၂ ရက်နေ့ကို ကမ္ဘာ့ကလေးအလုပ်သမား ပပျောက်ရေးနေ့အဖြစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) က ၂၀၀၂ ခုနှစ် ဇွန်လ ၁၂ ရက်နေ့က စတင်သတ်မှတ်ခဲ့ပြီး ဦးတည်ချက်၊ အကြောင်းအရာခေါင်းစဉ်တစ်ခုစီကို နှစ်စဉ် သတ်မှတ်ကာ ကမ္ဘာအနှံ့နိုင်ငံတိုင်းတွင် ကလေးအလုပ်သမား ပပျောက်ရေးအခမ်းအနားများ၊ အထိမ်းအမှတ် လှုပ်ရှားမှုများကို ကျင်းပခဲ့ကြပါသည်။ ယခု ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ကလေးအလုပ်သမား ပပျောက်ရေးနေ့အတွက် အကြောင်းအရာ၊ ခေါင်းစဉ်အဖြစ် ကိုဗစ်-၁၉၊ ကလေးများအား ကလေးအလုပ်သမားမဖြစ်စေဖို့ ယခင်ကထက် ပိုတိုးလို့ ယခုပင် ကာကွယ်စို့ "COVID-19; Protect children from child labour, now more than ever" ဟု သတ်မှတ်ပေးထားပါသည်။

ယမန်နှစ် နှစ်ကုန်ပိုင်းနှင့် ယခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါသည် မည်သူကမျှ ကြိုတင်ခန့်မှန်းထားနိုင်ခြင်း မရှိဘဲ ကမ္ဘာ့နိုင်ငံများကို ကပ်ရောဂါအသွင် အံ့သြတုန်လှုပ်ဖွယ်ရာ ပျံ့နှံ့ဖြစ်ပွားခဲ့ပြီး လူ့အသက်ပေါင်းများစွာ ဆုံးရှုံးစေခဲ့သည်သာမက ကမ္ဘာ့စီးပွားရေး၊ အလုပ်အကိုင်နှင့် အလုပ်သမား ဈေးကွက်အပေါ်တွင်လည်း ကြီးမားသည့် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာကာ ဝင်ငွေလျော့နည်း ဆုံးရှုံးမှု၊ အလုပ်လက်မဲ့ဖြစ်ပွားမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ယင်းသို့ဖြစ်ပွားခဲ့ရာတွင် ထိရှလွယ်သည့်အုပ်စုတွင်ရှိနေသည့် ကလေးများသည်လည်း ဆိုးကျိုးသက်ရောက်မှုများကို ရှေ့တန်းမှ ထိခိုက်နစ်နာခံစားခဲ့ကြရပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ၏ အကျိုးဆက်ဖြစ်သည့် လက်ရှိကမ္ဘာ့စီးပွားရေး အကျပ်အတည်းများကြောင့် ကလေးသန်းပေါင်းများစွာသည် ကလေးအလုပ်သမား အဖြစ်သို့ ရောက်ရှိသွားနိုင်ပါသည်။ ကမ္ဘာ့စစ်တမ်းများအရ ကလေးအလုပ်သမား ၁၅၂ သန်းခန့်သည် ကလေးအလုပ်သမားများအဖြစ် အလုပ်လုပ်နေကြရပြီး ၎င်းအထဲမှ ၇၂ သန်းခန့်သည် အန္တရာယ်ရှိသောလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေကြရကြောင်း သိရပါသည်။ အဆိုပါ ကလေးအလုပ်သမားများသည် ပိုမိုခက်ခဲကြမ်းတမ်းသည့် ပတ်ဝန်းကျင်တွင် လုပ်ကိုင်နေကြရပြီး ခက်ခဲ၍ အန္တရာယ်ရှိသည့်အလုပ်များကို အလုပ်ချိန် ရှည်ကြာစွာ လုပ်ကိုင်နေကြရပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ဆိုးရွားစွာ ဖြစ်ပွားနေသည့် ယခုအချိန်ကာလတွင် ကလေးများအား ကလေးအလုပ်သမားမဖြစ်လာစေရေး ယခင်ကာလများထက် ပိုမိုကာကွယ်ကြရန် တိုက်တွန်းနှိုးဆော်သည့် အကြောင်းအရာကို ယခုနှစ်အတွက် ဦးတည်ချက်ခေါင်းစဉ်အဖြစ် သတ်မှတ်ခြင်းသည် အချိန်အခါ အခြေအနေနှင့် အလွန်လိုက်ဖက်ဆီလျော်သည်ဟု ဆိုရပါမည်။

ယခုနှစ်တွင် ကမ္ဘာ့ကလေးအလုပ်သမားပပျောက်ရေးနေ့ အခမ်းအနားနှင့် လှုပ်ရှားမှုများကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) သည် The Global March Against Labour အဖွဲ့၊ The International Partnership for cooperation on child labour in Agriculture (IPCCLA) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများရှိ ကလေးအလုပ်သမားများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရပါသည်။ ထို့အတူ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ကလေးအလုပ်သမားများနှင့် ကလေးအလုပ်သမားလျော့နည်းပပျောက်ရေးဆောင်ရွက်မှုများအပေါ် အကျိုးသက်ရောက်မှုများ စာတမ်းကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၂ ရက်နေ့တွင် ထုတ်ပြန်သွားရန်ရှိပြီး ၎င်းစာတမ်းနှင့် ကိုဗစ်-၁၉ အကျပ်အတည်းကာလအတွင်းမှ ကလေးအလုပ်သမားများ၏ ရှေ့အနာဂတ်ကို မျှော်ကြည့်ခြင်းခေါင်းစဉ်ဖြင့် အဆင့်မြင့်အရာရှိကြီးများက Onlineမှ တွေ့ဆုံဆွေးနွေးရန်ရှိကြောင်း သိရပါသည်။

အလားတူ မြန်မာနိုင်ငံရှိ ILO ဆက်သွယ်ညှိနှိုင်းရေးရုံး အနေဖြင့် ကလေးအလုပ်သမားပပျောက်ရေးနေ့ လှုပ်ရှားမှုကာလကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၂ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ သတ်မှတ်ထားပြီး လှုပ်ရှားမှုများအဖြစ် သတင်းစာရှင်းလင်းပွဲများ၊ သတင်းထုတ်ပြန်မှုများ ပြုလုပ်ခြင်း၊ လူမှုမီဒီယာများဖြစ်သည့် Facebook၊ Twitter အပါအဝင် အခြားသောမီဒီယာများ၊ Website များမှတစ်ဆင့် အသိပညာပေးခြင်း၊ ထုတ်ပြန်ကြေညာခြင်းများ ပြုလုပ်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Bill Board များ၊ ပိုစတာများစိုက်ထူခြင်း၊ တီဗွီနှင့် ရေဒီယိုများမှတစ်ဆင့် ကလေးအလုပ်သမားပပျောက်ရေး ဇာတ်လမ်းတိုများ ထုတ်လွှင့်ပြသခြင်းနှင့် ရန်ကုန်မြို့ရှိ အများပြည်သူများနှင့် သက်ဆိုင်သည့်နေရာများ၌ ဓာတ်ပုံပြပွဲများ ပြုလုပ်ခြင်းများ လုပ်ဆောင်ရန်စီစဉ်ထားကြောင်း သိရှိရသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်ရှင် အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများကလည်း ပူးပေါင်းပါဝင်လှုပ်ရှားဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရပါသည်။

> **"ကိုဗစ်-၁၉ ကပ်ရောဂါ၏ အကျိုးဆက်ဖြစ်သည့် လက်ရှိကမ္ဘာ့စီးပွားရေး အကျပ်အတည်းများကြောင့် ကလေးသန်းပေါင်းများစွာသည် ကလေးအလုပ်သမားအဖြစ်သို့ ရောက်ရှိသွားနိုင်ပါသည်။ ကမ္ဘာ့စစ်တမ်းများအရ ကလေးအလုပ်သမား ၁၅၂ သန်းခန့်သည် ကလေးအလုပ်သမားများအဖြစ် အလုပ်လုပ်နေကြရပြီး ၎င်းအထဲမှ ၇၂ သန်းခန့်သည် အန္တရာယ်ရှိသောလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေကြရကြောင်း သိရပါသည်။ အဆိုပါ ကလေးအလုပ်သမားများသည် ပိုမိုခက်ခဲကြမ်းတမ်းသည့် ပတ်ဝန်းကျင်တွင် လုပ်ကိုင်နေကြရပြီး ခက်ခဲ၍ အန္တရာယ်ရှိသည့်အလုပ်များကို အလုပ်ချိန် ရှည်ကြာစွာ လုပ်ကိုင်နေကြရ"**

**မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေး**

စစ်တမ်းများအရ ကမ္ဘာပေါ်တွင် ၅ နှစ်မှ ၁၇ နှစ်အကြား ကလေးအလုပ်သမား ၁၅၂ သန်းခန့်ရှိရာ ၇ ဒသမ ၄ ရာခိုင်နှုန်းသည် အာရှနှင့် ပစိဖိတ်ဒေသတွင်ရှိနေကြပြီး စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍများတွင် အများစုရှိနေကာ အလုပ်လုပ်ကိုင်နေကြရကြောင်းကိုလည်း လေ့လာသိရှိရပါသည်။ ၂၀၁၈ ခုနှစ်တွင် ကောက်ယူခဲ့သော နှစ်စဉ်လုပ်သားအင်အားစစ်တမ်းအရ မြန်မာနိုင်ငံတွင် အသက် ၅ နှစ်မှ ၁၇ နှစ် အကြား ကလေးဦးရေ ၁၂ ဒသမ ၃၈ သန်းကျော်ရှိရာ ကလေးလုပ်သား လေးသိန်းကျော်ရှိပြီး သုံးသိန်းကျော်သည် အန္တရာယ်ရှိသည့်အလုပ်များတွင် လုပ်ကိုင်ရသော အသက် ၁၈ နှစ်အောက် ကလေးများဖြစ်သည်ကို တွေ့ရပါသည်။

နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝ မြင့်မားမှု၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများကလည်း ကလေးအလုပ်သမားအသုံးပြုရသည့် အဓိကအခြေခံအကြောင်းအရင်းများနှင့် တိုက်ရိုက်ဆက်စပ်နေပြီး ယနေ့ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ Global Climate Change ၏ အကျိုးဆက်များဖြစ်သည့် မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်း၊ မုန်တိုင်းကြီးများဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကျရောက်မှုကြောင့် စားနပ်ရိက္ခာဖူလုံမှုမရှိခြင်း၊ ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ရွှေ့ပြောင်းနေထိုင်ရ ခြင်း၊ ဆင်းရဲနွမ်းပါးမှုများ၊ လူမှုစီးပွားရေးဘဝအကျပ်အတည်းများ ဖြစ်ပေါ်လာပြီး ကလေးအလုပ်သမားများအဖြစ်သို့ ရောက်ရှိသွားကြရပါသည်။

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် (SDG 8.7) တွင် ကလေးအလုပ်သမား ပပျောက်ရေးကို ရည်မှန်းချက်တစ်ခုအဖြစ် သတ်မှတ်လုပ်ဆောင်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကလေးအလုပ်သမားပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုး တိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) (MSDP) တွင် မဏ္ဍိုင်(၃)၊ ပန်းတိုင် (၄)၊ မဟာဗျူဟာ ၄ ဒသမ ၃ တွင် ကလေးအလုပ်သမားပပျောက်ရေးအတွက် လုပ်ငန်းစဉ်များကို တိကျစွာသတ်မှတ်ထည့်သွင်းဖော်ပြလျက် ထိရောက်စွာအကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားဆိုင်ရာ ILO ပြဋ္ဌာန်းချက် အမှတ် (၁၈၂)ကို ဒေသတွင်း အာဆီယံနိုင်ငံများနည်းတူ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် လက်ခံအတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး အငယ်ဆုံးအသက်ပြဋ္ဌာန်းချက် အမှတ်(၁၃၈) ကို အစိုးရနှင့် လွှတ်တော်တို့မှ အတည်ပြုသဘောတူခဲ့ပြီးဖြစ်သဖြင့် လက်မှတ်ရေးထိုးနိုင်ရေး သတ်မှတ်လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

**မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်**

မြန်မာနိုင်ငံအနေဖြင့် ကလေးအလုပ်သမားပပျောက်ရေးကို အလေးထားလုပ်ဆောင်လျက်ရှိရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်ပြီး အဖွဲ့ဝင် ၂၃ ဦးပါဝင်သည့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသား ကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ တွင် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်(၈)ရပ်ကိုလည်း သတ်မှတ်ပေးခဲ့ပါသည်။

အမျိုးသားကော်မတီ ဖွဲ့စည်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားဆိုင်ရာ အခြေခံဗဟုသုတများ ပြန့်ပွားစေရေးအတွက် အသိပညာနှင့် ဗဟုသုတများ တိုးမြင့်လာစေရန်၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လိုအပ်သည့် ဥပဒေများကိုပြင်ဆင်ရေးဆွဲရန်၊ ကလေးအလုပ်သမားပြဿနာအပေါ် ဖြေရှင်းနိုင်ရေးအတွက် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်၊ တာဝန်ဝတ္တရားများချမှတ်၍ တိုးတက်မှုကိုအကဲဖြတ်ခြင်းဖြင့် ရေရှည်တွင် ကလေးအလုပ်သမား လျော့နည်းပပျောက်ရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကိုရေးဆွဲ၍ ကလေးအလုပ်သမားပပျောက်ရေး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

**ကလေးအလုပ်သမားဆိုင်ရာ ဥပဒေပါအကြောင်းအရာ**

ကလေးအလုပ်သမားနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် တရားဝင်အလုပ်လုပ်ကိုင်နိုင်သော အနိမ့်ဆုံးအသက်အရွယ်အောက်ရှိ အလုပ်လုပ်ကိုင်နေသည့် ကလေးများကိုသော်လည်းကောင်း၊ သို့မဟုတ် အသက်အရွယ်အရ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရှိသော်လည်း ၎င်းတို့၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး သို့မဟုတ် ပညာသင်ကြားရေးတို့ကို ထိခိုက်စေသည့် အလုပ်တွင် လုပ်ကိုင်နေရသည့် ကလေးများကိုသော်လည်းကောင်း ဆိုသည်ဟု ပါရှိပါသည်။

မြန်မာနိုင်ငံ၏ဥပဒေများတွင် ကလေးသူငယ်နှင့် ပတ်သက်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉ ခုနှစ်)၊ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် ဥပဒေ၊ ၂၀၁၆ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေတို့တွင် ကလေးသူငယ်နှင့်ပတ်သက်သည့် အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်သည့် ပြဋ္ဌာန်းချက်များ ပါရှိပါသည်။

ကလေးအလုပ်သမားနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အလုပ်သမားဥပဒေများတွင် အသက် ၁၄ နှစ်ပြည့်ပြီးက ဆရာဝန်၏ အလုပ်လုပ်ရန်သင့်လျော်ကြောင်း ဆေးထောက်ခံချက်ဖြင့် စတင်လုပ်ကိုင်နိုင်ကြောင်း၊ အသက် ၁၆ နှစ်နှင့် ၁၈ နှစ်အကြား ကလေးများမှာ ဆရာဝန်၏ ထောက်ခံချက်ရရှိပါက လူကြီးလုပ်သားကဲ့သို့ လုပ်ကိုင်ခွင့်ရှိကြောင်း၊ အသက် ၁၄ နှစ်နှင့် ၁၆ နှစ်ကြား ကလေးအလုပ်သမားများ၏ တစ်နေ့အလုပ်ချိန်ကို ၄ နာရီသာ ခွင့်ပြုထားကြောင်း၊ ညနေ ၆ နာရီနှင့် နောက်တစ်နေ့ နံနက် ၆ နာရီအကြား ခိုင်းစေခွင့်မရှိကြောင်း၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်များကိုလည်း လူကြီးအလုပ်သမားကဲ့သို့ ခံစားခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

ကလေးအလုပ်သမားများကို အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ပြဋ္ဌာန်းချက်အမှတ် (၁၈၂) ပါ ခြွင်းချက်ထား၍ လက်သင့်ခံနိုင်ခြင်းမရှိသည့် အလုပ်များတွင် ခိုင်းစေခံရသည့် ကလေးအလုပ်သမားအုပ်စုများကို ဆိုလိုပါသည်။ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းတွင် ကလေးသူငယ်များအနေဖြင့် ကျွန်ပြုခံရခြင်း၊ လူကုန်ကူးခံရခြင်း၊ စီးပွားရေးအရ လိင်မှုဆိုင်ရာ အမြတ်ထုတ်ခံရခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးလုပ်ကိုင်စေခိုင်းခံရခြင်း၊ လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် တရားမဝင်လုပ်ငန်းများတွင် အသုံးပြုခံရခြင်းများ ပါဝင်ကြောင်း လေ့လာသိရှိရပါသည်။

အန္တရာယ်ရှိသည့် လုပ်ငန်း သို့မဟုတ် အန္တရာယ်ရှိသည့် အလုပ်ဆိုသည်မှာ ကလေးများအနေဖြင့် ၎င်းတို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်း သို့မဟုတ် အကျင့်စာရိတ္တအပိုင်းဆိုင်ရာ ထိခိုက်စေသည့် အလုပ်တွင် လုပ်ကိုင်နေရသည့် ဖြစ်ရပ်ကို ဆိုလိုပြီး အဆိုပါအချက်တွင် သတ်မှတ်အလုပ်ချိန်ထက် ပိုမိုလုပ် ကိုင်ရခြင်း၊ ပင်ပန်းစွာလုပ်ကိုင်ရခြင်းနှင့် ညအချိန်လုပ်ကိုင်ရခြင်းတို့ ပါဝင်ပါသည်။

*စာမျက်နှာ ၇ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အာဆီယံလူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ကြီးများအဆင့် Online အထူးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး

**နေပြည်တော် ဇွန် ၁၀**

အာဆီယံလူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ကြီးများအဆင့် online အထူးအစည်းအဝေး (Special Online Meeting of the ASEAN Minister Meeting on Social Welfare and Development (AMMSWD) ကို အာဆီယံ အတွင်းရေးမှူးချုပ်ရုံးက ဦးဆောင်၍ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်ဆွေးနွေးသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အာဆီယံလူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ကြီးများအဆင့် online အထူးအစည်းအဝေးတွင် တက်ရောက်ဆွေးနွေးစဉ်။ သတင်းစဉ်

**အလှည့်ကျဥက္ကဋ္ဌမှ အမှာစကားပြောကြား**

အဆိုပါ အစည်းအဝေးဖွင့်ပွဲတွင် (AMMSWD) အလှည့်ကျဥက္ကဋ္ဌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါသည် မိမိတို့အာဆီယံနိုင်ငံများအတွင်းရှိ ထိခိုက်လွယ်အုပ်စုများကို အထူးဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေကြောင်း၊ မိမိတို့နိုင်ငံများ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များနှင့် လူမှုဝန်ထမ်းဝန်ဆောင်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက် သွားစေလိုပါကြောင်း၊ သင်ခန်းစာကောင်းများကိုလည်း မျှဝေဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးအဖွဲ့က ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အာဆီယံဒေသတွင်းနိုင်ငံများရှိ ထိခိုက်လွယ်အုပ်စုများအပေါ် သက်ရောက်မှုအခြေအနေများနှင့် အာဆီယံနိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှု အခြေအနေများကို သုံးသပ်တင်ပြသည်။

**မြန်မာနိုင်ငံ၏ ဆောင်ရွက်မှုများဆွေးနွေး**

ယင်းနောက် အာဆီယံနိုင်ငံများအလိုက် ဝန်ကြီးများက အလှည့်ကျဆွေးနွေးတင်ပြရာတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါအကျပ်အတည်းကာလအတွင်း မည်သူတစ်ဦးတစ်ယောက်မျှ မချန်ထားဘဲ ကပ်ရောဂါကြောင့် သက်ရောက်မှုများကို လျှော့ချနိုင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို မိမိတို့အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ NGOs များ၊ လူမှုရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူများကို စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီပေးမှုများ၊ မိခင်နှင့် ကလေးများ၊ သက်ကြီးရွယ်အိုများအား လူမှုရေးစောင့်ရှောက်မှုနှင့် ငွေကြေးထောက်ပံ့မှုအစီအစဉ်များ ဆောင်ရွက်မှုနှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆောင်ရွက်မှုများ၊ IDP Camp များတွင် ထောက်ပံ့ကူညီပေးမှုများနှင့် တစ်နိုင်ငံလုံးရှိ ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြသည့် စေတနာ့ဝန်ထမ်းများကို ပံ့ပိုးကူညီရေးနှင့် လုပ်ငန်းများထိရောက်စေရေးအတွက် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၅ ရက်တွင် ဖွဲ့စည်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

**ထိခိုက်လွယ်အုပ်စုများအား အလေးပေးကာကွယ်မည်**

ထို့နောက် အာဆီယံနိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများစသည့် ထိခိုက်လွယ်အုပ်စုများအတွင်း အလေးပေး ကာကွယ်စောင့်ရှောက်နိုင်ရေး Joint Statement ကို ဆွေးနွေးအတည်ပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉ ခုနှစ်)တွင် ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားဆိုသည်မှာ ကလေးသူငယ်၏အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးတို့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၎င်းဥပဒေပါ ကလေးသူငယ်၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကျိုးဖြစ်ထွန်းမှုအများဆုံးဖြစ်စေသည့် ကလေးသူငယ်အခွင့်အရေးများ ရရှိခံစားခြင်းကို ဆိုသည်ဟု ဖော်ပြထားပါသည်။

**ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းထားခြင်း**

မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားပပျောက်စေရန် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအောက်တွင် ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့ကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်အား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ထားပါသည်။ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီးဌာန ၁၀ ခုမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးစည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ILO ၊ UNICF နှင့် လူမှုရေးမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပါဝင်ဖွဲ့စည်းထားပါသည်။

**ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် ရည်မှန်းချက်များ**

လုပ်ငန်းတာဝန်များမှာ အဓိကအားဖြင့် ကလေးအလုပ်သမားမဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ရန်၊ ဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်နေသော ကလေးများကို အကာအကွယ်ပေးရန်၊ ကလေးအလုပ်သမားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အပါအဝင် ပြဿနာများကို နိုင်ငံတော်အစိုးရ၏ ဦးစားပေးကဏ္ဍများတွင် ထည့်သွင်းနိုင်ရေးဆောင်ရွက်ရန်၊ ကလေးအလုပ်သမားပပျောက်ရေးအမျိုးသားအဆင့်လုပ်ငန်းစီမံချက်ရေးဆွဲရန်၊ ကလေးအလုပ်သမားနှင့် ဆက်စပ်သည့် နိုင်ငံတကာစံချိန်စံညွှန်းများကို အတည်ပြုလက်ခံကျင့်သုံးနိုင်ရေး တင်ပြဆောင်ရွက်ရန်တို့ ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့၏ ရည်မှန်းချက်များမှာ ကလေးများအား ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှု၊ အထူးသဖြင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှုများအား လျှော့နည်းပပျောက်စေရန်နှင့် ထိရောက်စွာ တားဆီးကာကွယ်ရန်၊ ဥပဒေအရ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများအား ဥပဒေနှင့်အညီထိရောက်စွာ အကာအကွယ်ပေးရန်၊ အန္တရာယ်ရှိသော အလုပ်နှင့်လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရသည့် ကလေးအလုပ်သမားများအား ဖယ်ရှားပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးပညာကျောင်းများ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးရန် ရည်မှန်းထားကြောင်း သိရပါသည်။

**စီမံချက်ကာလနှင့် ပထမငါးနှစ်စီမံချက် ရည်မှန်းချက်များ**

ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကာလအား ၂၀၁၉ ခုနှစ်မှ ၂၀၃၃ ခုနှစ်အထိ ၁၅ နှစ်ကာလ သတ်မှတ်ပြီး ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ကာလတို ပထမငါးနှစ်ကာလအဖြစ် သတ်မှတ်ထားကြောင်း သိရပါသည်။ ကလေးအလုပ်သမားပပျောက်ရေးအတွက် ပထမ ငါးနှစ်အတွင်း ချမှတ်ထားသည့် ရည်မှန်းချက်များအဖြစ် ခိုင်မာတိကျသော အခြေခံအချက်အလက်များ ကောက်ယူခြင်း၊ အသိပညာပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပညာရေး အသက်မွေးဝမ်းကျောင်းပညာအခွင့်အလမ်းများ ဖန်တီးခြင်း၊ ဥပဒေပိုင်းဆိုင်ရာပြုပြင်ရေးဆွဲမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေခြင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံနေရသော ကလေးအလုပ်သမားများအား ဖယ်ရှားခြင်းနှင့် ပြန်လည်ကုစားခြင်း၊ မိသားစုများအတွက် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များရရှိစေခြင်းဆိုသည့် ရည်မှန်းချက် ၆ ရပ် ချမှတ်ထားပါသည်။ ပထမငါးနှစ်စီမံချက်တွင် စက်မှုကုန်ထုတ်ကဏ္ဍနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကဏ္ဍနှစ်ခုကို ဦးစားပေးဆောင်ရွက်ရန် သတ်မှတ်ထားပါသည်။ စီမံချက်နယ်မြေအဖြစ် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး တို့ကို ဦးစားပေးတိုင်းဒေသကြီးနှင့် ပြည်နယ်များအဖြစ် သတ်မှတ်ထားပါသည်။ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာအမျိုးသားကော်မတီသည် လုပ်ငန်းကော်မတီရှစ်ခုကို ဖွဲ့စည်းပေးထားပြီး ရေးဆွဲထားသည့် စီမံချက်၊ ရည်မှန်းချက်များနှင့် လုပ်ဆောင်ချက်များအပေါ် စောင့်ကြည့်လေ့လာခြင်းတို့ကို စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**ကလေးအလုပ်သမားပပျောက်ရေးအတွက် တွန်းအားတစ်ရပ်**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ရည်ရွယ်ချက်၊ စီမံချက်နှင့် လုပ်ဆောင်ချက်များကို လေ့လာကြည့်ပါက ကလေးအလုပ်သမားများအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းမှ အစပြုကာ ကလေးအလုပ်သမားခိုင်းစေမှု ပပျောက်သွားရန် သို့မဟုတ် လျှော့နည်းသွားရန် လုပ်ဆောင်ပေးရေးအတွက် အခြေအနေကောင်းနှင့် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ အမျိုးသားကော်မတီသည် ယင်း၏လုပ်ငန်းတာဝန်များကို ကိုဗစ် -၁၉ ကာလမတိုင်မီကပင် စတင်၍လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ကိုဗစ်ကာလအတွင်းနှင့် အနာဂတ်တွင်လည်း စီမံချက်ပါရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ရာ ချမှတ်ထားသည့်စီမံချက်နှင့် လုပ်ငန်းတာဝန်များကို သက်ဆိုင်သူအားလုံး၊ အဖွဲ့အစည်းများအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော်လုပ်ဆောင်ကြမည်ဆိုပါက ကလေးအလုပ်သမားပပျောက်ရေးအတွက် ထိရောက်မြင်သာသည့် တွန်းအားတစ်ရပ်ဖြစ်လာမည် ဖြစ်ပါသည်။

**ကိုဗစ်- ၁၉၊ ကလေးများအား ကလေးအလုပ်သမား မဖြစ်စေဖို့ ယခင်ကထက်ပိုတိုးလို့ ယခုပင်ကာကွယ်စို့**

နိုင်ငံတော်အစိုးရအနေဖြင့် ကလေးအလုပ်သမားပပျောက်ရေးကိစ္စအား နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်လုပ်ဆောင်ခဲ့သည့်နည်းတူ ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများအား ကုစား၍ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန်အတွက် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်သက်သာရေး စီမံချက်တွင်လည်း ကလေးအလုပ်သမားများ၊ အမျိုးသမီးအလုပ်သမားများ အများဆုံးပါဝင်နေသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ CMP လုပ်ငန်းများနှင့် အငယ်စား၊ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ကူညီပံ့ပိုးပေးရေးအစီအစဉ်များတွင် ဦးစားပေးလုပ်ငန်းအဖြစ် ရေတို ရေရှည်အစီအမံများ ချမှတ်လုပ်ဆောင်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကလေးအလုပ်သမား ပပျောက်ရေးလုပ်ငန်းများကို မျက်ခြည်မပြတ် အစဉ်အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် ချမှတ်ရေးဆွဲထားသည့် လုပ်ငန်းစဉ်နှင့် စီမံချက်များအတိုင်း ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ အလုပ်ရှင် အလုပ်သမားသမဂ္ဂများ၊ UN အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ လူမှုအခြေပြုအဖွဲ့အစည်းများ၊ လူမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၂ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ကလေးအလုပ်သမားပပျောက်ရေးနေ့နှင့် ကလေးအလုပ်သမားပပျောက်ရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုများအား လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုပါကြောင်းနှင့် ယခုအခါသမယမှစတင်၍ ကိုဗစ်-၁၉၊ ကလေးများအား ကလေးအလုပ်သမားမဖြစ်စေဖို့ ယခင်ကထက်ပိုတိုးလို့ ယခုပင် ကာကွယ်စို့ ဆောင်ပုဒ်ပါ ရည်မှန်းချက်အတိုင်း ကလေးအလုပ်သမား ပပျောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်၍ ယခင်ကထက် ပိုမိုအလေးထားလုပ်ဆောင်သွားကြမည်ဟု ယုံကြည်မိပါကြောင်း ရေးသားလိုက်ရပါသည်။

ရည်ညွှန်းကိုးကား –
- မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၊
- ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉) ခုနှစ်၊
- သတင်းစာ ဆောင်းပါးများ
- www.ILO org/child labour world Day

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၀**

ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကြည်မင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲများကို နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်တွင် ဝန်ကြီးဌာနမှ ကမကထပြုကာ အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပါကြောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း အနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ရဟန်း ၃၄၃ ပါး၊ သီလရှင် ၂၅ ပါးနှင့် လူပုဂ္ဂိုလ် ၁၄၇ ဦးတို့ကို ဘွဲ့ဆက်ကပ်လှူဒါန်းနိုင်ခဲ့ပါကြောင်း။

မဟာဘွဲ့နှင်းသဘင်အခမ်းအနားများ ကျင်းပခြင်းအနေဖြင့် ဓမ္မာစရိယ၊ ပထမပြန်၊ နိကာယ်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စသည့်ဘွဲ့များ ဆက်ကပ်ချီးမြှင့်လျက်ရှိရာ ၂၀၁၉ ခုနှစ်တွင် ဓမ္မာစရိယ ၁၀၁၈ ပါး ၊ ဓမ္မာစရိယ (ပါဠိဂုဏ်ထူး) သုံးပါး၊ ဓမ္မာစရိယ (မြန်မာဂုဏ်ထူး) ခုနစ်ပါး၊ ပထမပြန် (ငယ်၊ လတ်၊ ကြီး) ၁၁၆၆၉ ပါး၊ နိကာယ် ၄၂၃၇ ပါး၊ အဘိဓမ္မာ ၁၈၀၂ ပါး၊ ဝိသုဒ္ဓိမဂ် ၃၀၄၀ ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်(ဂုဏ်ထူးဆောင်) ၄၅၈၅ ပါးကို နှစ်အလိုက် ဆက်ကပ်ချီးမြှင့်လျက်ရှိပါကြောင်း။

**ဘွဲ့တော်များဆက်ကပ်**

ပရိယတ္တိသာသနာတော် တည်တံ့ပြန့်ပွားနိုင်ရန် "တိပိဋကဓရ တိပိဋကကောဝိဒ" ဘွဲ့တော်များ ဆက်ကပ်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် (၇၂)ကြိမ်မြောက် စာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ ၁၅ ပါးမြောက်အဖြစ် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် တိပိဋကဓရ မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ သက်တော် (၄၅)နှစ်၊ သိက္ခာ (၂၄)ဝါရှိ ဘဒ္ဒန္တ ပညာဝံသာဘိဝံသ ဆရာတော်တစ်ပါး ပေါ်ထွန်းခဲ့ပါကြောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) မှ ၂၀၁၈ – ၂၀၁၉ ခုနှစ်တွင် B.A ၁၀၂ ပါး၊ M.A ၁၆ ပါးနှင့် Ph.D တစ်ပါး အောင်မြင်ခဲ့ပါကြောင်း။

ရွှေတိဂုံစေတီတော် ပြုပြင်မွမ်းမံမှုများအနေဖြင့် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ထာဝရဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများကို အရှိန်မြှင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အတူ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် တစ်ပေပတ်လည် ရွှေစင်၊ ရွှေပြား ထုတ်လုပ်နိုင်သည့် ရွှေပြားကြိတ်စက်ရုံကိုဖွင့်လှစ်ခဲ့ပြီး အရည်အသွေးပြည့်မီသော ရွှေပြားချပ်ရေ ၄၁၀ ထုတ်လုပ်နိုင်ခဲ့ပါကြောင်း။

ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့ကို ၂၀၁၆ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် အဖွဲ့ဝင် ၁၁ ဦးဖြင့် အသစ်ဖွဲ့စည်းခဲ့ပြီး



ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကြည်မင်းက ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်

စေတီတော်ရှိ အလှူခံပုံးများကို ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်နေမှုအား ဖျက်သိမ်း၍ ဂေါပကအဖွဲ့သစ်မှ တိုက်ရိုက်တာဝန်ယူဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ်တွင် ငွေကျပ် ၁၅ ဒသမ ၆၇၆ ဘီလီယံ ရရှိခဲ့ပါကြောင်း၊ ထို့ပြင် စေတီတော်၌ ယခင် ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်နေသည့် ဓမ္မာရုံများကို ပြန်လည်သိမ်းယူခဲ့ပြီး ဘုရားဖူးပြည်သူ ၁၂၇၉ ဦး အခမဲ့တည်းခိုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း။

**ထာဝရငြိမ်းချမ်းရေးစေတီတော်တည်ထား**

အလားတူ ပြည်ထောင်စုကြီး ထာဝစဉ်ငြိမ်းချမ်းရေးကို ရည်မှန်းပြီး နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး၌ ထာဝရငြိမ်းချမ်းရေးစေတီတော်ကို နိုင်ငံတော်အကြီးအကဲများ၏ ကမကထပြုမှုနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၏ ကြိုးပမ်းမှုနှင့် စေတနာရှင်၊ အလှူရှင်ပြည်သူများ၏ ရက်ရောစွာလှူဒါန်းမှုတို့ဖြင့် ငွေကျပ် ၈ ဒသမ ၃၃ ဘီလီယံကျော်ခန့် အကုန်အကျခံ၍ စေတီတော်ကို တည်ထားနိုင်ခဲ့ပါကြောင်း။

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအတွက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့များကို ၂၀၁၉ ခုနှစ်တွင် မြို့နယ်အဖွဲ့ ၁၂၁ ဖွဲ့၊ ခရိုင်အဖွဲ့ ၄၀၊ တိုင်းဒေသကြီး/ ပြည်နယ် အဖွဲ့ ၁၁ ဖွဲ့နှင့် ဗဟိုအဆင့် ၁ ဖွဲ့တို့ကို တိုးချဲ့ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးထွန်းကားစေရန်အတွက် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆွေးနွေးပွဲ (Religions for Peace Advisory Forum)ကို ငြိမ်းချမ်းမေတ္တာအဖွဲ့ (Religions for Peace Myanmar)မှ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် နေပြည်တော်ရှိ MICC–2 ၌ ပထမအကြိမ်၊ နေပြည်တော် သင်္ဂဟဟိုတယ်၌ ၂၀၁၉ ခုနှစ် မေ ၇ ရက်တွင် ဒုတိယအကြိမ်နှင့် နိုဝင်ဘာ ၁၄ ရက်တွင် တတိယအကြိမ် ကျင်းပနိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါကြောင်း။

> **"ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ၂၀၁၅ ခုနှစ်မှစတင်ပြီး သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကြိုးပမ်းခဲ့ရာ အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့တွင် ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ဇူလိုင် ၆ ရက်တွင် သတ်မှတ်ခဲ့"**

**ကမ္ဘာ့အမွေအနှစ်စာရင်းဝင်**

စတုတ္ထ (၁) နှစ်တာကာလအတွင်း ယဉ်ကျေးမှုဆိုင်ရာ ဆောင်ရွက်မှုအနေဖြင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ၂၀၁၅ ခုနှစ်မှစတင်ပြီး သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကြိုးပမ်းခဲ့ရာ အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့တွင် ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် ဇူလိုင် ၆ ရက်တွင် သတ်မှတ်ခဲ့ပါကြောင်း၊ အလားတူ ရခိုင်ပြည်နယ် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက်၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် အဆိုပြုစာတွဲ (မူကြမ်း)ကို ကမ္ဘာ့အမွေအနှစ်စင်တာသို့ ပေးပို့တင်ပြခဲ့ပြီး ဒေသတွင်း အေးချမ်းတည်ငြိမ်မှုရရှိပါက အဆိုပြုစာတွဲ အပြည့်အစုံ အမြန်ဆုံးတင်သွင်းသွားရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ မြောက်ဦးဒေသရှိ အာနန္ဒစန္ဒြကျောက်စာကို အာရှ – ပစိဖိတ်ဒေသတွင်း မှတ်တမ်းအမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခံရပြီး ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World) ပါဝင်နိုင်ရေး UNESCO သို့ ဆက်လက်၍ တင်သွင်းသွားမည် ဖြစ်ပါကြောင်း။

**စုဆောင်းထိန်းသိမ်းလျက်ရှိ**

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက် သယံဇာတများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်၍ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို ပြည်ပနိုင်ငံသို့ တရားမဝင်နည်းလမ်းဖြင့် ရောင်းဝယ်မှုများ ပပျောက်နိုင်ရေးအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အနေဖြင့် မြန်မာနိုင်ငံအနှံ့အပြားမှ တွေ့ရှိရသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို တာဝန်သိသိ လာရောက်အပ်နှံပါက အဆိုပါပစ္စည်း၏ မူလတန်ဖိုး၊ အနုစိတ်လက်ရာတန်ဖိုးနှင့် ရှေးဟောင်းခေတ်ကာလတန်ဖိုးများကို ထပ်ဆောင်းဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ စုဆောင်းထိန်းသိမ်းလျက်ရှိပါကြောင်း၊ စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ရှေးဟောင်းဝတ္ထုပစ္စည်း အမျိုးအစား ၉၆၈၀ အတွက် ချီးမြှင့်ငွေကျပ် ၂၄၆၈ ဒသမ ၅၀၅ သိန်း ချီးမြှင့်ခဲ့ပါကြောင်း၊ ထို့ပြင် လှူဒါန်းအပ်နှံသူ ၁၈ ဦးထံမှ ရှေးဟောင်းဝတ္ထုပစ္စည်းအမျိုးအစား ၅၀ ကို စုဆောင်းထိန်းသိမ်းကာ အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ပြတိုက်များတွင် ခင်းကျင်းပြသထားပါကြောင်း။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ဒြပ်ရှိ/ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်စုစုပေါင်း ၂၂၈၉ ခုကို စာရင်းကောက်ယူ စုဆောင်းထိန်းသိမ်းထားရှိပြီး မြန်မာ့သနပ်ခါးအား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တင်သွင်းနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသော ရလဒ်များအပေါ် အခြေခံ၍ Nomination File ရေးသားခြင်း၊ ထည့်သွင်းရမည့် မှတ်တမ်းတင် ဗီဒီယိုရိုက်ကူးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က ငလျင်လှုပ်ခတ်မှုကြောင့် ပုဂံယဉ်ကျေးမှုဒေသတွင် စေတီပုထိုး ၃၈၉ ဆူ ပျက်စီးခဲ့ပြီး ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်ခဲ့ရာ စေတီပုထိုး ၃၈၉ ဆူအနက် ၁၁ ဆူကျန်ရှိ၍ ၎င်းတို့ကို ၂၀၂၀ ပြည့်နှစ်အတွင်း အပြီးပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ**

ထို့အတူ ရန်ကုန်မြို့ အမှတ် (၆၀၄/ ၆၀၈) ကုန်သည်လမ်း ပန်းဘဲတန်းမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ကို ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနနှင့် အဆောက်အဦဦးစီးဌာနတို့ လုပ်ငန်းသဘောတူ စာချုပ်ချုပ်ဆို၍ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ အဆောက်အဦ ပြင်ဆင်မွမ်းမံခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဧပြီလ ပထမပတ်အတွင်း၌ ဖွင့်ပွဲကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့သော်လည်း ကိုဗစ်–၁၉ ကြောင့် ဖွင့်ပွဲအခမ်းအနားကျင်းပနိုင်ခြင်း မရှိသေးပါကြောင်း၊ သက်တမ်းအားဖြင့် ၂၈ နှစ်တာကာလ ကြာမြင့်ပြီဖြစ်သည့် အမျိုးသားဇာတ်ရုံ(ရန်ကုန်)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အကြီးစားပြုပြင်မွမ်းမံရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Beijing Construction Engineering Group Co., Ltd မှ အသံစနစ်များ၊ ဇာတ်စင်သုံးမီးစနစ်များ၊ အဲကွန်းစနစ်များ၊ ပွဲကြည့်ထိုင်ခုံများ၊ အဆောက်အဦပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်း၊ အလိုအလျောက် မီးငြိမ်းသတ်စနစ် အဆင့်မြှင့်တင်ခြင်းနှင့် အခြားအထွေထွေ ပြုပြင် မွမ်းမံခြင်းလုပ်ငန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် ဩဂုတ် ၁၀ ရက်မှစ၍ နှစ်နှစ်ကြာ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

**သင်တန်းများဖွင့်လှစ်**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်တွင် အနုပညာအထက်တန်းကျောင်း(ရန်ကုန်၊ မန္တလေး)၌ ပန်တျာနှင့် ပန်းချီပန်းပုဌာန၏ သင်တန်းသို့ သင်တန်းသား/ သင်တန်းသူ ၅၆ ဦးနှင့် နွေရာသီပန်းချီနှင့် ပန်တျာသင်တန်းသို့ သင်တန်းသား/ သင်တန်းသူ ၅၀၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့ပါကြောင်း၊ ထို့အတူ မြန်မာ့ရိုးရာယဉ်ကျေးမှုအကများကို အခြေခံကျောင်းများတွင် သင်ကြားနိုင်ရေးအတွက် မြန်မာအက အခြေခံကဗျာလွတ်အက(ပထမအဆင့်) ဆင့်ပွားနည်းပြ သင်တန်းအမှတ်စဉ် (၁/၂၀၁၉)နှင့် (၂/ ၂၀၁၉)ကို ယဉ်ကျေးမှုရတနာခန်းမ၌ ဖွင့်လှစ်ခဲ့ရာ ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်းများမှ ဆရာ/ဆရာမ ၂၀၀ နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(သာသနာရေး)မှ ဝန်ထမ်း ၂၀ တို့ သင်တန်း တက်ရောက်ခဲ့ပါကြောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး/ရန်ကုန်)တို့မှ ကျောင်းသား/ ကျောင်းသူများက နိုင်ငံတော်အဆင့် အခမ်းအနားများ၊ ပြည်တွင်း/ ပြည်ပ ယဉ်ကျေးမှုဖလှယ်ရေး ဖျော်ဖြေတင်ဆက်မှုများ၊ နယ်လှည့်ဖျော်ဖြေတင်ဆက်ခြင်းနှင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် အခမ်းအနားများတွင် မြန်မာ့ယဉ်ကျေးမှုအနုပညာများဖြင့် ဖျော်ဖြေတင်ဆက်မှုများ ဆောင်ရွက်ခဲ့ပါကြောင်း။

စတုတ္ထ (၁)နှစ်တာကာလအတွင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များအနေဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ ဖော်ထုတ်မြှင့်တင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဝိဇ္ဇာဘွဲ့(ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်)၊ ဝိဇ္ဇာဘွဲ့ ဂုဏ်ထူးတန်း (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်)၊

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ဘွဲ့လွန်အနုပညာဒီပလိုမာဘွဲ့ (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု)၊ ဘွဲ့လွန်အနုပညာကွန်ပျူတာဒီပလိုမာဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာ (ပြတိုက်၊ ရှေးဟောင်းသုတေသနပညာ၊ စာကြည့်တိုက်)၊ အချိန်ပိုင်းအနုပညာဒီပလိုမာ၊ မဟာဝိဇ္ဇာဘွဲ့ (Earn Degree)၊ မဟာဝိဇ္ဇာဘွဲ့၊ ဂုဏ်ထူးဆောင်ဝိဇ္ဇာဘွဲ့၊ ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့နှင့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့တို့အတွက် ၁၆၃၂ ဦးကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တို့မှ ဘွဲ့များ ပေးအပ်နိုင်ခဲ့ပါကြောင်း။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ သာသနာရေးကဏ္ဍအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၃၄)နှင့်အညီ နိုင်ငံသားတိုင်းလွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရရှိရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃၆၁)ပါ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသရှိသည့် ဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ထွန်းကားပြန့်ပွားရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကုသိုလ်ယူရင်း နိုင်ငံတော်အစိုးရ၏ သာသနာရေးလုပ်ငန်းတာဝန်များကို တစ်ဖက်တစ်လမ်းမှ ပခုံးထမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တစ်ဖက်မှ မတူကွဲပြားသည့် ဘာသာဝင်များအချင်းချင်း အတူတကွချစ်ကြည်စွာ ရေရှည်ယှဉ်တွဲ နေထိုင်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၆၃)အရ နိုင်ငံတော်မှ အသိအမှတ်ပြုထားသော ဘာသာသာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်လျက်ရှိပါကြောင်း၊ သာသနာရေးပဋိပက္ခများမှ စတင်သော မငြိမ်းချမ်းမှုများသည် နိုင်ငံရေးဖြစ်စဉ်များဆီသို့ ကူးပြောင်းရောက်ရှိ မသွားရေးအတွက် ပြည်ထောင်စုဝန်ကြီး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ရဟန်း၊ ရှင်၊ လူ (ဘာသာရေး ဆရာများ၊ ဘာသာဝင်အသီးသီးမှ ပြည်သူများ)၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

### မေးမြန်းချက်များ ပြန်လည်ဖြေကြား

ထို့နောက် သတင်းမီဒီယာများက ရခိုင်ပြည်နယ်ရှိ ယူနက်စကို စာရင်းဝင်အဖြစ် ဆောင်ရွက်နေသည့်နေရာ နှစ်ခုအား လက်ရှိဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် ယူနက်စကို စာရင်းဝင်ဖြစ်အောင် ဆောင်ရွက်ရန် ကျန်ရှိသည့် ၂၀ ရာခိုင်နှုန်းနှင့် စပ်လျဉ်း၍ မေးမြန်းရာ ဒုတိယဝန်ကြီး ဦးကြည်မင်းက ရခိုင်ပြည်နယ် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်စေရေးအတွက် Nomination Procedure Draft အား ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပြုစာတွဲ Nomination Procedure Complete ပေးပို့ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများအနက် ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီး ၂၀ ရာခိုင်နှုန်းကျန်ရှိနေပါကြောင်း၊ အဆိုပါ အစီရင်ခံစာ၏ ၂၀ ရာခိုင်နှုန်း၌ ဒေသခံပြည်သူများက လိုက်နာဆောင်ရွက်ရန် အချက်များပါရှိသဖြင့် မြေပြင်ကွင်းဆင်းကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး၍ ၎င်းတို့၏ သဘောထားနှင့် အကြံဉာဏ်များ တောင်းခံရန် လိုအပ်ပါကြောင်း၊ မြေပြင်ကွင်းဆင်းဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ ဝန်ထမ်းများအပါအဝင် UNESCO မှ ပညာရှင်အဖွဲ့ဝင်များ ပါဝင်ရမည်ဖြစ်၍ လက်ရှိဖြစ်ပေါ်နေသည့် မြေပြင်အနေအထားအရ ကွင်းဆင်းသွားလာရန် အခက်အခဲရှိပါကြောင်း၊ နယ်မြေဒေသအေးချမ်းလာသည့် အချိန်တွင် မိမိတို့အနေဖြင့် ချက်ချင်းဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသတွင် စေတီပုထိုးများ ဌာပနာဖောက်ခြင်းနှင့် မီးရှို့ခံရသည့်ဖြစ်စဉ်များနှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် စစ်ဆေးဆောင်ရွက်နေမှု၊ ၂၀၂၀ပြည့်နှစ် ရွေးကောက်ပွဲ မတိုင်မီနှင့် ရွေးကောက်ပွဲအလွန်ကာလတွင် ဘာသာရေးဆိုင်ရာ ပဋိပက္ခများ မဖြစ်ပေါ်စေရေး စီမံဆောင်ရွက်သွားမည့်အခြေအနေ၊ ပုဂံဒေသလုံခြုံရေးနှင့်ပတ်သက်၍ ဆက်လက်သုံးသပ်ဆောင်ရွက်သွားမည့် အခြေအနေနှင့် သံဆူးကြိုးကာရံကြသည့် စားသောက်ဆိုင်များနှင့် ပတ်သက်၍ ဆောင်ရွက်နေမှု၊ ကိုဗစ်-၁၉ ကာလတွင် ဘာသာရေးအရ စုဝေးမှုများကြောင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်ခဲ့မှု အခြေအနေ၊ ဦးဝီရသူနှင့် ဦးလုဆွေတို့အား အမှုဖွင့်တိုင်ကြားထားသော်လည်း ဖမ်းဆီးရမိခြင်းမရှိသေးသည့်အပေါ် ဝန်ကြီးဌာန၏



ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်

သဘောထားမှတ်ချက်၊ ဘုန်းကြီးကျောင်းဝင်းများအတွင်း လူနေအိမ်တည်ဆောက်မှုများကို သာသနာရေးနှင့် လူမှုရေးအရ ရောထွေးမှုအပေါ် အရေးယူဆောင်ရွက်နေမှုအခြေအနေ၊ ဘုရားစေတီပုထိုးများ ပြန်လည်ဖွင့်လှစ်မည့် အချိန်ကာလတို့နှင့်စပ်လျဉ်း၍ ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများက မေးမြန်းကြရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် စတုတ္ထ (၁) နှစ်တာကာလအတွင်း သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံစီမံကိန်းများကို နှစ်ရှည်အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်း၊ အမျိုးသားထောက်ပံ့ပို့ဆောင်ရေးပင်မစီမံကိန်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှုကို ဂျပန်နိုင်ငံ၏ ODA ချေးငွေ၊ နိုင်ငံတော်ဘဏ္ဍာငွေတို့ဖြင့် ၂၀၁၇ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၂၂ ခုနှစ်တွင် ပြီးစီးရန် လျာထားဆောင်ရွက်လျက် ရှိပါကြောင်း၊ ရန်ကုန်မြို့ပတ်ရထားလမ်း၌ အတွင်းလမ်း၊ အပြင်လမ်းအပါအဝင် ဒွေးလမ်းအတွက် စုစုပေါင်း သံလမ်းမိုင် ၅၉ မိုင်ရှိပြီး ကိုးချောင်းဆက်သံလမ်းခင်းခြင်း၊ လမ်းခင်းကျောက်ဖြည့်တင်းခြင်း၊ တံတားတည်ဆောက်ခြင်းများ အနေဖြင့် ၅၁ မိုင်ခွဲ ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ရထားလမ်းပေါ်၌ ကျူးကျော်များမရှိအောင် ကာကွယ်ရန် မြို့ပတ်ရေိယာအုတ်တံတိုင်း ၄၂ မိုင်ခန့်နှင့် ခြံစည်းရိုးကာရံမှု ရှစ်မိုင်ခန့်ကို ယခုနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

### ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်မှု

ရန်ကုန်-မန္တလေးလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို ဂျပန်နိုင်ငံ၏ ODA ချေးငွေဖြင့် အဆင့်နှစ်ဆင့်ခွဲကာ ၂၀၁၇ ခုနှစ်မှ စတင်အကောင်အထည်ဖော်လျက်ရှိပြီး ပထမအဆင့် ရန်ကုန်နှင့် တောင်ငူအကြား ၁၆၆ မိုင် ဒွေးလမ်းကို အဆင့်မြှင့်တင်နေပါကြောင်း၊ ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်ကစပြီး ဖြစ်နိုင်ခြေလေ့လာခြင်း၊ အသေးစိတ်ဒီဇိုင်းရေးဆွဲခြင်း၊ စီမံကိန်းကြီးကြပ်မှုအကြံပေးအဖွဲ့ကို တင်ဒါခေါ်ယူငှားရမ်းခြင်း၊ စာချုပ်ချုပ်ဆိုခြင်း၊ ကုန်ကျစရိတ်ဈေးနှုန်းများကို ညှိနှိုင်းစစ်ဆေးခြင်း စသည်တို့ကို ဆက်တိုက်လုပ်ဆောင်ခဲ့ရာ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှစပြီး ဆောင်ရွက်ခဲ့၍ အပိုင်း(၁)တစ်ခုလုံးတွင် လေးထောင့်ပြွန်ပေါက် တံတားပေါင်း ၂၀၂ စင်း ပြင်ဆင်ရမည်ဖြစ်ပြီး တံတားကြီး ၃၅ စင်း တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ အဆင့်(၂)ဖြစ်သည့် တောင်ငူ – မန္တလေး အပိုင်းကို တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိရာ အသေးစိတ်ဒီဇိုင်းနှင့် ကုန်ကျစရိတ် တွက်ချက်မှု ပြီးစီးနေပြီဖြစ်၍ တင်ဒါခေါ်ယူမှုလုပ်ငန်း ဆောင်ရွက်နေပါကြောင်း၊ အဆိုပါ စီမံကိန်းတစ်ခုလုံးသည် ၂၀၂၃ ခုနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်နေပါကြောင်း။

မန္တလေး – မြစ်ကြီးနား လမ်းပိုင်းအဆင့်မြှင့်တင်ရာ၌ နမ့်ခမ်း – ဘုံချောင်းနှင့် မော်ဟန် – ကာဒူ လမ်းပိုင်းနေရာများသည် ခက်ခဲကြမ်းတမ်းသောလမ်းပိုင်းဖြစ်၍ ၎င်းအခက်အခဲများ ပြေပျောက်အောင် ကိုရီးယားအင်ဂျင်နီယာအဖွဲ့နှင့် ဖြစ်နိုင်စွမ်းကို နှစ်ကြိမ်ဆန်းစစ်ခဲ့ရာ ဥမင်တစ်ခု၊ တံတားကြီးတစ်စင်းနှင့် ဘူတာအသစ်နှစ်ခု တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဂျိုးထောင်မှမဲဇာအထိ ၂၄ မိုင်၊ မော်ဟန်-ကာဒူအထိ ၁၀ မိုင်နှင့် စုစုပေါင်း ၃၄ မိုင်ကို ကိုရီးယားသမ္မတနိုင်ငံ၏ ချေးငွေ အမေရိကန်ဒေါ်လာ ၁၂၅ သန်းဖြင့် တည်ဆောက်ရန် လွှတ်တော်၏ ခွင့်ပြုချက်ရရှိပြီး ကိုရီးယားနိုင်ငံ EXIM Bank နှင့် ချေးငွေစာချုပ်ချုပ်ဆိုရန် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

အလားတူ ရန်ကုန် – ပြည်လမ်းပိုင်းကို ADB ၏ ချေးငွေနှင့် အဆင့်မြှင့်တင်နိုင်ရေးအတွက် စီမံကိန်းဖြစ်မြောက်နိုင်မှု လေ့လာခြင်းနှင့် ချေးငွေညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပဲခူး – မော်လမြိုင်လမ်းပိုင်းကို ကိုးချောင်းဆက် သံလမ်းဂဟေဆက်ခြင်းနှင့် ကျောက်ဖြည့်ပက်ကင်ရိုက်ခြင်းတို့ကို ပဲခူးမှ သထုံအထိ ဆောင်ရွက်ပြီးဖြစ်၍ သထုံ – မော်လမြိုင်လမ်းပိုင်းကို ယခုနှစ်အတွင်း အပြီးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် နှစ်အလိုက် ယာဉ်စီးရေများလာသည့်အတွက် မှတ်ပုံတင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စာရင်းပြုစုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ယာဉ်မတော်တဆဖြစ်ပွားမှုများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ လျှော့ချခဲ့ပါကြောင်း။

### ရေကြောင်းပို့ဆောင်ရေးကဏ္ဍ

ရေကြောင်းပို့ဆောင်ရေးကဏ္ဍအနေဖြင့် ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းကို ပြည်ထောင်စုဘတ်ဂျက်နှင့် ဖ၈ နေရာ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေများဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၉၆၄ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများတွင် မြို့ကြီးများနှင့် လူနေထူထပ်သော နေရာများကို ဦးစားပေး၍ ရောဝတီ၊ ချင်းတွင်း၊ မူးနှင့် ဒုဋ္ဌဝတီ စသည့် မြစ်များတွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ကိုရီးယား EDCF ချေးငွေ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၃ သန်းနှင့် နိုင်ငံတော်ဘဏ္ဍာငွေ ၇ ဒသမ ၉၄၂ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၂၄၂ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ပါကြောင်း၊ မန္တလေး၊ မုံရွာ၊ ပခုက္ကူနှင့် ဗန်းမော်မြို့များတွင် ဆိပ်ကမ်းများ တည်ဆောက်ရန်ရှိပြီး ယခုနှစ်ထဲတွင် မန္တလေးဆိပ်ကမ်းကို ကွန်တိန်နာတင်ပို့နိုင်သော ပြည်တွင်းရေကြောင်းဆိပ်ကမ်းအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

အလားတူ မိမိတို့နိုင်ငံ၏ ပိုင်နက်နယ်မြေ မဆုံးရှုံးစေရန်အတွက် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော မြစ်/ချောင်းများ၏ မိမိဘက် ကမ်းများမပြိုစေရန် အရေးကြီးသည့်နေရာများကို ဦးစားပေးအလိုက် မြေထိန်းနံရံများ တည်ဆောက်ခဲ့ရာ လေးနှစ်အတွင်း ၇၆၅၃၂ ပေအထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် ရန်ကုန်ဆိပ်ကမ်းအဝင် ရေလမ်းကြောင်း ရေရှည်ကောင်းမွန်စေရေးအတွက် သောင်တူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ် မေလမှ စတင်ဆောင်ရွက်ခဲ့ရာ ရေလမ်းကြောင်းတည်ငြိမ်မှုကို အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းနိုင်ပြီး Vessel Traffic Navigation Aid in Yangon River ကို ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ဆက်လက်ဆောင်ရွက်ရန် ညှိနှိုင်းလျက်ရှိပါကြောင်း၊ အနာဂတ်တွင် တိုးတက်လာမည့် ရေကြောင်းကုန်သွယ်မှုများကို မျှော်မှန်း၍ USAID ဖြင့် ပူးပေါင်းကာ ဆိပ်ကမ်းအခြေခံအဆောက်အအုံဆိုင်ရာ ဖြစ်နိုင်ခြေလေ့လာမှုနှင့် Master Plan ရေးဆွဲခြင်းများကို ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအထိ ဆောင်ရွက်လျက်ရှိပါကြောင်း။

### လေကြောင်းပို့ဆောင်ရေးကဏ္ဍ

လေကြောင်းပို့ဆောင်ရေးကဏ္ဍအနေဖြင့် လေကြောင်းခရီးသွားလာမှုတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် ပြည်တွင်းလေဆိပ်များသို့ ၂၀၁၉ ခုနှစ်တွင် ခရီးသည် စုစုပေါင်း ၁၁ ဒသမ ၃ သန်းအထိ ဝင်/ထွက်ခဲ့ပါကြောင်း၊ ခရီးသွားလာမှုများသည့် ပြည်တွင်းလေဆိပ်များဖြစ်သော ဟဲဟိုး၊ မော်လမြိုင်နှင့် ကော့သောင်းလေဆိပ်တို့ကို PPP စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် တင်ဒါခေါ်ယူခဲ့ပါကြောင်း၊ မော်လမြိုင်လေဆိပ်သည် စီးပွားရေးကော်မတီက ခွင့်ပြုပြီးဖြစ်၍ စာချုပ်ချုပ်ဆိုရန် ဆောင်ရွက်နေပါကြောင်း၊ သံတွဲလေဆိပ်ကို ယခုနှစ်နှင့် လာမည့်နှစ်များတွင် စင်လုံးငှားလေယာဉ်များ ဆင်းသက်နိုင်သောလေဆိပ်အဖြစ် အပြည်ပြည်ဆိုင်ရာလေကြောင်းအဖွဲ့ချုပ်၏ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း၊ လေယာဉ်ပြေးလမ်း ထပ်ပိုးလွှာတင်ခြင်း၊ လေဆိပ်အဆောက်အအုံ (Terminal) ကို ခရီးသည်များဝင်ထွက်၍ ကောင်းမွန်စေရန် ပြုပြင်မွမ်းမံခြင်းများကို နှစ်နှစ်အတွင်း အပြီးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဂျပန်နိုင်ငံအစိုးရနှင့် G to G ညှိနှိုင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ပြည်တွင်း ၂၈ မြို့နှင့် ပြည်ပခရီးစဉ်များအဖြစ် စင်ကာပူ၊ ဘန်ကောက်၊ ချင်းမိုင်၊ ဟောင်ကောင်၊ ချန်ဒူး၊ ဂါယာသို့ ပုံမှန်ခရီးစဉ်များ ပျံသန်းလျက်ရှိပါကြောင်း။

### ဆက်သွယ်ရေးကဏ္ဍ

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ၂၀၁၃ ခုနှစ်ကစပြီး ပုဂ္ဂလိကပါဝင်မှုမြှင့်တင်ရန် စတင်ဆောင်ရွက်ခဲ့ရာ ပြည်တွင်းကုမ္ပဏီ နှစ်ခုနှင့် ပြည်ပကုမ္ပဏီနှစ်ခုကို တစ်နိုင်ငံလုံး ဆက်သွယ်ရေးဝန်ဆောင်မှုများဆောင်ရွက်နိုင်သည့် Nationwide Telecommunication လိုင်စင်များ ချထားပေးခဲ့ပါကြောင်း၊ အလားတူ ဝန်ဆောင်မှုနှင့် ပတ်သက်သည့် လုပ်ငန်းလိုင်စင် လေးမျိုးရှိပြီး ပြည်တွင်း၊ ပြည်ပကုမ္ပဏီ ၂၀၅ ခုက ပါဝင်ဆောင်ရွက်နေပါကြောင်း။

Myanmar e-Governance Master Plan နှင့်အညီ အီလက်ထရောနစ်အစိုးရ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဦးဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် နည်းပညာကဏ္ဍ (၃)ရပ်ကို ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာ၌ e-Government စနစ်တွင် အရေးကြီးသည့် Integrated Data Center ကို နေပြည်တော်တွင် ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း ပြီးစီးအောင် လျာထားဆောင်ရွက်နေပါကြောင်း။

မြန်မာ့စာတိုက်လုပ်ငန်း၌ စာတိုက်ပေါင်း ၁၃၈၉ ခုရှိပြီး ၈၄၁ ခုသည် ငွေရေးကြေးရေး ပါဝင်ဆောင်ရွက်နိုင်သည့် စာတိုက်များဖြစ်ပါကြောင်း၊ မြန်မာ့စာတိုက်လုပ်ငန်းကို ကမ္ဘာ့စာပို့တိုက်သမဂ္ဂက စာတိုက်လုပ်ငန်း

*စာမျက်နှာ ၁၀ သို့*

❐ **ရန်ကုန်-မန္တလေးလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို ဂျပန်နိုင်ငံ၏ ODA ချေးငွေဖြင့် အဆင့်နှစ်ဆင့်ခွဲကာ ၂၀၁၇ ခုနှစ်မှ စတင်အကောင်အထည်ဖော်လျက်ရှိပြီး ပထမအဆင့် ရန်ကုန်နှင့် တောင်ငူအကြား ၁၆၆ မိုင် ဒွေးလမ်းကို အဆင့်မြှင့်တင်နေ**

# ညောင်လေးပင်မြို့၌ အသွားအလာကန့်သတ်စင်တာများတွင် လုပ်အားပေးမည့် စေတနာ့ဝန်ထမ်းများအား သင်တန်းပေး



ညောင်လေးပင်မြို့၌ အသွားအလာကန့်သတ်စင်တာများတွင် လုပ်အားပေးမည့် စေတနာ့ဝန်ထမ်းများအား သင်တန်းပို့ချစဉ်။

ကျောက်တံခါး ဇွန် ၁၀

**ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ အသွားအလာ ကန့်သတ်စင်တာများတွင် လုပ်အားပေး တာဝန်ထမ်းဆောင်မည့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများနှင့် ပတ်သက်ပြီး ဆင့်ပွားသင်တန်းကို ယနေ့ နံနက်ပိုင်းက ညောင်လေးပင်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ သင်ကြားပို့ချသည်။**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)မှ စာရေးဆရာ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)က သင်တန်း ဖွင့်လှစ်ပို့ချရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံမှ ဒေါက်တာထက်အောင်က ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားမှု အခြေအနေများနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အစီအစဉ်များတွင် ဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် အခြေအနေများကို လည်းကောင်း၊ ညောင်လေးပင်မြို့ အသွားအလာကန့်သတ်စင်တာမှစေတနာ့ဝန်ထမ်း သင်တန်းဆရာဦးလှမြင့်က စောင့်ကြည့်စခန်းများတွင် စောင့်ကြည့်လူနာများအား၂၁ ရက်ကြာ အသွားအလာကန့်သတ်ပြီး စောင့်ကြပ်ကြည့်ရှုထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များကို ရှင်းလင်းပို့ချပေးသည်။

အဆိုပါသင်တန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆရာဝန်အသင်းတို့ ပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်ကာ ပူးပေါင်းအဖွဲ့အနေဖြင့် မေ ၂၈ ရက်မှ ဇွန် ၁၀ ရက် အထိ ဒိုက်ဦးမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်တို့တွင် ငါးကြိမ်အထိ သင်ကြားပို့ချပေးပြီး ဇွန် ၁၁ ရက်တွင်လည်း ပြွန်တန်ဆာမြို့၌ ဆက်လက်သင်ကြားပို့ချမည် ဖြစ်သည်။

**နေလင်း(ညောင်လေးပင်)**

---

*စာမျက်နှာ ၉ မှ*

လွှမ်းခြုံနိုင်သည့်ဆောင်ရွက်ချက်များအပေါ် အမှတ်ပေးရာ၌ ၂၀၁၆ ခုနှစ်တွင် အဆင့် ၁၂၆ ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် အဆင့် ၉၁ အထိ အဆင့်သတ်မှတ်ချက်မြင့်တက်လာပါကြောင်း၊ ထို့အတူ ဝန်ကြီးဌာနရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်း၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်စသည့် ဌာနအသီးသီးမှ သင်တန်းများ ပိုမိုဖွင့်လှစ်ပြီး လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနသည် ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်လျက်ရှိ

ထို့နောက် သတင်းမီဒီယာများက မူဆယ် - မန္တလေး ရထားလမ်းစီမံကိန်းနှင့် စပ်လျဉ်း၍ မေးမြန်းရာ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်က မူဆယ်-မန္တလေး ရထားလမ်းသည် ယခုအချိန်တွင် ဖြစ်မြောက်နိုင်ခြေလေ့လာမှု (Feasibility Study)ကို ပြုလုပ်ပြီးဖြစ်ပါကြောင်း၊ ထိုသို့ပြုလုပ်ရာတွင် လူနှင့်ပတ်ဝန်းကျင် ထိခိုက်မှုနှင့်ပတ်သက်၍ ဆက်လက်လေ့လာမှု ပြုလုပ်နေပါကြောင်း၊ မိမိတို့နိုင်ငံအတွက် ထိခိုက်မှုမရှိစေရန် သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုစီမံကိန်းသည် ဒုတိယအကြိမ် ပြန်လည်စတင်ခြင်းဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်ကလည်း ဖြစ်မြောက်နိုင်ခြေလေ့လာမှု (Feasibility Study) ပြုလုပ်ခဲ့ပါကြောင်း။

မိမိတို့နိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးအတွက် အကျိုးရှိမည့် လုပ်ငန်းဖြစ်မည်ဆိုပါက လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ ယခုစီမံကိန်းအတွက် ဆွစ်ဇာလန်နိုင်ငံမှ ကုမ္ပဏီတစ်ခုက Third Party အဖြစ် အကူအညီလာရောက်ပေးမည်ဖြစ်ပြီး အဆိုပါ Third Party က လမ်းအူကြောင်းတည်ရှိမှုမှအစ ဈေးနှုန်းများအထိ အားလုံးကို စိစစ်ပေးသွားမည် ဖြစ်ပါကြောင်း။

ထိုသို့ စိစစ်ပေးပြီး နိုင်ငံအတွက် အဆင်ပြေမှုရှိမှသာ မည်သို့ဆောင်ရွက်မည်ဆိုသည့် Method of Operation ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံအတွက် နစ်နာမှုမရှိစေရန် သေချာစိစစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ဒေသတွင်း အာဆီယံနိုင်ငံများဖြစ်သည့် လာအိုနှင့် ကမ္ဘောဒီးယားတွင် ဆောင်ရွက်ခဲ့သည့် ရထားလမ်းပိုင်းများကို လေ့လာပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိတို့နိုင်ငံနှင့် လူမျိုးအတွက် ကောင်းကျိုးများရရှိစေရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

### ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်

ထို့ပြင် ရခိုင်ပြည်နယ်ရှိ မြို့နယ်အချို့တွင် အင်တာနက်လိုင်းများ ပိတ်ထားခဲ့ပြီး ပြန်ဖွင့်ပေးမှုအခြေအနေနှင့် စပ်လျဉ်း၍ မေးမြန်းရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းက ရခိုင်ပြည်နယ် မြို့နယ်အချို့တွင် အင်တာနက်လိုင်းများကို ၂၀၁၉ ခုနှစ် ဇွန်လတွင် မြေပုံမြို့နယ်၌ စတင်ပိတ်ခဲ့ပြီး ပြန်လည်ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ကြားကာလတွင် မြို့နယ်တချို့ကို အင်တာနက်ပြန်ပိတ်ခဲ့ပါကြောင်း၊ နောက်ဆုံးအခြေအနေအရ မောင်တောမြို့နယ်တွင် မကြာသေးမီက ပြန်ဖွင့်ပေးခဲ့ပါကြောင်း၊ ကျန်ရှိသည့် မြို့နယ်တချို့ကို ဩဂုတ် ၁ ရက်အထိ ပိတ်ထားရန် ညွှန်ကြားထားပါကြောင်း၊ ယင်းသို့ပိတ်ရခြင်းမှာ ဆက်သွယ်ရေးဥပဒေအရ အများပြည်သူအကျိုးကို ထိခိုက်နေသည့်အတွက် ပိတ်ထားရခြင်းဖြစ်ပြီး အများပြည်သူအကျိုးကို မထိခိုက်နိုင်ဟု သုံးသပ်နိုင်ပါက ပြန်လည်ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ နိုင်ငံ့ဝန်ထမ်းအကြီးအကဲများအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီများတွင် Share ဖြစ်စေ၊ BOD ဖြစ်စေ ပါဝင်နေပါက အကျိုးစီးပွား ရောထွေးမှုမရှိစေရန် စီမံဆောင်ရွက်ထားရှိမှု၊ ရန်ကုန်ဆိပ်ကမ်းတွင် X-Ray စက်များဖြင့် စစ်ဆေးဆောင်ရွက်နေမှု၊ Myanmar Cyber Security အနေဖြင့် နိုင်ငံတကာဆက်သွယ်ရေးကုမ္ပဏီများနှင့် ပူးပေါင်း၍ နည်းပညာအဆင့်မြှင့်တင်နေမှု၊ သံလွင်မြစ်ဝနှင့် ငဝန်မြစ်တို့တွင် ပြည်ပအလံလွှင့်သင်္ဘောများ သောင်တူးသည့် လုပ်ငန်းများ လုပ်ကိုင်နေမှုနှင့် လုပ်ငန်းလုပ်ပိုင်ခွင့် ထုတ်ပေးထားသည့်အခြေအနေ၊ ရန်ကုန်မြစ်ကြောင်းရှင်းလင်းရေးဆောင်ရွက်နေမှုနှင့် လုပ်ငန်းများဆောင်ရွက်ရန် တင်ဒါခေါ်ယူမှုအခြေအနေ၊ ယာဉ်လိုင်းများ ပုံမှန်ပြန်လည်ပြေးဆွဲမည့် အချိန်ကာလနှင့် ဟောင်းနွမ်းနေသည့် ဘူတာရုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ Sim Card မှတ်ပုံတင်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ဇွန် ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**သူရဇော်၊ ဟန်မျိုးစိုး၊ ကေတာ**

---

# မရမ်းကုန်းမြို့နယ် တရားရုံး၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၂၅ အရ စွဲဆိုမှုမှ တရားလိုနှင့် တရားလိုပြသက်သေသုံးဦး စစ်ဆေး

**ရန်ကုန် ဇွန် ၁၀**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂၅ အရ တရားစွဲဆိုခံထားရသည့် ဦးဒေးဗစ်(ခ) စောဒေးဗစ်(ခ)ဒေးဗစ်လားနှင့် ဦးဝေထွန်းတို့အား ယနေ့ နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် တရားရုံးသို့ စတုတ္ထအကြိမ် ရုံးထုတ်ခဲ့ပြီး တရားလို ဦးရဲဝင်းအောင်နှင့် တရားလိုပြသက်သေ သုံးဦးတို့အား ညနေရုံးချိန်ကုန်ဆုံးသည်အထိ မရမ်းကုန်းမြို့နယ် မြို့နယ်တရားသူကြီး ဦးမိုးဆွေ၏ တရားခွင်၌ စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

မရမ်းကုန်းမြို့နယ် တရားရုံးသတင်းပြန်ကြားရေးအရာရှိ မြို့နယ်တရားသူကြီး ဦးမိုးဆွေက "ဒီကနေ့ ရာဇဝတ်ကြီးမှု အမှတ်- ၆၈၅/ ၂၀၂၀ ဦးဝေထွန်းပါ နှစ်ဦးကိုသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၂၅ အရ စွဲဆိုမှုကို ချိန်းဆိုစစ်ဆေးတာ ဖြစ်ပါတယ်။ တရားလို ဦးရဲဝင်းအောင်အား ပြန်ရှင်းစစ်မေးတာကို ပြီးခဲ့တဲ့ရက်က အပြီးမသတ်ခဲ့သေးတဲ့အတွက် ဆက်လက်စစ်ဆေးတာ ဖြစ်ပါတယ်။ ပြီးတော့ တရားလိုသက်သေတွေဖြစ်တဲ့ ဦးကျော်လွင်၊ ဦးတင်မောင်ထွန်း၊ ဦးအောင်နေခိုင်တို့ သုံးဦးကို ဆက်လက်စစ်ဆေးခဲ့ပါတယ်။ တရားလိုပြသက်သေသုံးဦးကို စစ်ဆေးဖို့ လာမယ့် ဇွန် ၁၆ ရက် (အင်္ဂါနေ့)ကို ပြန်လည်ချိန်းဆိုထားပါတယ်" ဟု ပြောသည်။

ဆက်လက်ပြောကြားရာမှာ "အမှုမှာ စွပ်စွဲခံရတဲ့သူဘက်ကနေပြီးတော့ အသင်းတော်ဝင်းအတွင်း အဝင်အဝမှာရှိတဲ့ ခြံဝင်းမှာ "ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေ၍ အသင်းတော်ဝင်းအတွင်း၌ ကျင်းပမည့် ဓမ္မဟောပွဲအစီအစဉ် ပြောင်းရွှေ့လိုက်ကြောင်း" ဗီနိုင်းကြော်ငြာစာသားကို ရိုက်ကူးထားတဲ့ မှတ်တမ်းဓာတ်ပုံကို သက်သေခံအဖြစ် တင်ပြလာတဲ့အတွက် သက်သေခံအဖြစ် လက်ခံခဲ့ပါတယ်"ဟု ပြောသည်။

အဆိုပါအမှုတွင် တရားလိုပြသက်သေ စုစုပေါင်း ၁၄ ဦး တင်ပြထားသည့်အနက် လေးဦးစစ်ဆေးခဲ့ပြီးဖြစ်၍ စစ်ဆေးရန် တရားလိုပြသက်သေ ၁၀ ဦး ကျန်နေသေးကြောင်း၊ ဤအမှုသည် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ အလျင်အမြန်ဆောင်ရွက်ရမည့်ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားခြင်းကြောင့် ရက်ပေါင်း ၉၀ အတွင်း အပြီးစစ်ဆေးရန်လျာထား စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

---

# ကိုဗစ်-၁၉ ကာလအတွင်း ငါးစားသုံးခြင်းသည် ကျန်းမာရေးအတွက် ကောင်းမွန်ကြောင်း အသိပေးပိုစတာများ စိုက်ထူ

**မာန်အောင် ဇွန် ၁၀**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကာလတွင် ပြည်သူများအနေဖြင့် ငါးစားသုံးခြင်းသည် ကျန်းမာရေး (အထူးသဖြင့် ကိုယ်ခံအားကောင်းမွန်ရေး)အတွက် အကျိုးရှိကြောင်း၊ မာန်အောင်မြို့နယ်အတွင်း ပြည်သူများ သိရှိစေရေး အသိပညာပေး ပိုစတာစိုက်ထူခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဇွန် ၁၀ ရက်က ဆောင်ရွက်ကြောင်း သိရသည်။

**သတင်းစဉ်**




တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ငါးစားသုံးခြင်းသည် ကျန်းမာရေး (အထူးသဖြင့် ကိုယ်ခံအားကောင်းမွန်ရေး)အတွက် အကျိုးရှိကြောင်း မြို့ဈေးရှေ့တွင် ပိုစတာစိုက်ထူခြင်းကို ဇွန် ၉ ရက်က ဆောင်ရွက်ခဲ့စဉ်။ သတင်းစဉ်

---

◆ *ကျောဖုံးမှ*

ပွဲစဉ်များကို မည်သို့မည်ပုံကျင်းပသွားရမလဲဆိုသည့် ကိစ္စနှင့်စပ်လျဉ်းပြီး ယူအီးအက်ဖ်အေက ကြီးမှူးကျင်းပမည့် အမှုဆောင်ကော်မတီအစည်းအဝေးတစ်ရပ်ကို ဇွန် ၁၇ ရက်တွင် ကျင်းပရန်ရှိနေသည်။ လတ်တလောအကြံပြုချက်များအရ ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်တို့ကို ဩဂုတ်လတွင် ကျင်းပသွားဖွယ်ရှိနေသည်။

အသက် ၃၅ နှစ်အရွယ်ရှိ ဆေးဗားလ်သည် ဥရောပတွင် ဆက်နေလိုကြောင်း သိရသည်။ ထို့ကြောင့် ပရီမီယာလိဂ်အသင်း အများအပြားက အဆိုပါကစားသမားကို ခေါ်ယူလိုနေခြင်းဖြစ်သည်။ သတင်းများအရ ဆေးဗားလ်သည် ပီအက်စ်ဂျီအသင်း၌ လက်တွဲခဲ့ဖူးသော နည်းပြဟောင်း ကားလို့စ်အန်ဆယ်လော့တီနှင့် ပြန်လည်ပူးပေါင်းဖွယ်လည်း ရှိနေသည်။ အန်ဆယ်လော့တီသည် လက်ရှိတွင် ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းတွင် နည်းပြနေသူ ဖြစ်သည်။ အာဆင်နယ်အသင်းကလည်း အသင်းတွင် ဆက်ရှိရန် မသေချာသော ဒေးဗစ်လူးဝစ်၏နေရာကို နိုင်ငံအသင်းဖော်ဖြစ်သူ ဆေးဗားလ်ဖြင့် အစားထိုးဖွယ်ရှိနေသည်။

ဆေးဗားလ်အနေဖြင့် ၎င်း၏ အပြောင်းအရွှေ့နှင့်ပတ်သက်ပြီး ယတိပြတ်ဆုံးဖြတ်ချက်မချရသေးကြောင်း သိရသည်။ ပီအက်စ်ဂျီအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ပွဲ ၃၁၀ ကစားထားပြီး ၁၇ ဂိုး သွင်းယူပေးထားနိုင်သော ဆေးဗားလ်အနေဖြင့် ပရီမီယာလိဂ်ကလပ်သို့ ပြောင်းရွှေ့မည်လား၊ မိခင်နိုင်ငံသို့ ပြန်လည်ပြောင်းရွှေ့မည်လား၊ မေဂျာလိဂ်ကလပ်သို့ ပြောင်း ရွှေ့မည်လား၊ တရုတ်ကလပ်၊ ဂျပန်ကလပ်၊ ကာတာကလပ်၊ သုံးနှစ်ကြာ လက်တွဲခဲ့ဖူးသော အေစီမီလန်အသင်းသို့ ပြန်လည်ပြောင်းရွှေ့မည်လား ဆိုသည်မှာ စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။

**အောင်ဇော်**

# အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်သည့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအား AA အကြမ်းဖက်သောင်းကျန်းသူများက နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်




**နေပြည်တော် ဇွန် ၁၀**

အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်သည့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအား ဇွန် ၉ ရက် ညပိုင်းက AA အကြမ်းဖက်သောင်းကျန်းသူများက နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်း အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအား ဇွန် ၉ ရက် ညပိုင်းတွင် AA အကြမ်းဖက်သောင်းကျန်းသူများက အမြင့်ကျွန်းကျေးရွာအနီးသို့ အရောက်၌ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

ဖြစ်စဉ်မှာ တပ်မတော်(ရေ)မှ စစ်ရေယာဉ်သုံးစင်းသည် အုပ်ချုပ်မှုကိစ္စများဆောင်ရွက်ရန် ဇွန် ၉ ရက် ည ၁၀ နာရီခန့်တွင် စစ်တွေမြို့မှ ပုဏ္ဏားကျွန်းမြို့ဘက်သို့ မြင်းဝါချောင်းအတိုင်း ထွက်ခွာလာစဉ် ည ၁၂ နာရီခန့်တွင် အမြင့်ကျွန်းကျေးရွာအနီးသို့ အရောက်၌ AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် စတင်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေး လိုက်ပါလာသည့် တပ်ဖွဲ့ဝင်များနှင့် စစ်ရေယာဉ်များက ပြန်လည်ပစ်ခတ်ခဲ့ရာ AA အကြမ်းဖက်သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း ဖော်ပြပါရှိသည်။

အဆိုပါဖြစ်စဉ်တွင် စစ်သည်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အဆိုပါ နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေစိုးမိုးရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင်လည်း စစ်တွေမြို့မှ ပလက်ဝမြို့သို့ စစ်သည်၊ မိသားစုများ စားသုံးရန်အတွက် ရိက္ခာပို့ဆောင်ခြင်းနှင့် အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ရန် ထွက်ခွာလာသည့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအား ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာနှင့် တင်းမကျေးရွာတို့အနီးမှ AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**

# မြန်မာမိန်းကလေးနှစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၁၀**

ရှမ်းပြည်နယ် သီပေါမြို့နယ် ဆောင်ကြဲကျေးရွာနေ ဒေါ်ခင်သန်းနှင့်အဖွဲ့အား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သီပေါမြို့နယ် ဆောင်ကြဲကျေးရွာနေ ဒေါ်ခင်သန်းနှင့် မနန်းဆိုင်လောဝ်၊ လားရှိုးမြို့နယ် အမှတ်(၅)ရပ်ကွက် ပွဲစားတန်းလမ်းနေ စိုင်းလောက်လျှန်းနှင့် မနန်းအေးရင် (တိမ်းရှောင်)တို့သည် သီပေါမြို့နယ် ဆောင်ကြဲကျေးရွာနေ မ ---- (၂၁ နှစ်) နှင့် မ ---- (၁၇ နှစ်)တို့အား တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် ၁၀ သိန်း ရမည်ဟု လိမ်လည်စည်းရုံး၍ မ ---- (၂၁ နှစ်)အား တရုတ်နိုင်ငံ စန်တုံမြို့ရှိ တရုတ်အမျိုးသား တစ်ဦး ထံသို့ လည်းကောင်း၊ မ ----(၁၇ နှစ်)အား ကျန်းချုံမြို့ရှိ တရုတ်အမျိုးသားတစ်ဦးထံသို့ လည်းကောင်း ရောင်းစားခဲ့ပြီး အကျိုးအမြတ်ရယူခဲ့ကြသဖြင့် သီပေါမြို့မ ရဲစခန်း၊ (ပ) ၁၃၃/ ၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုဖွင့်လှစ်ခဲ့သည်။ ထို့နောက် ကျောက်မဲခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားသဖြင့် ဇွန် ၉ ရက်တွင် တရားခံ ဒေါ်ခင်သန်း၊ နန်းဆိုင်လောဝ်နှင့် စိုင်းလောက်လျှန်းတို့အား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၈(က)အရ အလုပ်နှင့် ထောင်ဒဏ်နှစ် ၂၀ စီ ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံအား တရားခံပြေး အဖြစ် ကြေညာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့ရှိ ကမ္ဘောဇဘဏ်ခွဲ-၂ အား အမျိုးသားလေးဦးက ငွေများ လာရောက်လုယက်ထွက်ပြေး

**နေပြည်တော် ဇွန် ၁၀**

ရခိုင်ပြည်နယ် စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက် အကောက်ခွန်လမ်းရှိ ကမ္ဘောဇဘဏ်ခွဲ-၂ အား ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် Hi jet အမျိုးအစား မော်တော်ယာဉ် အမှတ်၊ BGO-6L/ 6181 အဖြူရောင်ယာဉ်တစ်စီးဖြင့် အမျိုးသားလေးဦး ရောက်ရှိလာပြီး ဘဏ်အတွင်းသို့ ဝင်ရောက်ကာ ဘဏ်အတွင်းသို့ ရောက်ရှိနေသူများအား အသင့်ယူဆောင်လာသည့် ဓားများဖြင့် ခြိမ်းခြောက်၍ ကောင်တာပေါ်ရှိ ငွေကျပ်သိန်း ၁၈၀၀ ခန့်ကို ယူဆောင်သွားကြောင်း။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ မော်တော်ယာဉ်နှင့်အတူ အမျိုးသားတစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး ကျန်သူများမှာ ငွေကျပ်သိန်းပေါင်း ၁၈၀၀ ခန့်နှင့်အတူ ထွက်ပြေးနေဆဲဖြစ်ကြောင်း။

ထိုသို့လွတ်မြောက်သွားသူများအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇွန် ၉ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်ရှိ စားသောက်ဆိုင်အတွင်း သီးသန့်ခန်းကို ဝင်ရောက်ရှာဖွေရာ မစိုးစိုးအေး၊ တင်လှနှင့် သန်းလင်းတို့ကို တွေ့ရှိရပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၉၇၀ နှင့် ငွေကျပ် ၈၄၀၀ တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ည ၇ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁) အကွက်အမှတ်(၁၁) ဘီလမ်း အိမ်အမှတ်(မ/၂)နေ မနန်းအေးလူ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၆၀၊ ငွေကျပ် ၄၅၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ဇွန် ၈ ရက် ညပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် ခေးနင်းကျေးရွာ လားရှိုး-မန္တလေးကားလမ်း အိုရီယမ်တယ် တိုးဂိတ်အနီးတွင် အိုက်တေးမောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ် ၁၅၂၀ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၄ ဒသမ ၆၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၊ ငွေကျပ် ၁၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ ည ၈ နာရီက ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့ ချမ်းသာရပ်ကွက် ကုန်းသာဘုန်းကြီးကျောင်းလမ်းတွင် မချိုချိုအောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၊ ငွေကျပ် ၅၉၀၀၀ တို့ကို သိမ်းဆည်းရမိပြီး ရွှေညောင်မြို့ အောင်သပြေကျေးရွာရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၀ နှင့် ဘိန်းစိမ်းသုည ဒသမ ၀၃၅ ကီလိုတို့ကို လည်းကောင်း။

ထို့အတူ ထိုနေ့မွန်းလွဲ ၁ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့ အမှတ်(၅)ရပ်ကွက် အောင်သပြေလမ်းတွင် ရပ်တန့်ထားသည့် ယာဉ်မောင်း နေလင်းမောင်(ခ)မောင်မောင် မောင်းနှင်ပြီး ကျော်သန်း လိုက်ပါလာသည့် ၁၂ ဘီးယာဉ်၊ ဇော်မြင့် မောင်းနှင်ပြီး စိုးသိန်း လိုက်ပါလာသည့် ခြောက်ဘီးမော်တော်ယာဉ်၊ အောင်ကြည်ဖြိုး မောင်းနှင်သည့် ၁၀ ဘီးယာဉ်နှင့် စိုးမြင့်လှိုင် မောင်းနှင်သည့် ၁၀ ဘီးယာဉ်တို့ကို တာဝန်ခံဖြစ်သူ ကျော်မင်းနှင့်အတူ တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ယာဉ်များပေါ်မှ Sodium Cyanide ၁၈၀၀၀ ကီလိုနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



အောင်ကြည်ဖြိုး၊ စိုးမြင့်လှိုင်၊ ကျော်မင်း၊ စိုးသိန်း၊ ဇော်မြင့်၊ ကျော်သန်း၊ နေလင်းမောင်(ခ) မောင်မောင်တို့ကို ဖမ်းဆီးရမိသည့် Sodium Cyanide များနှင့်အတူ တွေ့ရစဉ်။

# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး / ပြည်နယ်များမှ သစ်တန် ၅၀၀ ကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ် ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇွန် ၁ ရက်မှ ၇ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၈၄ ဒသမ ၄၄၁၄ တန်၊ သစ်မာ ၇၉ ဒသမ ၇၈၃၇ တန်၊ အခြား ၂၅၇ ဒသမ ၀၂၆၆ တန် စုစုပေါင်း ၅၂၁ ဒသမ ၂၅၁၇ တန်၊ ပြစ်မှုကျူးလွန်သူ ၅၉ ဦး၊ ယာဉ်/ယန္တရား ၅၉ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ဖားကန့်၌ မျောချောင်းပေါက်ကျမှုမှ ပျောက်ဆုံးနေသူ၏ ရုပ်အလောင်းတွေ့ရှိ

**ဖားကန့် ဇွန် ၁၀**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ မျောချောင်းပေါက်ကျမှု ဇွန် ၈ ရက် နံနက် ၅ နာရီခန့်က ဖြစ်ပွားခဲ့ရာ တရားမဝင်ခိုးတူးကျင်းမှ စက်ယန္တရားများနှင့် မြေစာပုံ ဈေးဆိုင်အချို့ ရွှံ့နွံများအတွင်း နစ်မြုပ်ခဲ့ပြီး ယနေ့နံနက် ၁၁ နာရီခွဲက အဆိုပါဖြစ်စဉ်မှ ပျောက်ဆုံးသူ၏ ရုပ်အလောင်းတစ်လောင်းကို ရေအိုင်အတွင်း မျောပေါ်နေလျက် တွေ့ရှိခဲ့ကြောင်း သိရသည်။

ရေအိုင်အတွင်း တွေ့ရှိရသည့် ရုပ်အလောင်းသည် ဇွန် ၈ ရက်က မျောချောင်း ပေါက်ကျမှုတွင် ပျောက်ဆုံးခဲ့ကြောင်း မမုံကျေးရွာ တာဝန်ခံရုံး၌ လာရောက်တိုင်တန်းထားသည့် မောင်မုန်ဒန်လ (၂၉ နှစ်)ဖြစ်ကြောင်း သိရသည်။

မျောချောင်း ပေါက်ကျမှုဖြစ်စဉ်သည် ဆိပ်မူကျေးရွာအုပ်စု ဆိုင်းဂျာဘွမ်-မက်လင်ချောင် ဘက်မှ မိုးရေများစုပြီး မိုးတွင်းကာလ စီးနေကျ မျောချောင်းအတွင်း ဝင်လာချိန်တွင် ရေလာရာလမ်းကြောင်း၏ အောက်ဘက်ရှိ မမုံစံပြကျေးရွာ ဘုန်းကြီးကျောင်းနောက်ဘက် ရေကန်အစပ်တွင် တရားမဝင် ကျောက်မျက်တူးဖော်နေသော လုပ်ကွက်တစ်ခုမှ ဘက်ဟိုးယာဉ်နှစ်စီးနှင့် ဖိုးဝီးတစ်စီး၊ လုပ်ကွက်လုပ်သားများနေသည့် အဆောင်နှစ်လုံးတို့အပြင် ၎င်းနေရာ၌ ဈေးရောင်းလျက်ရှိသည့် မြေစာပုံဈေးဆိုင်တန်းမှ ဈေးသည်မိုးကာတဲများ၊ ရေကန်အတွင်း တစ်နိုင်တစ်ပိုင် ရွှေကျင်လျက်ရှိသည့် မိသားစုများ၏ နေအိမ်တဲများ ရွှံ့နွံများအတွင်း နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ရွှံ့နွံများအတွင်းမှ ဘက်ဟိုးယာဉ် နှစ်စီးနှင့် ဖိုးဝီးတစ်စီးတို့ကို ပြန်လည်ဆယ်ယူရရှိထားပြီဖြစ်ကြောင်း မမုံကျေးရွာ တာဝန်ခံရုံးမှ သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**




# ကိုဗစ် - ၁၉ ကြောင့် ဩစတြေးလျ သတင်းမီဒီယာ ကုမ္ပဏီများ ကုန်ကျစရိတ်သက်သာစေရန် ဝန်ထမ်းအင်အား ထပ်မံလျှော့ချ

**ဆစ်ဒနီ ဇွန် ၁၀**

ဩစတြေးလျ သတင်းမီဒီယာကုမ္ပဏီကြီး နှစ်ခုဖြစ်သည့် ဩစတြေးလျ ဘရော့ကက်စတင်း ကော်ပိုရေးရှင်းနှင့် နယူးကော့ပ်စ်ဩစတြေးလျ ကုမ္ပဏီတို့က ကိုဗစ်-၁၉ ဖြစ်ပွားမှု၏ နောက်ဆက်တွဲ ကုန်ကျစရိတ်များကို သက်သာစေရန်အတွက် အလုပ်အကိုင်ထပ်မံလျှော့ချမည်ဖြစ်ကြောင်း ဩစတြေးလျ သတင်းစာတစ်စောင်က ဇွန် ၈ ရက်တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျဖက်ဒရယ်အစိုးရ၏ ဘတ်ဂျက်လျှော့ချမှုနှင့် အံဝင်ခွင်ကျဖြစ်စေရန်အတွက် ကုမ္ပဏီရှိ ဌာနအစိတ်အပိုင်းများအားလုံးမှ အလုပ်အကိုင်ပေါင်း ၂၀၀ ကျော်ကို လျှော့ချရန် စီစဉ်ထားကြောင်း ဩစတြေးလျ ဘရော့ကက်စတင်း ကော်ပိုရေးရှင်း၏ စီမံခန့်ခွဲရေးဌာနက ပြောကြားခဲ့သည်။

တစ်နှစ်လျှင် ဩစတြေးလျဒေါ်လာ ၄၁ သန်း ( အမေရိကန်ဒေါ်လာ ၂၈ သန်း) ဘတ်ဂျက်ကွာဟမှုက ကျွန်ုပ်တို့အနေဖြင့် လုပ်ငန်းဝန်ဆောင်မှုအချို့ကို ထိရောက်မှုရှိအောင် အကောင်းဆုံးကြိုးစား ဆောင်ရွက်နေသော်လည်း ကံမကောင်းစွာဖြင့် အလုပ်အကိုင်လျှော့ချမှုများ ထပ်မံပြုလုပ်ရန်လိုအပ်သည့်အခြေအနေဖြစ်လာကြောင်း ဩစတြေးလျ ဘရော့ကက်စတင်း ကော်ပိုရေးရှင်း(အေဘီစီ )မီဒီယာကုမ္ပဏီ၏အထွေထွေညွှန်ကြားရေးမှူး ဒေးဗစ်အန်ဒါဆင်က ပြောကြားခဲ့သည်။

မကြာသေးမီလများအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ၏ နောက်ဆက်တွဲရိုက်ခတ်မှုကြောင့် ဩစတြေးလျ သတင်းမီဒီယာကဏ္ဍတွင် အလုပ်အကိုင်လျှော့ချမှုများကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခဲ့ရသည်။ **ဆင်ဟွာ**

## အာဖရိက၌ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု အခြေအနေအပေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့စိုးရိမ်

**ဂျီနီဗာ ဇွန် ၁၀**

အာဖရိက၌ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု ဆက်လက်မြင့်တက်နေပြီး ရောဂါကူးစက်ခံရသူ အရေအတွက် ၂၀၀၀၀၀ နီးပါးအထိ ရှိလာခဲ့ရာ ရောဂါကူးစက်မှုတစ်ဟုန်ထိုးမြင့်တက်လာနိုင်သည့် အခြေအနေအပေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက စိုးရိမ်ပူပန်မှုကို ဖော်ပြကြောင်း သိရသည်။

အာဖရိကနိုင်ငံ အနှံ့အပြားတွင် ဇွန် ၉ ရက်က ရောဂါကူးစက်ခံရသူ အရေအတွက် ၁၉၇၃၁၃ ဦးအထိ မြင့်တက်လာပြီး သေဆုံးသူ ၅၃၀၀ အထိရှိကြောင်း အာဖရိက ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာနက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် မတ်လက ရောဂါစတင်ဖြစ်ပွားခဲ့ချိန်အတွင်း အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုများ တင်းကျပ်စွာ ချမှတ်ဆောင်ရွက်ခဲ့မှုကြောင့် ရောဂါထပ်မံကူးစက်ဖြစ်ပွားမှု မြင့်တက်ခဲ့ခြင်း မရှိသေးပေ။

သို့သော်လည်း ပြီးခဲ့သည့် ဧပြီလတွင် ရောဂါထပ်မံကူးစက်ခံရသူ အရေအတွက် တဖြည်းဖြည်းမြင့်တက်လာခဲ့ပြီး မေ ၇ ရက်တွင် ရောဂါကူးစက်ခံရသူ ၅၀၀၀၀ ကျော်လွန်သွားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ မိုက်ကယ်ရန်က လက်တင်အမေရိကနှင့် တောင်အာဖရိကနိုင်ငံများတွင် တွေ့မြင်ရသည့် အခြေအနေများကဲ့သို့ အာဖရိကရှိ အချို့နိုင်ငံများတွင် ရောဂါကူးစက်မှုမြင့်တက်လာမည်ကို လွန်စွာစိုးရိမ်ပူပန်မိကြောင်း သတင်းထောက်များသို့ ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# လစ်ဗျားအရေးတွင် သမ္မတထရမ့်နှင့် သဘောတူညီမှုအချို့ ရရှိထားကြောင်း တူရကီသမ္မတပြော

**အန်ကာရာ ဇွန် ၁၀**

တူရကီသမ္မတ အာဒိုဂန်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့အကြား လစ်ဗျားအရေးနှင့်ပတ်သက်၍ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့မှုအတွင်း သဘောတူညီမှုအချို့ရရှိခဲ့ကြောင်း သမ္မတ အာဒိုဂန်က ပြောကြားသည်။

တူရကီသည် လစ်ဗျားနိုင်ငံ၏ ကုလသမဂ္ဂ အသိအမှတ်ပြုထားသည့် အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ကိုထောက်ခံပြီး ကာလီဖာဟက်ဖ်တာကို ဆန့်ကျင်လျက် ထရီပိုလီကို စစ်ရေးအကူအညီများ ပိုမိုပေးအပ်လာလျက် ရှိသည်။ လစ်ဗျား အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ကို အမေရိကန်ပြည်ထောင်စုကလည်း ထောက်ခံ ထားသည်။

သို့ရာတွင် ကာလီဖာဟက်ဖ်တာအဖွဲ့သည် အမေရိကန်၏ မဟာမိတ်ဖြစ်သည့် အီဂျစ်နိုင်ငံ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နှင့် ဆော်ဒီအာရေဗျတို့၏ ထောက်ခံမှုကိုရရှိထားသည်။

လစ်ဗျားပဋိပက္ခတွင် မော်စကို၏ အရေးပါမှုကိုလည်း သမ္မတအာဒိုဂန်က ရည်ညွှန်းခဲ့ပြီး ကျွန်ုပ်တို့အနေဖြင့် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်လည်း စကားပြောဆိုဆွေးနွေးမှုပြုလုပ်ရန် လိုအပ်ကောင်း လိုမည်ဖြစ်ပြီး လစ်ဗျားအရေးတွင် နောက်ထပ်မည်သို့ဆက်လက်ဆောင်ရွက်သင့်သည်ကို ဆွေးနွေးသင့်ကြောင်း ပြောကြားခဲ့သည်။

ရုရှားသည် လစ်ဗျားစစ်အာဏာရှင် ကာလီဖာဟက်ဖ်တာကို အကူအညီပေးရန် ရုရှားနိုင်ငံ၏ ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီ Wagner မှ ကြေးစားစစ်သားထောင်ချီပို့ပေးခဲ့ကြောင်း စွပ်စွဲခံထားရပြီး ကရင်မလင်နန်းတော်က စွပ်စွဲချက်ကို ငြင်းဆန်ထားသည်။ **အေအက်ဖ်ပီ**



တူရကီသမ္မတ ရီဆက်တေယစ်အာဒိုဂန်

# ဘရာဇီးနိုင်ငံက ကိုဗစ်-၁၉ ဆိုင်ရာ သတင်းအချက်အလက်များကို ဆက်လက်ထုတ်ပြန်

ရီယိုဒီဂျနေရိုး ဇွန် ၁၀

**ဘရာဇီးနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ နေ့စဉ်ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုဆိုင်ရာ စာရင်းအချက်အလက်များ ထုတ်ပြန်မှုကို ပြီးခဲ့သည့် ဇွန် ၇ ရက်တွင် ရပ်ဆိုင်းလိုက်ပြီး ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုများအစား ရောဂါပြန်လည်သက်သာလာသူများစာရင်းကို ထုတ်ပြန်ဖော်ပြခဲ့သည်။**



ဘရာဇီးနိုင်ငံ၌ လူနာတင်ရေယာဉ်ပေါ်လိုက်ပါလာသည့် ကျန်းမာရေးဝန်ထမ်းအချို့ကို တွေ့ရစဉ်။

ထို့နောက် ဇွန် ၁၀ ရက်တွင် ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးသူအရေအတွက် စုစုပေါင်းကို အွန်လိုင်းမှဖော်ပြထားသည့်စာရင်းကို ပြန်လည်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားသေဆုံးမှုဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ပြန်မှုရပ်ဆိုင်းလိုက်သည့်အတွက် အစိုးရအနေဖြင့် အရေးကြီးသည့် အခြေအနေကို ပေ့ါပေ့ါတန်တန်သဘောထားနေပြီး သတင်းအချက်အလက် ထိမ်ချန်မှုပြုလုပ်သည်ဟုဆိုကာ ပြည်သူလူထုထံမှ ဝေဖန်ပြစ်တင်မှုများ ပေါ်ထွက်လာခဲ့ပြီးနောက်တွင် အစိုးရက ရောဂါဖြစ်ပွားမှုဆိုင်ရာ အချက်အလက်များကို ပြန်လည်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒေသအုပ်ချုပ်ရေးမှူးများအနေဖြင့် ဘတ်ဂျက်ပိုမိုရရှိရေးအတွက် ရောဂါဖြစ်ပွားမှု အရေအတွက်များကို ပိုမိုချဲ့ကားဖော်ပြမှုများလုပ်ဆောင်နေသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနက ထိုသို့အပြောင်းအလဲပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း ဘရာဇီးသမ္မတ ဂျာဘော်ဆိုနာရိုက ပြောကြားခဲ့သည်။

အတိုက်အခံနိုင်ငံရေးပါတီဥပဒေပြုအမတ်များက ကိုဗစ်-၁၉ ကူးစက်မှုကို ရပ်တန့်အောင်ကြိုးပမ်းရာတွင် တိကျသည့် သတင်းအချက်အလက်များရရှိရန် မဖြစ်မနေလိုအပ်သည်ဟု ဆိုခဲ့ပြီးနောက် ဇွန် ၉ ရက်တွင် ဘရာဇီးတရားရုံးချုပ်က ကျန်းမာရေးဝန်ကြီးဌာနကို ရောဂါဖြစ်ပွားမှုဆိုင်ရာ စာရင်းအချက်အလက်များ တိတိကျကျ ထုတ်ပြန်ရန် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဗြိတိန်နှင့် ဂျပန် လွတ်လပ်သောကုန်သွယ်ရေးဆွေးနွေးပွဲ စတင်

**လန်ဒန် ဇွန် ၁၀**

ဗြိတိန်နှင့် ဂျပန်နိုင်ငံတို့သည် လွတ်လပ်သောကုန်သွယ်ရေးဆွေးနွေးပွဲညှိနှိုင်းမှုများကို ဇွန် ၉ ရက်က စတင်လိုက်ကြောင်း သိရသည်။ စီးပွားရေးအင်အားကြီးနှစ်နိုင်ငံသည် ဘရက်ဆစ်အလွန်သဘောတူညီမှုတစ်ခုကို ရရှိရန်ကြိုးစားနေကြောင်း ဗြိတိန် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးဝန်ကြီး အဲလိဇဘတ် ထရက်စ်က ပြောကြားလိုက်သည်။

ဂျပန်နိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်သည် ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘက်ပေါင်းစုံသဘောတူညီချက်ကို သွားနေသည့် ဗြိတိန်၏ကြီးမားပြီးအရေးပါသည့် သမိုင်းမှတ်တိုင်ကြီးတစ်ခု ဖြစ်နိုင်ကြောင်း ထရက်စ်က ပြောကြားလိုက်သည်။

ထရက်စ်က ကုန်သွယ်ရေးဆွေးနွေးမှုသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည့် မမျှော်မှန်းနိုင်သော စီးပွားရေးအပေါ် မှန်ကန်သည့် တုံ့ပြန်မှုပင်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ယခုလိုလုပ်ဆောင်လိုက်ခြင်းဖြင့် မျှတသည့် နိုင်ငံတကာ ကုန်သွယ်ရေးစနစ်တစ်ခုကို ဖန်တီးလိုက်ခြင်းဖြစ်သလို ပြည်တွင်းလုပ်ငန်းများကို ပြည်ပယှဉ်ပြိုင်မှုမှ ကာကွယ်ပေးထားခြင်းကိုလည်း ရှောင်ရှားနိုင်မည်ဖြစ်ကာ ပြည်တွင်းစီးပွားရေးလက်ဝါးကြီးအုပ်မှုကိုလည်း ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း ထရက်စ်က ပြောသည်။ **ဆင်ဟွာ**

# ပြင်သစ်နိုင်ငံ ပါရီမြို့တွင် လူများစုဝေးပြီး ဂျော့ဂျ်ဖလွိုဒ်သေဆုံးမှုကို ဝမ်းနည်းကြောင်းဖော်ပြ

**ပါရီ ဇွန် ၁၀**

ဂျော့ဂျ်ဖလွိုဒ်သေဆုံးမှုကို ဝမ်းနည်းကြောင်းဖော်ပြရန် နိုင်ငံရေးခေါင်းဆောင်များအပါအဝင် လူဦးရေ ၂၀၀၀ ကျော်သည် အမေရိကန်ပြည်ထောင်စုတက္ကဆက်ပြည်နယ်တွင် ၎င်း၏ စျာပနကျင်းပသောအချိန်နှင့်တစ်ချိန်တည်း ဇွန် ၉ ရက်ညနေက ပြင်သစ် နိုင်ငံ ပါရီမြို့တွင် စုဝေးခဲ့ကြကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

မေ ၂၅ ရက်က လူဖြူရဲအရာရှိများ ဖမ်းဆီးစဉ်အတွင်း သေဆုံးခဲ့သည့် အသက် ၄၆ နှစ်ရှိ ဂျော့ဂျ်ဖလွိုဒ်သေဆုံးမှုသည် အမေရိကန်ပြည်ထောင်စုတစ်ဝန်း ဆူပူအုံကြွမှုများ ဖြစ်ပေါ်စေခဲ့သလို ကမ္ဘာတစ်ဝန်းလုံးတွင်လည်း လူမျိုးရေး ခွဲခြားမှုအပေါ် ဆန့်ကျင်ဆန္ဒပြမှုများဖြစ်ပွားခဲ့သည်။

ပြင်သစ်တော်လှန်ရေးဝါဒီ (လက်ဝဲယိမ်းဝါဒီ) ကို လက်ကိုင်ပြုထားသော ပြင်သစ်အနိုင်မခံ အရှုံးမပေးပါတီ (ဖရန့်စ်အန် ဘောင်းပါတီ)၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်နှင့် အစိမ်းရောင်ပါတီများမှ ပါတီခေါင်းဆောင်များလည်း ဇွန် ၉ ရက် စုဝေးပွဲသို့ တက်ရောက်လာကြသည်။ အဆိုပါအဖွဲ့ကို အက်စ်အိုအက်စ် ရေဆစ်မီဟုခေါ်သည်။

လူမျိုးရေးခွဲခြားမှုကိုဆန့်ကျင်သည့် လှုပ်ရှားမှုအဖွဲ့ကို နိုင်ငံအတွင်းဖွဲ့စည်းထားကြောင်း၊ လူမျိုးရေးခွဲခြားမှုများကို မမြင်တွေ့လိုကြောင်း ဖရန့်စ်အန်ဘောင်းပါတီမှ ပါတီခေါင်းဆောင် ဂျန်လက်ခ်မီလန်ချွန်က ပြောသည်။

လက်ကိုင်ပိုစတာများ ကိုင်ဆောင်ထားသော တက်ရောက်လာသူအချို့သည် ဖလွိုဒ်နှင့် မကြာသေးမီက ပြင်သစ်ရဲများလက်ချက်ဖြင့် သေဆုံးခဲ့သူများကြား အပြိုင်ရပ်လျက် ဝမ်းနည်းကြောင်းဖော်ပြခဲ့ကြသည်။ ပြည်ထဲရေးဝန်ကြီး ခရစ်စတို ဖီကတ်စ်တာနာက ရဲများနှင့်ပတ်သက်သည့်ကိစ္စအချို့ကို မှာကြားခဲ့သည်။

ရဲများအနေဖြင့် အသက်ရှူကျပ်အောင် ဖမ်းဆီးချုပ်နှောင်ခြင်းမပြုရန်နှင့် တရားဥပဒေစိုးမိုးရေးတွင် လူမျိုးရေးခွဲခြားမှုအပေါ် သတိဖြင့်ကိုင်တွယ်ရန်နှင့် သည်းခံစိတ်မွေးရန် မှာကြားခဲ့သည်။

မကြာသေးမီ သီတင်းပတ်များအတွင်း သက်ဆိုင်ရာအရာရှိများသည် တာဝန်ထမ်းဆောင်ရာတွင် အားနည်းချက်များရှိခဲ့ကြောင်းနှင့် လူမျိုးရေးခွဲခြားမှုနှင့်ဖိနှိပ်မှုများကို များစွာတွေ့ရှိခဲ့ကြောင်း ကတ်စ်တာနာက ပြောသည်။

အက်စ်အိုအက်စ်ရေဆစ်မီအဖွဲ့ဥက္ကဋ္ဌ ဒိုမီနစ်ဆော်ပိုက ကတ်စ်တာနာ၏ ပြောကြားချက်များအပေါ် ကြိုဆိုခဲ့သည်။

အလားတူ ပြင်သစ်နိုင်ငံတစ်ဝန်းရှိ မြို့များတွင် ဆန္ဒပြသူများ စုဝေးကြကြောင်း သိရသည်။ ကိုရိုနာဗိုင်းရပ်စ် ထပ်မံမဖြစ်ပွားအောင် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရမည့် လမ်းညွှန်ချက်များ ချမှတ်ထားသော်လည်း ဇွန် ၉ ရက်တွင် လူထုလှုပ်ရှားမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ပါရီမြို့ ဒီလာရီပတ်ဘလစ်ပြည်သူ့ပန်းခြံတွင် ဆန္ဒပြပြည်သူများစုဝေးနေသည်ကို တွေ့ရစဉ်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ကို တွေ့ရစဉ်။

# အမေရိကန်နှင့် ရုရှားတို့ နျူကလီးယားဆွေးနွေးမှု ပြန်လည်စတင်တော့မည်

**မော်စကို ဇွန် ၁၀**

ရုရှားနိုင်ငံက အမေရိကန်နိုင်ငံနှင့် ယခုလတွင် နျူကလီးယားဆွေးနွေးမှုကို ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း ဇွန် ၉ ရက်က အတည်ပြုပြောကြားလိုက်သည်။

ရုရှား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီရက်ဘ်ကော့ဗ်သည် ဇွန် ၂၂ ရက်တွင် အမေရိကန် သံတမန် မာရှယ်ဘီလင်စလီးယားနှင့်တွေ့ဆုံပြီး ဖေဖော်ဝါရီလက စာချုပ်သက်တမ်းလွန်ခဲ့သော နျူကလီးယားလက်နက်လျှော့ချရေး စာချုပ်သစ်ကိစ္စကို ညှိနှိုင်းဆွေးနွေးမည်ဖြစ်သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က နိုင်ငံတကာ သဘောတူညီမှုအတော်များများမှ ထွက်ခွာခဲ့သော်လည်း နျူကလီးယားလက်နက်လျှော့ချရေးစာချုပ်သစ်ကိစ္စကို စိတ်ဝင်စားကြောင်း သတင်းများ ထွက်ပေါ်လာသည်။ အဆိုပါ စာချုပ်က အမေရိကန်ပြည်ထောင်စုနှင့် ရုရှားတို့၏ နျူကလီးယားပိုင်ဆိုင်မှုများကို ထက်ဝက်လျှော့ချစေမည် ဖြစ်သည်။

တရုတ်နိုင်ငံကို ဆွေးနွေးညှိနှိုင်းမှု လုပ်ဆောင်ရန် ခေါ်ခြင်း၊ မခေါ်ခြင်းသည် အမေရိကန်နိုင်ငံတွင်သာ မူတည်ကြောင်း ရက်ကော့ဗ်က မော်စကို မီဒီယိုအစည်းအဝေးမှနေပြီး နိုင်ငံတကာဆက်ဆံရေးကောင်စီကို ပြောကြားလိုက်သည်။

တရုတ်နိုင်ငံ၏ နျူကလီးယားလက်နက်အင်အားကြီးထွားလာနေသော်လည်း ရုရှားနှင့် အမေရိကန်ထက် နည်းကြောင်း သိရသည်။

ရုရှားနိုင်ငံက အမေရိကန်အနေဖြင့် တရုတ်နိုင်ငံကို ဖိတ်ခေါ်မည်ဆိုလျှင် ငြင်းပယ်မည်မဟုတ်ကြောင်း ပြောခဲ့သည်။

ထို့အတူ အမေရိကန်နိုင်ငံ၏ မဟာမိတ်နိုင်ငံများဖြစ်သော နျူကလီးယားအနည်းငယ်ပိုင်ဆိုင်သည့် ဗြိတိန်နှင့် ပြင်သစ်တို့ကိုလည်း ဆွေးနွေးပွဲသို့ ဖိတ်ကြားသင့်ကြောင်း ရက်ဘ်ကော့ဗ်က ပြောသည်။

**အေအက်ဖ်ပီ**

## နောက်ထပ်ကပ်ရောဂါဖြစ်ပွားမှုအတွက်ပြင်ဆင်ထားရန် မာကယ်နှင့် မက်ခရွန်က အီးယူကိုတိုက်တွန်း

**ဘာလင် ဇွန် ၁၀**

ဥရောပကို ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်ပြီး သတိထားရန်နှင့် ဘရပ်ဆဲလ်ကိုလည်း နောက်တစ်ကြိမ် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုအတွက် အကောင်းဆုံးပြင်ဆင်ရန် နည်းလမ်းများကို စဉ်းစားထားရန် ပြင်သစ်၊ ဂျာမနီနှင့် အခြားအဖွဲ့ဝင်နိုင်ငံလေးနိုင်ငံမှ ခေါင်းဆောင်များက ဇွန် ၉ ရက်တွင် ပြောကြားလိုက်သည်။

လူပေါင်း ၁၈၄၂၅၆ ဦး သေဆုံးခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုအပေါ် ဥရောပ၏ ဖရိုဖရဲတုံ့ပြန်မှုနှင့်ပတ်သက်ပြီး ၎င်းတို့က သတိပေးပြောကြားလိုက်သလို ကပ်ရောဂါအပေါ် ဥရောပ၏ ပြင်ဆင်ထားမှုနှင့်ပတ်သက်ပြီး မေးခွန်းများ မေးရတော့မလို ဖြစ်နေပြီး ကိုရိုနာဗိုင်းရပ်စ် ဒုတိယလှိုင်းထပ်မံဖြစ်ပွားလာမှုကို မည်သို့ မည်ပုံချဉ်းကပ် အဖြေရှာမလဲဆိုသည့် အပေါ်လည်း မီးမောင်းထိုးပြလိုက်သည်။

ဥရောပကော်မရှင်အကြီးအကဲ အာဆူလာဗွန်ဒါလီယန်သို့ ပေးပို့လိုက်သော စာထဲတွင်လည်း ခေါင်းဆောင်များက ယခုပေးပို့လိုက်သော စာသည် အကျိုးအမြတ်တစ်စုံတစ်ရာရှိမည်ဟု မိမိတို့အနေဖြင့် မျှော်လင့်ကြောင်း၊ နောက်ထပ် ထပ်မံဖြစ်ပေါ်လာနိုင်သည့် ကပ်ရောဂါအတွက် ဥရောပ၏ ပြင်ဆင်ထားရှိမှုနှင့်ပတ်သက်ပြီး ဘယ်လိုမျိုး စိတ်ချရသည့် အနေအထားရောက်အောင်လုပ်ဆောင်မလဲဆိုသည့်ကိစ္စနှင့်ပတ်သက်ပြီး ဥရောပအဆင့်ဆွေးနွေးပွဲများ လုပ်ဆောင်နိုင်ရန်လည်း လမ်းခင်းပေးသလိုဖြစ်မည်ဟု မျှော်လင့်ကြောင်းဖော်ပြထားသည်။

အဆိုပါစာကို ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်၊ ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်၊ ပိုလန်ဝန်ကြီးချုပ် မက်တက်ဆုမိုရာဝစ်ကီ၊ စပိန်ဝန်ကြီးချုပ် ပီထရိုဆန်ချက်၊ ဘယ်လ်ဂျီယံဝန်ကြီးချုပ် ဆိုဖီဝယ်မက်စ်နှင့် ဒိန်းမတ်ဝန်ကြီးချုပ် မက်တီဖရယ်ဒရစ်ဆန်တို့က လက်မှတ်ရေးထိုးခဲ့သည်။

ထို့အပြင် အဆိုပါ စာထဲတွင် ဥရောပတိုက်တစ်ခုလုံး ရောဂါကူးစက်ပျံ့နှံ့နေချိန်တွင် ဆေးဘက်ဆိုင်ရာ အကူအညီ လိုအပ်နေမှုကိုလည်း အလေးပေးဖော်ပြထားသည်။

နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ဥရောပခေါင်းဆောင်များသည် ဇွန် ၁၉ ရက်တွင် ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းနှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်း ဆောင်ရွက်နိုင်ရန် အွန်လိုင်းအစည်းအဝေးပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**အေအက်ဖ်ပီ**



ပြင်သစ်သမ္မတ မက်ခရွန်နှင့် ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်တို့ကို တွေ့ရစဉ်။

## ဆန္ဒပြမှုများကို ကိုင်တွယ်ရန် ဝါရှင်တန်ဒီစီသို့ စေလွှတ်လိုက်သော တပ်ဖွဲ့ဝင်များ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရ

**ဝါရှင်တန်ဒီစီ ဇွန် ၁၀**

ဂျော့ဂျ်ဖလွိုဒ်သေဆုံးမှုနှင့်ပတ်သက်ပြီး ဆန္ဒပြမှုများကို ကိုင်တွယ်ဖြေရှင်းရန် အမေရိကန်မြို့တော် ဝါရှင်တန်ဒီစီသို့ စေလွှတ်လိုက်သော အမျိုးသား ကာကွယ်ရေးတပ်ဖွဲ့ဝင်များတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုဖြစ်ပွားခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ဇွန် ၉ ရက်တွင် ပြောကြားလိုက်သည်။

အမျိုးသားအစောင့်တပ်ဖွဲ့ဝင် မည်မျှ ကိုရိုနာဗိုင်းရပ်စ်ကူးစက် မှုဖြစ်ပွားခဲ့သလဲဆိုသည်ကိုမူ အဆိုပါ စစ်ဘက်ဆိုင်ရာကြေညာချက်တွင် ဖော်ပြခြင်းမရှိကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောခဲ့သည်။

မြို့တော်ကိုစေလွှတ်ခြင်းမပြုမီ ၎င်းတို့အားလုံး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခြင်း ရှိ မရှိ စစ်ဆေးရကြောင်းနှင့် ထွက်ခွာခါနီးတွင် နောက်တစ်ကြိမ်စစ်ဆေးရကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

လူမှုမီဒီယာများတွင် ဖော်ပြထားသော ဗီဒီယိုဖိုင်များတွင် အမျိုးသားကာကွယ်ရေး တပ်ဖွဲ့ဝင်များသည် ဆန္ဒပြမှုများကို တုံ့ပြန်ဖြေရှင်းရာတွင် နှာခေါင်းစည်း တပ်ဆင်ထားခြင်း မရှိသည်ကို တွေ့မြင်ခဲ့ရသည်။

**ဆင်ဟွာ**

# ဟွန်ဒါကားကုမ္ပဏီ ဆိုက်ဘာ တိုက်ခိုက်ခံရ

◇◇◇◇◇ ကလျာမိုးမြင့် ◇◇◇◇◇

**ကမ္ဘာ့နာမည်ကြီး မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ ဟွန်ဒါဟာ လက်ရှိမှာဆိုက်ဘာတိုက်ခိုက်ခံရတဲ့ပြဿနာကို ဖြေရှင်းနေရပြီး ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ၎င်းရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို အနှောင့်အယှက်ဖြစ်စေခဲ့တယ်လို့ နိုင်ငံတကာသတင်းတွေမှာ ဖော်ပြပါတယ်။**



**"ဆိုက်ဘာတိုက်ခိုက်မှု ကျူးလွန်တဲ့ ရာဇဝတ်ကောင်တွေဟာ ဟွန်ဒါရဲ့ ကွန်ပျူတာစနစ်ထဲကို ဘယ်လိုထိုးဖောက် ဝင်ရောက်လာခဲ့လဲဆိုတာကို အခုချိန်အထိ မသိရသေး"**

## ကွန်ရက်ကို ပစ်မှတ်ထား

ဟွန်ဒါရဲ့ ကွန်ရက်ကို ပစ်မှတ်ထားတဲ့ ဆိုက်ဘာတိုက်ခိုက်မှုတစ်ခု ဖြစ်နိုင်တယ်လို့ ကုမ္ပဏီက ထုတ်ပြန်ချက်တစ်စောင်မှာ ဖော်ပြထားပါတယ်။ ဆိုက်ဘာတိုက်ခိုက်ခံလိုက်ရမှုကြောင့် ဟွန်ဒါရဲ့ ကွန်ပျူတာဆာဗာတွေထဲကို ဝင်ရောက်လို့ မရနိုင်တော့တဲ့အတွက် အတွင်းပိုင်းက စနစ်တွေကိုသုံးဖို့ အီးမေးလ်နဲ့ တခြားလမ်းကြောင်းတွေကနေ ဝင်ရောက်ခဲ့ရပါတယ်။ ဂျပန်နိုင်ငံပြင်ပမှာရှိတဲ့ ထုတ်လုပ်ရေးစနစ်တွေမှာလည်း ပြဿနာတွေ ရှိခဲ့တယ်လို့ သိရပါတယ်။

## ပြင်ပကနေ ဆိုက်ဘာတိုက်ခိုက်

လက်ရှိမှာကုမ္ပဏီအနေနဲ့ ဆိုက်ဘာတိုက်ခိုက်ခံရမှုကြောင့် ဖြစ်လာတဲ့ ထိခိုက်မှုအကျိုးဆက်ကို နည်းနိုင်သမျှ နည်းစေဖို့ ကြိုးပမ်းနေပြီး ထုတ်လုပ်မှု၊ ရောင်းချဖြန့်ဖြူးမှုနဲ့ ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားမှုတွေ အပြည့်အဝ လုပ်ငန်းပြန်လည်လည်ပတ်နိုင်ဖို့ လုပ်ဆောင်နေတယ်လို့ ကုမ္ပဏီက ပြောကြားခဲ့ပါတယ်။

ဟွန်ဒါကုမ္ပဏီဟာ မော်တော်ဆိုင်ကယ်တွေ၊ မော်တော်ကားတွေ၊ မီးအားမြှင့်စက်နဲ့ မြက်ရိတ်စက်တွေ အပါအဝင် အခြားလျှပ်စစ်ပစ္စည်းတွေကို ထုတ်လုပ်ပေးနေတဲ့ ကုမ္ပဏီ တစ်ခုပါ။ ဟွန်ဒါရဲ့ အရေးကြီးတဲ့ အတွင်း ပိုင်းကျတဲ့ ဆာဗာတွေထဲကတစ်ခုကို ပြင်ပ ကနေ ဆိုက်ဘာတိုက်ခိုက်ခဲ့တာဖြစ်ပြီး ဗိုင်းရပ်စ်ဟာ ဟွန်ဒါကွန်ရက်တစ်ခုလုံးကို ပျံ့နှံ့သွားခဲ့တယ်လို့ ကုမ္ပဏီရဲ့ တာဝန်ရှိသူတွေက ပြောပါတယ်။ ဒါပေမယ့် ဒီထက် ပိုပြီး အသေးစိတ်ကျကျတော့ ဖော်ပြထားခြင်းမရှိပါဘူး။

## နည်းပညာဆိုင်ရာအခက်အခဲကြုံနေ

အခုအချိန်မှာ ဟွန်ဒါရဲ့ ဝယ်သူကို ဝန်ဆောင်မှုပေးခြင်းနဲ့ ငွေကြေးဝန်ဆောင်မှုစနစ်တွေမှာ နည်းပညာဆိုင်ရာ အခက်အခဲတွေ ကြုံတွေ့နေရတဲ့အတွက် ဝန်ဆောင်မှု မရရှိသေးပါဘူး။ ကျွန်ုပ်တို့အနေနဲ့ ပြဿနာကို အမြန်ဆုံးဖြေရှင်းနိုင်ဖို့ အတတ်နိုင်ဆုံးကြိုးစားနေပါတယ်။ မိတ်ဆွေများရဲ့ အဆင်မပြေဖြစ်ရမှုအတွက် အနူးအညွတ် တောင်းပန်ပါတယ်။ စိတ်ရှည်သည်းခံမှုအတွက်လည်း ကျေးဇူးအထူး တင်ရှိပါတယ်ဆိုပြီး ဟွန်ဒါရဲ့ ဝယ်သူကို ဝန်ဆောင်မှုပေးတဲ့ အကောင့်တစ်ခုက တွစ်တာပေါ်မှာ ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။

## ပြန်ကောင်းလာဖို့ မျှော်လင့်

လက်ရှိမှာ ဟွန်ဒါကုမ္ပဏီက ဟွန်ဒါစီဗစ်ကားတွေ ထုတ်လုပ်တဲ့နေရာဖြစ်တဲ့ Swindon ရှိစက်ရုံတစ်ရုံကို လည်ပတ်ဆောင်ရွက်နေပြီး အဲဒီစက်ရုံကို ၂၀၂၁ မှာ ပိတ်သိမ်းတော့မယ်လို့ သိရပါတယ်။

ထို့အတူ မြောက်အမေရိက၊ တူရကီ၊ အီတလီနဲ့ ဂျပန်နိုင်ငံတွေမှာ လည်ပတ်နေတဲ့ ဟွန်ဒါကား တပ်ဆင်စက်ရုံတွေနဲ့အတူ ဗြိတိန်မှာရှိတဲ့ လုပ်ငန်းကိုပါ ရပ်ဆိုင်းလိုက်တော့မှာ ဖြစ်တယ်လို့ ဟွန်ဒါကုမ္ပဏီက အတည်ပြု ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ထိခိုက်မှုဖြစ်ပေါ်ခဲ့တဲ့ ဟွန်ဒါရဲ့ လုပ်ငန်းဆောင်တာအချို့ကို ယခုရက်သတ္တပတ်အတွင်းမှာပဲ ပြန်ကောင်းလာနိုင်မယ်လို့ မျှော်လင့်ကြောင်း ကုမ္ပဏီက ဖော်ပြခဲ့ပါတယ်။

## ကုဒ်တွေအဖြစ် ပြောင်းပစ်

ဆိုက်ဘာကျွမ်းကျင်သူအချို့က ဒီကိစ္စမှာ ဟက်ကာတွေဟာ ပြန်ပေးငွေမရမချင်း ကွန်ပျူတာထဲကို ဝင်ရောက်လို့ မရနိုင်အောင် ပိတ်ဆို့တားဆီးထားတဲ့ ဆော့ဖ်ဝဲတစ်မျိုးကို အသုံးပြုတဲ့ တိုက်ခိုက်မှုပုံစံမျိုး ဖြစ်နိုင်တယ်လို့ ယူဆကြပါတယ်။ ဟက်ကာတွေက ဟွန်ဒါရဲ့အိုင်တီစနစ်အချို့မှာ ဒေတာအချက်အလက်တွေကို လော့ချတာ ဒါမှမဟုတ် ၎င်းတို့သာ နားလည်နိုင်မယ့် ကုဒ်တွေအဖြစ် ပြောင်းပစ်တာမျိုး ဖြစ်နိုင်တယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

## ထိန်းချုပ်ရေးကွန်ရက်ကို တိုက်ခိုက်ဖို့ ဖန်တီးထားခြင်းဖြစ်

လုံခြုံရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ ဆန်တီနယ်ဝမ်းရဲ့ လုံခြုံရေးဆိုင်ရာ အကြံပေးအဖွဲ့ အကြီးအကဲ မော်ဂန်ရိုက်က ယခုဖြစ်သွားတဲ့ ဆိုက်ဘာတိုက်ခိုက်မှုမှာ Ekans ransom-ware လို့ခေါ်တဲ့ ဆော့ဖ်ဝဲတစ်မျိုး သုံးခဲ့တဲ့ ပုံစံပဲလို့ ဆိုပါတယ်။ Ekans သို့မဟုတ် Snake ransomware ကို စက်ရုံလုပ်ငန်းဆိုင်ရာ ထိန်းချုပ်ရေးစနစ် ကွန်ရက်တွေကို တိုက်ခိုက်ဖို့ ရည်ရွယ်ပြီး တီထွင်ဖန်တီးထားတာဖြစ်တယ်လို့ သိရပါတယ်။

## ထုတ်လုပ်ရေးစနစ် နှောင့်ယှက်ခံရ

ဟွန်ဒါရဲ့ ထုတ်လုပ်ရေးလုပ်ငန်းတွေ ရပ်ဆိုင်းထားရပြီး စက်ရုံလုပ်သားတွေကို နေအိမ်မှာ ခေတ္တအနားယူခိုင်းလိုက်ရခြင်းက ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ထုတ်လုပ်ရေးစနစ်တွေ နှောင့်ယှက်ခံလိုက်ရတယ်ဆိုတာကို ပြနေတာဖြစ်တယ်လို့ ကျွမ်းကျင်သူတွေက ထောက်ပြကြပါတယ်။

ဟွန်ဒါကုမ္ပဏီကတော့ ဆိုက်ဘာတိုက်ခိုက်ခံရမှုမှာ ဘာအချက်အလက်မှ ကျိုးပေါက်ခဲ့ခြင်းမရှိဘူးလို့ အခိုင်အမာ ပြောဆိုခဲ့ပါတယ်။ ဒီလို တိုက်ခိုက်ခံခဲ့ရတဲ့အတွက် စီးပွားရေးအရ ထိခိုက်မှု အနည်းအကျဉ်းတော့ဖြစ်ပေါ်ခဲ့တယ်လို့ ဆိုပါတယ်။ ဟွန်ဒါကုမ္ပဏီက ကမ္ဘာတစ်ဝန်းမှာရှိတဲ့ လုပ်ငန်းခွဲတွေနဲ့ တခြားဆက်စပ်ကုမ္ပဏီအုပ်စုပေါင်း ၄၀၀ ကျော်မှာ ဝန်ထမ်းအလုပ်သမားအရေအတွက် ၂၂၀၀၀၀ နီးပါးအထိ ခန့်ထားပါတယ်။

## ဟက်ကာတိုက်ခိုက်မှု မြင့်တက်

ဆိုက်ဘာတိုက်ခိုက်မှု ကျူးလွန်တဲ့ ရာဇဝတ်ကောင်တွေဟာ ဟွန်ဒါရဲ့ ကွန်ပျူတာစနစ်ထဲကို ဘယ်လိုထိုးဖောက် ဝင်ရောက်လာခဲ့လဲဆိုတာကို အခုချိန်အထိ မသိရသေးပါဘူး။ ဒါပေမယ့် လေ့လာစစ်ဆေးမှုတွေအရ ဟက်ကာတွေဟာ ransomware ဆော့ဖ်ဝဲကို အသုံးပြုတဲ့ တိုက်ခိုက်မှုတွေ မြင့်တက်လာတာကို ဖော်ပြနေပါတယ်။ ပြီးခဲ့တဲ့ နှစ်ကနဲ့ နှိုင်းယှဉ်ကြည့်ရင် ၂၀၂၀ ပြည့်နှစ်ရဲ့ ပထမ လေးလပတ်အတွင်းမှာ ransomware သုံးပြီး တိုက်ခိုက်ခံရမှု ၂၅ ရာခိုင်နှုန်း လောက်မြင့်တက်လာခဲ့တယ်လို့ Beazley အာမခံကုမ္ပဏီက ပြောပါတယ်။

## အလစ်အငိုက်ဖမ်း ထောင်ချောက်ဆင်

အဆိုပါကုမ္ပဏီရဲ့ တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ ကက်သရင်းကီဖီက ဆိုက်ဘာရာဇဝတ်မှုကျူးလွန်သူတွေဟာ ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်နေတဲ့ အချိန်အတောအတွင်းပြည်သူတွေရဲ့ စိုးရိမ်ကြောင့်ကြမှု မြင့်တက်လာနေတာကို အလစ်အငိုက်ဖမ်းပြီး သတင်းအချက်အလက် ခိုးယူမယ့် လင့်တွေကို အွန်လိုင်း သုံးစွဲသူတွေက ကလစ်နှိပ်ပြီး လူမှုကွန်ရက်မှာ မျှဝေမိအောင် ထောင်ချောက်ဆင်နေကြတယ်လို့ ပြောခဲ့ပါတယ်။

ဒီတော့ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းတွေအနေနဲ့ ၎င်းတို့ရဲ့ လုံခြုံရေးစနစ်တွေကို အချိန်နှင့်အမျှ ဆန်းသစ်အောင် အခိုင်အမာလုပ်ထားဖို့ လိုအပ်သလို နေအိမ်ကနေ အလုပ်လုပ်တဲ့ လုပ်ဖော်ကိုင်ဖက်တွေ အနေနဲ့လည်း နိုးကြားသတိရှိဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘီဘီစီ**

---

# နိုင်ငံတကာသတင်းတိုထွာ

## ကမ္ဘာ့စီးပွားရေး ကျဆင်းနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်း

**ဂျီနီဗာ ဇွန် ၁၀**

ကိုဗစ်-၁၉ ရောဂါကူးစက်မှု၏ နောက်ဆက်တွဲဂယက်ရိုက်မှုကြောင့် ကမ္ဘာ့စီးပွားရေးသည် ယခုနှစ်တွင် ၅ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းတွက်ချက်ခဲ့ကြောင်း သိရသည်။

ဇွန် ၈ ရက်က နောက်ဆုံးထုတ်ပြန်ခဲ့သည့် ကမ္ဘာ့စီးပွားရေး အလားအလာ အစီရင်ခံစာ၌ ကမ္ဘာ့ဘဏ်၏ ခန့်မှန်းတွက်ချက်မှုကို ကြေညာခဲ့ပြီး အဆိုပါကိန်းဂဏန်းသည် ကမ္ဘာတစ်ဝန်း ကပ်ရောဂါ မကျရောက်မီ ဇန်နဝါရီလကတည်းက ခန့်မှန်းချက်မှာ ၇ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ယင်းကျဆင်းမှုက ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် အဆိုးဆုံး စီးပွားရေးကျဆင်းမှုဖြစ်နိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

## ဆိုက်ဘာအနိုင်ကျင့်မှုကို ဖြေရှင်းရန် ဂျပန်အာဏာရပါတီ ကြိုးပမ်း

**တိုကျို ဇွန် ၁၀**

အွန်လိုင်းပေါ်၌ အမည်ထုတ်ဖော်ခြင်းမရှိသည့် အနိုင်ကျင့်မှုများကို လွယ်လွယ်ကူကူ ဖော်ထုတ်နိုင်ရန်အတွက် လုပ်ငန်းစဉ် မူကြမ်းများကို ဂျပန်အာဏာရပါတီအဖွဲ့ဝင်များက စတင်ရေးဆွဲခဲ့ကြကြောင်း သိရသည်။

လူမှုကွန်ရက်ပေါ်တွင် ဆိုက်ဘာအနိုင်ကျင့်ခြင်း (cyber bullying) ပြုလုပ်ခံရပြီးနောက် မိမိကိုယ်ကို အဆုံးစီရင်သွားခဲ့သည်ဟု ယူဆရသည့် တီဗွီစတားတစ်ဦးလည်းဖြစ်၊ အမျိုးသမီး ကြေးစားနပန်းသမားတစ်ဦးလည်းဖြစ်သည့် ကီမူရာ ဟာနာသေဆုံးမှု ဖြစ်ပွားခဲ့ပြီးနောက်တွင် ဂျပန်အာဏာရပါတီက ထိုသို့ လုပ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။

လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက အင်တာနက်ပေါ်တွင် အမည်မဖော်ဘဲ ရေးသားသူများကို အလျင်အမြန်ဖော်ထုတ်နိုင်ရေးအတွက်ကို အချက်အလက် လူသိရှင်ကြား ထုတ်ပြန်ရေးတောင်းဆိုချက်ဆိုင်ရာ ကန့်သတ်ချက် ဖြေလျှော့ရေးကို တိုက်တွန်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၀–၆–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၉–၆–၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၆၄၉) ခု၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL–MLM) မှ စစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၂၆၁) ခုနှင့် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော် ဆေးရုံကြီး၊ ခုတင် (၁၀၀၀) မှ စစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၇၄) ခု၊ စုစုပေါင်း (၉၈၄) ခုတွင် –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၁၀–၆–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၄၆) ဦး ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၉–၆–၂၀၂၀) ရက်နေ့တွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁၁၈၆) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၂၀၆) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL–Mdy) မှ ဓာတ်ခွဲနမူနာ (၁၈၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL–MLM) မှ ဓာတ်ခွဲနမူနာ (၂၆၁) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀) ဓာတ်ခွဲနမူနာ (၂၁၃) ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၂၀၅၄) ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

### COVID–19 ရောဂါအတွက်
### ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်
### (၁၀–၆–၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ

| | |
|---|---|
| (၉–၆–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၄၉) ခု |
| (၉–၆–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL–MLM)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၆၁) ခု |
| (၉–၆–၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၄)ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၀–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၁၀–၆–၂၀၂၀) ရက်နေ့အတွက် COVID–19 ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၅၃) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၁၅၅) ခု၊
- အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် – ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၇၇) ခု၊ စုစုပေါင်း (၇၈၅) ခုအား ယနေ့ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂) ဦး တွေ့ရှိရပါသည်။

၂။ (၁၀–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၄၈) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၆) ဦး (Case– 23, 113, 123, 139, 152, 170) ရှိသဖြင့် (၁၀–၆–၂၀၂၀) ရက်နေ့အထိ ရောဂါပိုးကင်းစင်လာသူ စုစုပေါင်း (၁၆၅) ဦး ရှိပါသည်။ ၎င်းတို့အနက် (၁၄၈) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၅။ (၉–၆–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၀–၆–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၈) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

### COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
### (၁၀–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၀–၆–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၅၃) ခု |
| (၁၀–၆–၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၅) ခု |
| (၁၀–၆–၂၀၂၀) ရက်နေ့တွင် အမှတ် (၁) တပ်မတော် ဆေးရုံကြီး (ခုတင်–၁,၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၇)ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂) ဦး |

### COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
### (၁၀–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၂၄၈) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၆) ဦး | (၁၆၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၁၀–၆–၂၀၂၀)ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID–19 လူနာတွေ့ရှိမှု
ည (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID–19 ရောဂါ အတည်ပြု လူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID–19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 247 | ၄၆ နှစ် | မ | မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | ရှိ (ဘင်္ဂလားဒေ့ရှ်) | ခရိုင်ပြည်သူ့ဆေးရုံ၊ မောင်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မောင်တောမြို့နယ်) |
| 248 | ၃၂ နှစ် | ကျား | မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | ရှိ (ဘင်္ဂလားဒေ့ရှ်) | ခရိုင်ပြည်သူ့ဆေးရုံ၊ မောင်တောမြို့ | တွေ့ရှိ | |

## ဖလမ်းမြို့ရှိ မသန်စွမ်းသူများအား ဆန်၊ ပဲ၊ ကြက်သွန်နီများ ထောက်ပံ့ပေး

**ဖလမ်း ဇွန် ၁၀**

ဖလမ်းမြို့ပေါ်ရှိ မသန်စွမ်းသူများကို ဇွန် ၉ ရက်တွင် စေတနာ့ဝန်ထမ်းများက ဆန်၊ ပဲ၊ ကြက်သွန်နီများ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

"ဖလမ်းမြို့ပေါ်အတွင်းမှာရှိတဲ့ ခက်ခဲတဲ့မသန်စွမ်းတွေ၊ စားရေးသောက်ရေး နည်းနည်းလေး ဒုက္ခရောက်နိုင်တဲ့ အနေအထားမှာရှိတဲ့သူတွေကို ကိုဗစ်ကော်မတီကနေ ဆန်၊ ထောပတ်ပဲနဲ့ ကြက်သွန်နီတို့ကို အိမ်တိုင်ရာရောက် ကိုဗစ် စေတနာ့ဝန်ထမ်းအဖွဲ့ကနေ လိုက်လံပို့ဆောင်နေတာ ဖြစ်ပါတယ်။ ဖလမ်း ကိုဗစ်–၁၉ ကော်မတီရဲ့ ဒုတိယအကြိမ်မြောက် ပေးအပ်မှုပါ။ ပထမအကြိမ်တုန်းကတော့ ဖလမ်းမြို့အတွင်းမှာရှိတဲ့ အသင်းတော်အခြေပြုပြီးတော့ ပုံမှန်ဝင်ငွေမရှိတဲ့ စားဝတ်နေရေးခက်ခဲတဲ့ အိမ်ထောင်စု ၂၅၀ ကို ဆန်များ ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်" ဟု ကိုဗစ်–၁၉ ဖလမ်းကော်မတီ အတွင်းရေးမှူး ဆလိုင်းငယ်ပီးသျှန်အုပ်ထန်းက ပြောသည်။

ဖလမ်းမြို့ရှိ အသင်းတော် ၃၆ ခုမှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၂၅၀ ကို မေ ၃၁ ရက်က ဆန်များ ထောက်ပံ့ပေးခဲ့ကြောင်းနှင့် ဇွန် ၉ ရက်တွင် မသန်စွမ်းသူ ၄၇ ဦးအား ဆန်၊ ထောပတ်ပဲနှင့် ကြက်သွန်နီများကို ကိုဗစ်–၁၉ ဖလမ်းကော်မတီက ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

ဥျန် (ပြန်/ဆက်)

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)က ထောက်ပံ့ကူညီသည့် အမေရိကန်ဒေါ်လာ သုံးသိန်းကျော်တန်ဖိုးရှိ အထောက်အကူပစ္စည်းများ တင်ဆောင်လာသော အထူးလေယာဉ်ရောက်ရှိ

**ရန်ကုန် ဇွန် ၁၀**

မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) က ထောက်ပံ့ကူညီသည့် အမေရိကန်ဒေါ်လာ သုံးသိန်းကျော် တန်ဖိုးရှိ အထောက်အကူ ပစ္စည်းများ တင်ဆောင်လာသော အထူးလေယာဉ်သည် ယနေ့ ညနေ ၆ နာရီ မိနစ် ၄၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်သည်။ **(ယာပုံ)**




အဆိုပါ အထူးလေယာဉ်သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကမ္ဘာ့ကပ်ရောဂါ တိုက်ဖျက်ရေး ဆောင်ရွက်မှုများနှင့် ရောဂါပိုးများကို အရှိန်မြှင့်ပြီး ပိုမို စစ်ဆေးနိုင်ရန်အတွက် UNICEF ၏ စဉ်ဆက် မပြတ်ပံ့ပိုးမှုများမှ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရောက်ရှိလာခြင်း ဖြစ်သည်။

ယင်းလေယာဉ်ဖြင့် ရောက်ရှိလာသည့် အထောက်အကူပြုပစ္စည်းများမှာ အမေရိကန်ဒေါ်လာ ၃၃၄၃၃၀ ဒသမ ၄၂ တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံ (PPE)နှင့်ဆက်စပ်ပစ္စည်းများဖြစ်ပြီး UNICEF အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ထောက်ပံ့ကူညီသွားမည်ဖြစ်သည်။

အလားတူ ဇွန် ၉ ရက် ညနေပိုင်းက UNICEF ၏ ထောက်ပံ့ကူညီမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၄၃၁၉၄၁ ဒသမ ၇၆ တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ(PPE) နှင့် ဆက်စပ်ပစ္စည်းများ တင်ဆောင်လာသော အထူးလေယာဉ်တစ်စင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ပြီး ယင်း ပစ္စည်းများကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ထောက်ပံ့ကူညီသွားမည် ဖြစ်ကြောင်း UNICEF မှ သိရသည်။

ထို့အပြင် UNICEF အနေဖြင့် Gavi အဖွဲ့၏ ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်ကိရိယာ (test kits) နှင့် ဆက်စပ်ပစ္စည်းများကို မေလအတွင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ထောက်ပံ့ကူညီခဲ့သည့်အပြင် UNICEF အနေဖြင့် ၎င်းတို့၏ သီးခြားအစီအစဉ်များဖြင့်လည်း ထောက်ပံ့ကူညီမှုများ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်သည့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ထောက်ပံ့ကူညီမှုများ ပြုလုပ်ခဲ့သည့်အပြင် အိန္ဒိယ၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့ကလည်း ဆေးဝါး၊ စက်ပစ္စည်း နှင့်ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ထောက်ပံ့ကူညီလှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

---




# ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီမှ တိုင်းရင်းသားအဖွဲ့အစည်းများအား ဆက်လက်ထောက်ပံ့

**တောင်ကြီး ဇွန် ၁၀**

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီသည် ယနေ့ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် ကော်မတီရုံးခန်း၌ တိုင်းရင်းသားအဖွဲ့အစည်း သုံးဖွဲ့အား စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်ပွဲသို့ ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်ပြည်သူလူထု စားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီဝင်များ တက်ရောက်၍ ရှမ်းပြည်နယ်တောင်ပိုင်း ကာလိမြို့ အခြေစိုက်အသွင်ပြောင်း ပြည်သူ့စစ်အဖွဲ့ ( SSA/တပ်မဟာ ၇) မှ ဆက်ဆံရေးရုံး တာဝန်ခံ ဦးစိုင်းဆိုင်ဝမ်းနှင့်အဖွဲ့သို့ဆန်အိတ် ၃၀၀ ၊ ဆီပုံး ၃၀ ကိုလည်းကောင်း၊ ကျေးသီးမြို့နယ် ဝမ်ဟိုင်းဒေသ အခြေစိုက် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) မှဆက်ဆံရေး တာဝန်ခံ ဦးစိုင်းကျော်ဇောနှင့်အဖွဲ့သို့ ဆန်အိတ်၃၀၀ ၊ ဆီပုံး ၃၀ ကိုလည်းကောင်း၊ ဆီဆိုင်မြို့ အခြေစိုက် ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(S.N.P.L.O) အသွင်ပြောင်း ပြည်သူ့စစ်အဖွဲ့မှ ဦးခွန်ချစ်မောင်နှင့်အဖွဲ့သို့ ဆန်အိတ် ၃၀၀ နှင့် ဆီပုံး ၃၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

အလားတူ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီသည် ဇွန် ၈ ရက်တွင် ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (P.N.L.O)၊ အသွင်ပြောင်း ပြည်သူ့စစ်ဌာနေ အဖွဲ့(PNO)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) စသည့် တိုင်းရင်းသား အဖွဲ့အစည်းများထံသို့ဆန်အိတ် ၃၀၀ နှင့်ဆီပုံး ၃၀ စီ၊ စုစုပေါင်းဆန်အိတ် ၉၀၀ နှင့် ဆီပုံး ၉၀ တို့ကို ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ပြီးဖြစ်သည်။

**စိုးညွန့်ရွှေ(ပြည်နယ်ပြန်/ဆက်)**

---

# ကျန်းမာရေးဝန်ထမ်းများအတွက် စိန်ပေါ်ကျောင်းသားဟောင်းများမှ အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၁၀**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများအတွက် စိန်ပေါ် ကျောင်းသားဟောင်း ၂၂ ဦးတို့က အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စိန်ပေါ်ကျောင်းသားဟောင်းတစ်ဦးဖြစ်သူ (အငြိမ်းစား) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မင်းက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ စိန်ပေါ်ကျောင်းသားဟောင်းများ အသင်းဥက္ကဋ္ဌ ဦးနေအုပ်၊ အကျိုးဆောင်အတွင်းရေးမှူး ဦးခင်မောင်ဦး၊ အဖွဲ့ဝင် ဦးမျိုးညွန့်တို့က အလှူငွေကျပ် ၁၀၂၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

ယနေ့လှူဒါန်းသည့် အလှူငွေများကို ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်း၊ ရွေ့လျားမော်တော်ယာဉ်ဖြင့် အသွားအလာကန့်သတ်ထားသူများ ထားရှိရာနေရာများနှင့် ဆေးရုံများရှိ စောင့်ကြည့်လူနာများထံမှ ဓာတ်ခွဲနမူနာများရယူခြင်း လုပ်ငန်းများ ဆောင်ရွက်နေသူများအတွက် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ – ဇော်မင်းလတ်**




---

# ကရင်ပြည်နယ်အတွင်းရှိ ရဲမှုထမ်းဟောင်းများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၁၀**

ကရင်ပြည်နယ်အတွင်းရှိ ရဲမှုထမ်းဟောင်း(အငြိမ်းစား)များအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်သီဟနှင့်အဖွဲ့က ဆန်၊ ဆီ၊ ဆား၊ ကုလားပဲစသည့် ရိက္ခာလေးမျိုး ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်သီဟ က ရဲမှုထမ်းဟောင်း ၁၀၀ အား တစ်ဦးလျှင် ဆန်သုံးပြည် ခုနစ်ဘူး၊ ဆီ ၃၂ ကျပ်သား၊ ဆား ၂၅ ကျပ်သား၊ ကုလားပဲ ၄၀ ကျပ်သားတို့ကို ထောက်ပံ့သည်။

ရိက္ခာထောက်ပံ့ပေးအပ်ပွဲသို့ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် အောင်မြတ်မိုး၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လင်းထွဋ်နှင့် တပ်ဖွဲ့ဝင်များ၊ ပြည်နယ်ရဲမှုထမ်းဟောင်း ဥက္ကဋ္ဌ ဦးကျော်ထွန်း(ဒုတိယရဲမှူးကြီး-ငြိမ်း)နှင့် ရဲမှုထမ်းဟောင်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

---

# ရဲဝန်ထမ်းဟောင်းများအား တပ်မတော်မှ စားနပ်ရိက္ခာများထောက်ပံ့ပေးအပ်

**မိုးညှင်း ဇွန် ၁၀**

မိုးညှင်းမြို့နယ်အတွင်းရှိ ရဲဝန်ထမ်းဟောင်းများအား တပ်မတော်မှ စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီက မိုးညှင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်မှ ခေတ္တတပ်မမှူး ဗိုလ်မှူးကြီး တင်မျိုးထွန်းနှင့် တာဝန်ရှိသူများက ရဲမှုထမ်းဟောင်း ခုနစ်ဦးအား တစ်ဦးလျှင် ဆန်သုံးပြည်ခွဲ၊ ဆီ ၂၅ ကျပ်သား၊ ပဲနှင့် ဆားတို့အား အချိုးကျ ထောက်ပံ့ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ ဒုတိယခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ညီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စောဖိုးထူးနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

**တက်ရောက်**

ထို့အတူ ဇွန် ၉ ရက် နံနက် ၁၀ နာရီက စည်း/ကော်ခန်းမတွင် ရဲမှုထမ်းဟောင်း ငါးဦးအား နယ်မြေခံတပ်၏ ဗိုလ်မှူး သိန်းထူးက ရဲမှုထမ်းဟောင်းတစ်ဦးလျှင် ဆန်လေးပြည်၊ ဆီ ၂၈ ကျပ်သား၊ ကုလားပဲနှင့်ဆား အချိုးကျ ပေးအပ်ထောက်ပံ့ခဲ့ပြီး အခမ်းအနားသို့ မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်မိုးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှူပ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ နှစ်ဦးတွင် ကိုဗစ် - ၁၉ ရောဂါပိုး တွေ့ရှိ ဇွန် ၁၀ ရက်အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၄၈ ဦး ရှိသွားပြီ

နေပြည်တော် ဇွန် ၁၀

ယနေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ နှစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိပြီး ၎င်းတို့မှာ မောင်တောမြို့တွင် အသွားအလာကန့်သတ်ထားသူများဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၄၈ ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၄၈ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၆၅ ဦးရှိပြီး ၁၄၈ ဦးကို ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၄၂၄၁၆ | ၂၄၈ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၁၆၅ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၃၄၇

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၄၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၉၀ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ပဲခူး | ၈ | ၁ |
| ၅ | ရခိုင် | ၆ | |
| ၆ | ရှမ်း(တောင်) | ၄ | |
| ၇ | မန္တလေး | ၃ | |
| ၈ | ရှမ်း(ရှေ့) | ၃ | |
| ၉ | ရှမ်း(မြောက်) | ၃ | |
| ၁၀ | မကွေး | ၃ | |
| ၁၁ | နေပြည်တော် | ၂ | |
| ၁၂ | ကရင် | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၁ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| စုစုပေါင်း | | ၂၄၈ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၀-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

## ၁၀-၆-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၀၄၆၀၇၅ | ၇၈၈၈၈၅ | ၁၁၄၁၆၇ |
| ၂။ | ဘရာဇီး | ၇၄၂၀၈၄ | ၃၂၅၆၀၂ | ၃၈၄၉၇ |
| ၃။ | ရုရှား | ၄၉၃၆၅၇ | ၂၅၂၇၈၃ | ၆၃၅၈ |
| ၄။ | ဗြိတိန် | ၂၈၉၁၄၀ | စိစစ်ဆဲ | ၄၀၈၈၃ |
| ၅။ | စပိန် | ၂၈၉၀၄၆ | စိစစ်ဆဲ | ၂၇၁၃၆ |
| ၆။ | အိန္ဒိယ | ၂၇၆၅၈၃ | ၁၃၅၂၀၆ | ၇၇၄၅ |
| ၇။ | အီတလီ | ၂၃၅၅၆၁ | ၁၆၈၆၄၆ | ၃၄၀၄၃ |
| ၈။ | ပီရူး | ၂၀၃၇၃၆ | ၉၂၉၂၉ | ၅၇၃၈ |
| ၉။ | ဂျာမနီ | ၁၈၆၅၁၆ | ၁၇၀၇၀၀ | ၈၈၃၁ |
| ၁၀။ | အီရန် | ၁၇၇၉၃၈ | ၁၄၀၅၉၀ | ၈၅၀၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၀ - ၆ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၃၈၉၆၅ | ၂၅၈၇၇ | ၂၅ |
| အင်ဒိုနီးရှား | ၃၄၃၁၆ | ၁၂၁၂၉ | ၁၉၅၉ |
| ဖိလစ်ပိုင် | ၂၃၇၃၂ | ၄၈၉၅ | ၁၀၂၇ |
| မလေးရှား | ၈၃၃၈ | ၇၀၁၄ | ၁၁၈ |
| ထိုင်း | ၃၁၂၅ | ၂၉၈၁ | ၅၈ |
| ဗီယက်နမ် | ၃၃၂ | ၃၂၀ | ၀ |
| မြန်မာ | ၂၄၈ | ၁၆၅ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၆ | ၁၂၅ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

❖ *ကျောဖုံးမှ*

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေး စစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်က ၆၀၊ ၂ ရက်က ၅၄ ဦး၊ ၃ ရက်က တစ်ဦး၊ ၄ ရက်က ၄၄ ဦး၊ ၅ ရက်က ၂၃ ဦး၊ ၆ ရက်နှင့် ၇ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၈ ရက်က ၁၀၀၊ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၀ ရက်တွင် ၄၄ ဦး၊ ၁၁ ရက်တွင် ၁၃ ဦး၊ ၁၂ ရက်တွင် ၄၁ ဦး၊ ၁၃ ရက်တွင် ၁၆ ဦး၊ ၁၄ ရက်တွင် ၃၈ ဦး၊ ၁၅ ရက်တွင် ၁၂၀ ၊ ၁၆ ရက်တွင် ၇၆ ဦး၊ ၁၇ ရက်တွင် ၉၀၊ ၁၈ ရက်တွင် ဝင်ရောက်ခြင်းမရှိပဲ ၁၉ ရက်တွင် ၆၄ ဦး၊ ၂၀ ရက်နှင့် ၂၁ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၂၂ ရက်တွင် ၃၆ ဦး၊ ၂၃ ရက်တွင် ၆၀၄ ဦး၊ ၂၄ ရက်တွင် ၁၁၁၈ ဦး၊ ၂၅ ရက်တွင် ၁၂၇၇ ဦး၊ ၂၆ ရက်တွင် ၁၃၉၄ ဦး၊ ၂၇ ရက်တွင် ၁၄၃၄ ဦး၊ ၂၈ ရက်တွင် ၁၁၆၈ ဦး၊ ၂၉ ရက်တွင် ၁၂၀၂ ဦး၊ ၃၀ ရက်တွင် ၁၁၅၂ ဦး၊ ၃၁ ရက်တွင် ၁၅၁၁ ဦး၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ၂ ရက်တွင် ၁၅၁၇ ဦး၊ ၃ ရက်တွင် ၁၅၄၇ ဦး၊ ၄ ရက်တွင် ၁၂၀၄ ဦး၊ ၅ ရက်တွင် ၁၁၉၀၊ ၆ ရက်တွင် ၁၇၈၄ ဦး၊ ၇ ရက်တွင် ၁၆၃၅ ဦး၊ ၈ ရက်တွင် ၉၄၆ ဦး၊ ၉ ရက်တွင် ၁၀၉၄ ဦး၊ ၁၀ ရက်တွင် ၉၉၄ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၂၄၆၃၄ ဦးအထိ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

အဆိုပါ နေ့အလိုက် ပြန်လည်ဝင်ရောက်သူများအနက် မေ ၁၃ ရက်မှ ၁၅ ရက်အထိ ပြန်လည်ဝင်ရောက်သူများနှင့် မေ ၁၇ ရက် ဝင်ရောက်သူ ၉၀ အနက် ၄၅ ဦး၊ မေ ၂၇ ရက် ဝင်ရောက်သူ ၁၄၃၄ ဦးအနက် ၅၂ ဦး၊ ဇွန် ၄ ရက်တွင် ဝင်ရောက်သူ ၁၂၀၄ ဦးအနက် ၁၂၃ ဦး၊ ဇွန် ၈ ရက်တွင် ဝင်ရောက်သူ ၉၄၆ ဦးအနက် ၃၅ ဦးတို့အနေဖြင့် ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံရပြီးသောသူများနှင့် အချုပ်မှ ပြန်လည်လွတ်မြောက်လာသူများဖြစ်သဖြင့် ထိုင်းနိုင်ငံ တာဝန်ရှိသူများက လာရောက်လွှဲပြောင်း ပို့ဆောင်ပေးခြင်း ဖြစ်သည်။ ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၆၀၈ ဦး၊ အမျိုးသမီး ၃၈၆ ဦး စုစုပေါင်း ၉၉၄ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

# ဂေါ်ဖီထုပ်စိုက် တောင်သူများထံမှ ကယားပြည်နယ် သမဝါယမအသင်းစုချုပ်က ဂေါ်ဖီထုပ်များ ဝယ်ယူဖြန့်ဖြူး

ပင်လောင်း ဇွန် ၁၀



ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ် တီကျစ်ဒေသအတွင်းရှိ ဂေါ်ဖီထုပ်စိုက်တောင်သူများ အဆင်ပြေစေရန်အတွက် ကယားပြည်နယ်သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကယားပြည်နယ်သမဝါယမအသင်းစုချုပ်မှတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ်များနှင့် ချိတ်ဆက်၍ မြန်မာနိုင်ငံအနှံ့အပြားသို့ ဂေါ်ဖီထုပ်များဝယ်ယူ၍ အမြတ်အစွန်းရယူခြင်းမရှိဘဲ ဈေးနှုန်းသက်သာစွာဖြင့် ပြန်လည်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထို့ပြင် ကယားပြည်နယ်အတွင်းရှိ စားသုံးသူပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန် ဂေါ်ဖီထုပ်အထုပ်ရေ ၃၀၀၀ ကို ဝယ်ယူဖြန့်ဖြူးပေးခဲ့ပြီး လိုအပ်ချက်အပေါ်မူတည်၍ ဆက်လက်ဝယ်ယူဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်းနှင့် ယခုလိုဆောင်ရွက်ခြင်းအားဖြင့် ဂေါ်ဖီထုပ်စိုက် တောင်သူများအနေဖြင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းသက်သာစေမည်ဖြစ်သကဲ့သို့ ကယားပြည်နယ်အတွင်းရှိ စားသုံးသူပြည်သူများအနေဖြင့်လည်း ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်သော အကျိုးကျေးဇူးကို ရရှိကြကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID–19 ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၁၀**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ COVID–19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၃ မြို့နယ်ရှိ နေရာ ၁၄၀ နေရာများ၌ ဇွန် ၄ ရက်နှင့် ၅ ရက်တို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၇၃ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၂၀ ကီလိုဂရမ်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



ဇွန် ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်အတွင်း ကိုဗစ်–၁၉ ကာကွယ်ဆေးဖျန်းစဉ်။



ဇွန် ၅ ရက်က မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးအတွင်း ကိုဗစ်–၁၉ ကာကွယ်ဆေးဖျန်းစဉ်။

## ဝေါမြို့နယ် သမဝါယမအသင်းစုမှ မျိုးစေ့များ ဖြန့်ဖြူးရောင်းချလျက်ရှိ

**ဝေါ ဇွန် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမ ဦးစီးဌာန၏ကြီးကြပ်မှုဖြင့် သမဝါယမ အသင်းများမှ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း တို့ကို သမဝါယမနည်းလမ်းများဖြင့် ဆောင်ရွက်ရန်အတွက် မျိုးစေ့ထုတ် သမဝါယမအသင်းများ ဖွဲ့စည်း ဆောင်ရွက်လျက်ရှိရာ ဝေါမြို့နယ် သမဝါယမအသင်းစုမှ အသင်းသားပိုင် လယ်မြေဧက ၁၉၉ ဧကပေါ်တွင် ဆင်းသုခမျိုးစပါး တင်းပေါင်း ၁၅၃၈၈ တင်းကို ထုတ်လုပ်နိုင်ခဲ့ပြီး မျိုးစပါးတစ်တင်းလျှင် ငွေကျပ်



၈၀၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေး လျက်ရှိသည်။

ထို့ပြင် ထွက်ရှိလာသော ဆင်းသုခ မျိုးစပါးများအား ပြင်ပသို့ ရောင်းချပေးခြင်းနှင့် သမဝါယမ အသင်းသားများ လိုအပ်ပါက မျိုးစေ့ ဖိုး ရင်းနှီးငွေများကို သီးနှံပေါ်ပေး စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။ **သတင်းစဉ်**

## မျိုးစေ့ပျိုးပင်များ အခမဲ့ဖြန့်ဝေပေးလျက်ရှိ

**မန္တလေး ဇွန် ၁၀**

ကိုဗစ်–၁၉ကာလတွင် ပြည်သူများ လူစုလူဝေးရှောင်ရှားရန် ဈေးသို့သွားရောက်ရန်မလိုဘဲ မိမိအိမ်တွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်ရေး ရည်ရွယ်၍ စားဖိုဆောင်သီးနှံ မျိုးစေ့ပျိုးပင် မြေဩဇာအရည်၊ နည်းပညာများအား အခမဲ့ဖြန့်ဝေပေးခြင်းကို ဇွန် ၈ ရက် မွန်းလွဲ ၃ နာရီက မန္တလေးမြို့ စိုက်ပျိုးရေးဦးစီးဌာနတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးချစ်ဆွေဦးနှင့် မြို့နယ်ဦးစီးမှူး ဒေါ်နွယ်နွယ်အောင်တို့က စားဖိုချောင်သီးနှံမျိုးစေ့၊ ပျိုးပင်၊ မြေဩဇာအရည်နှင့် နည်းပညာများအား မန္တလေးခရိုင်အတွင်းရှိ ကျေးရွာများမှ တောင်သူများ၊ တာဝန်ခံများနှင့် မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများအား အခမဲ့ဖြန့်ဝေပေးသည်။ **(အောက်ပုံ)**

မန္တလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မန္တလေးခရိုင်အတွင်းရှိ ပြည်သူများအား စားဖိုချောင်သီးနှံ မျိုးစေ့၊ ပျိုးပင်၊ မြေဩဇာအရည်နှင့် နည်းပညာများအား အခမဲ့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ လက်ရှိတွင် စားဖိုချောင်သီးနှံ ၁၇ မျိုးမှ ပျိုးပင်ပေါက် ၁၃၀၀၀ ကျော် ပျိုးထောင်ထားရှိပြီး ပျိုးပင် ၃၅၇၂ ပင်နှင့် မျိုးစေ့ထုပ်ပေါင်း ၂၂၀ အား အခမဲ့ ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်နွယ်နွယ်အောင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် မန္တလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတွင် စားဖိုချောင်သီးနှံ ၁၇ မျိုးမှ ပျိုးပင် ၁၃၀၀၀ ကျော် ပျိုးထောင်ထားရှိပြီး မိုးတွင်းကာလတွင် ပြည်သူများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်ရန် မျိုးစေ့၊ ပျိုးပင်များအား အခမဲ့ဖြန့်ဝေပေးလျက်ရှိရာ စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



## သီပေါ၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်စစ်ဆေးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများအား ဂုဏ်ပြု



**သီပေါ ဇွန် ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ကိုဗစ်–၁၉ကာကွယ်ထိန်းချုပ်တုံ့ပြန်ရေးလုပ်ငန်းအစီအစဉ်တွင် ပါဝင်ဆောင်ရွက်ပေးကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအသင်းများအား အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာ၊ အမှတ်တရတီရှပ်များ ပေးအပ်ခြင်းကို ဇွန် ၉ ရက်က မန်ဟဲကျေးရွာမြို့အဝင်/အထွက်ဂိတ် စခန်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့ဝင်/ထွက်ဂိတ် ကိုဗစ်–၁၉ကာကွယ်၊ ထိန်းချုပ်စစ်ဆေးရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် မြို့နယ်စီမံကိန်းဦးစီးဌာနမှူး ဒေါ်သီသီသိန်းက ကိုဗစ်–၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား မတ်လမှ ယနေ့အထိ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူပြီး ကိုယ်ကျိုးမဖက်၊ အများအကျိုးကို ရှေးရှုကာ ကိုဗစ်–၁၉ ကာကွယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်၊ ကြက်ခြေနီ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းများကို အသိအမှတ်ပြု ဂုဏ်ပြုကြောင်း ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို တစ်ဦးချင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**စိုင်း(သီပေါ)**

## မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား တတိယအကြိမ် ထောက်ပံ့ပေးအပ်

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ရန်ကုန်တပ်နယ် ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင် ၇၇၅ ဦးအား ဇွန်လအတွက် အခြေခံစားသောက်ကုန် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများကို ဇွန် ၁၀ ရက်နေ့ နံနက် ၈ နာရီက မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ညီဖြူ(ငြိမ်း)နှင့် အမှုဆောင်များက ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေလုံခြုံရေးနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ တာဝန်ရှိသူများအား ဌာပနာဖောက်ထွင်းခံရသည်များနှင့်ပတ်သက်၍မေးမြန်း

ညောင်ဦး ဇွန် ၁၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေလုံခြုံရေးနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးအား ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အစည်းအဝေးခန်းမ၌ ဇွန် ၁၀ ရက် နံနက် ၁၀နာရီက ကျင်းပရာ ညောင်ဦးခရိုင် အဆင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရား ၁၉ ဆူမှ ဂေါပကများ၊ မြို့မိမြို့ဖများနှင့် ပုဂံဧည့်လမ်းညွှန်အသင်းမှ တာဝန်ရှိသူများ တက်ရောက်သည်။



ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်း

ညှိနှိုင်းအစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) မှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်တို့က အဖွင့်အမှာစကား ပြောကြားပြီး တက်ရောက်လာသူများက ပုဂံရှေးဟောင်းဒေသလုံခြုံရေးကိစ္စရပ်များအား အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဘုရားများ ဖောက်ထွင်းခံရမှုနှင့်ပတ်သက်၍ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်းက ဇွန် ၈ ရက်က ဖောက်ထွင်းခံရသော ဘုရားငါးဆူမှာ ၁၉၉၇ ခုနှစ်နောက်ပိုင်းတွင် ပြန်လည်ပြုပြင်ထားသော ဘုရားများဖြစ်ကြောင်း၊ လက်ရှိတွင်အလှူရှင်များက လှူဒါန်းပြီး ပြန်လည်ပြုပြင်ထားသော ဘုရားများဖြစ်ကြောင်း၊ တွေ့ရှိသောဌာပနာပစ္စည်းများမှာလည်း ယနေ့ခေတ်လက်ရာများဖြစ်ကြောင်း၊ ဖောက်ထွင်းခံရသည့်ဌာပနာများကို လည်းရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှလုံခြုံရေးအရ ပြန်လည်ပိတ်ပြီးဖြစ်ပါကြောင်း၊ ဌာပနာပိတ်သည့် မှတ်တမ်းကိုလည်း ဗီဒီယိုရိုက်ကူးမှတ်တမ်းတင်ထားပါကြောင်း၊ ထိုနေ့တွင် ဖောက်ထွင်းခံရသော ဘုရားများသို့ ကွင်းဆင်းစစ်ဆေးခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ရဲနှင့် ရှေးဟောင်းသုတေသနဦးစီးဌာနတို့အား ထပ်မံ၍ လုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးရန် မှာကြားခဲ့ကြောင်း၊ ဇွန် ၉ ရက်တွင်လည်း လောကထိပ်ပန်ဘုရား မီးလန့်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ကာ အဆိုပါဘုရားဝင်ပေါက်ရှိ ယင်းလိပ်၏ သုံးပုံတစ်ပုံခန့်မီးစွဲလောင်သည်ကို စစ်ဆေးတွေ့ရှိခဲ့ပြီး အချိန်မီမီးတားနိုင်ခဲ့ပါကြောင်း အဆိုပါဘုရားအတွင်းရှိ နံရံဆေးရေးပန်းချီနှင့် အခြားမည်သည့်ထိခိုက်မှုမျှ မရှိပါကြောင်း၊ အဆိုပါနေ့တွင် လှည့်ကင်းပတ်ကင်းများ ဆက်လက်ဆောင်ရွက်မှုအရ ဘုရား ၁၄ ဆူရှိ ဌာပနာ ပေါက်ပွင့်နေသည်ကိုတွေ့ရှိခဲ့ကာ ဘုရား၁၄ဆူအနက် ၁၁ဆူမှာ လှူဒါန်းထားစဉ်ကတည်းက ဌာပနာ ထည့်သွင်းခဲ့ခြင်းနှင့် ပိတ်ခဲ့ခြင်းမရှိသည့် ဘုရားများ ဖြစ်ပြီး ကျန်သည့်ဘုရားသုံးဆူမှာလည်း ယခင် ကတည်းကဖောက်ထွင်းခံထားရပြီး လတ်တလော ဖောက်ထားသည့် လက္ခဏာများမတွေ့ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

ယခင်ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးအပေါ် ထပ်မံတိုးမြှင့်၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသအား နယ်မြေလေးခုခွဲခြားပြီး အဖွဲ့လေးဖွဲ့ခွဲ၍ ယခင်နှစ်ကြိမ် လှည့်ကင်း/ပတ်ကင်းဆောင်ရွက်မှုအစား နေ့/ည လေးကြိမ်ထပ်တိုး၍ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရန် စီမံထားရှိကြောင်း၊ လုံခြုံရေးတိုးမြှင့်ခြင်းအားဖြင့် ပုဂံဒေသအတွင်း မသမာမှုများ လျော့ကျနိုင်ခြင်း၊ ဂေါပက အဖွဲ့များရှိသော ဘုရား ၁၉ ဆူ၏ ဂေါပကအဖွဲ့များနှင့် လုံခြုံရေးဝန်ထမ်းများကိုလည်း မူလတာဝန်များအပြင် ဘုရား ပရိဝုဏ်၏ ကိုက် ၁၀၀၀ ပတ်လည်အတွင်းရှိ ရှေးဟောင်း ဘုရားများအား လုံခြုံရေးပူးတွဲ တာဝန်ယူရန် ညှိနှိုင်းဆုံးဖြတ်၍ ညွှန်ကြားထားကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် အားလုံးဝိုင်းဝန်းထိန်းသိမ်းရမည်ဖြစ်ပြီး ပုဂံဒေသတစ်ခုလုံး လွှမ်းခြုံနိုင်မည့် CCTV ကင်မရာများ တပ်ဆင်နိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်းက ပြောကြားသည်။

မောင်မောင်ထိန် (ကျောက်ပန်းတောင်း)




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၆ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၂၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၀/၅၅၀ | ကျပ် | ၅၄၅/၅၆၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၀/၅၆၀ | ကျပ် | ၅၆၀/၅၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၅၀/၄၉၀ | ကျပ် | ၅၁၅/၅၃၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၇၀/၆၀၅ | ကျပ် | ၆၃၅/၆၆၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၀ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၉၁ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၁၁ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၈၇ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၅ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၉ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၈ . ၂၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၅၃၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၇ . ၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၁၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၉၅၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၁၀၀၀ | ၁၉၁၂ | ၂၁၀၂၉၅၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၃၂၄၈ | ၁၂၃၄၄၉၀၀ |
| MCB | ၈၂၀၀ | ၈၁၀၀ | ၁၀၄ | ၈၄၃၄၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၁၁၁၅ | ၂၅၆၄၇၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၀၄၂ | ၂၉၁၇၆၀၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၄၆၈၀ | ၁၂၆၂၃၅၀ |

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## စစ်ကိုင်းတောင်ရိုး မူလရေစက်နှင့် ဆွမ်းလောင်းအသင်းကြီးသို့ ထာဝရရေအလှူတော်ငွေပဒေသာပင် စိုက်ထူလှူဒါန်းတော်မူကြသော အလှူရှင်များစာရင်း

**ဆက်သွယ်လှူဒါန်းရန် - ဦးမျိုးမြင့်မောင်(နာယက) ဖုန်း-၀၇၂-၂၁၄၃၂၊ ဦးစိုးမြင့်(ဥက္ကဋ္ဌ) ဖုန်း-၀၉-၇၉၇၁၈၆၆၄၃၊ ဦးကျော်လွင် (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၇၉၇၁၇၉၁၇၅**

**စစ်ကိုင်းမြို့မြန်မာ့ရှေ့ဆောင်ဘဏ် ငွေစာရင်းနံပါတ် 0560162056001335068**

| စဉ် | အလှူရှင်အမည် | အလှူငွေ(ကျပ်) |
|---|---|---|
| ၃၄၅ | ဦးမျိုးမောင်မောင်-ဒေါ်မေဖြူအောင် (သား) မောင်ဖြိုးမင်းခန့် ဘုရားလမ်း၊ ဘုရားကြီးမြို့၊ ပဲခူးတိုင်း | ၁၀၀၀၀၀ |
| ၃၄၆ | ဦးလှမြင့်-ဒေါ်ခင်မူ မိသားစု တိုက်-၂၄၀၁၊ အခန်း-A၊ စံပြ(၃) လမ်း၊ ယမုံနာ (၂) ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန် | ၁၀၀၀၀၀ |
| ၃၄၇ | ဦးမြင့်(ဆေးမှူး-ငြိမ်း)-ဒေါ်နုသားသမီးမြေးတစ်စု၊ မြို့သစ်ရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၄၈ | ဦးစိန်သန်း-ဒေါ်ကျင်မွေး(သမီး)ဒေါ်တင့်နွယ်ဦး မိသားစု (၄၅)ရပ်ကွက်၊ ဆည်မြောင်းလမ်း၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၄၉ | ဦးအောင်ကျော်ဝင်း-ဒေါ်သွင်သွင်မြတ် မိသားစု (၄၅)ရပ်ကွက်၊ ဆည်မြောင်းလမ်း၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၅၀ | ဦးသန်းနိုင်ဦး-ဒေါ်ခင်ခင်ငြိမ်းတို့အား အမှူးထား၍ မြေး-မအေးဆုလာဘ်မွန်၊ မြို့သစ်ရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၅၁ | နှစ်ဖက်သော အဘိုးအဘွား၊ အမိအဖတို့ကို ရည်စူး၍ ဦးတင်အောင်-ဒေါ်လှတင် သားသမီးမြေးမြစ်တစ်စုကောင်းမှု နန်းဦးမြို့သစ်ရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၅၂ | ဖခင်ကြီး ဦးမောင်အေးအားရည်စူး၍ ဒေါ်ညွန့်ညွန့်ရီ မိသားစု အမှတ်-၂၂၅၊ သစ္စာလမ်း၊ ပြည်တော်သာရပ်၊ တောင်ကြီးမြို့ | ၅၀၀၀၀၀ |
| ၃၅၃ | ကျေးဇူးရှင်မိဘနှစ်ပါးအား ရည်စူး၍ ဂူနီချောင် ငွေပဒေသာကျောင်း အမကြီးဒေါ်အဥ္စနသီရိ(ညီမ)မလာဘ်သိင်္ဂီ ညီမနှစ်ပါးကောင်းမှု စစ်ကိုင်းတောင်ရိုး စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၅၄ | ဒေါ်ဂုဏဝတီ(ဆရာမကြီး-ငြိမ်း) အသက် (၇၀) ပြည့်မွေးနေ့ ခေမေသကချောင် စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၃၅၅ | ဦးသက်နိုင်-ဒေါ်မြိုင် မိသားစုအမှတ်-၁၁၅၇၊ ၄၄ ရပ်ကွက် ဗန္ဓုလလမ်း၊ မြောက်ဒဂုံ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၅၆ | ဦးတင်ကြည်-ဒေါ်အေးအေးမြင့် အမှတ်-၃၅ နွယ်နီလမ်း၊ အလုံမြို့နယ် ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၅၇ | ဦးစောအောင်-ဒေါ်တင်ဝင်းဘော် (သား) ဒေါက်တာဟန်လင်းအောင်-ဒေါ်ဝတ်ရည်ထွန်းဇော်(မြေး) မပြည့်သီရိခင်၊ (သမီး) ဦးစည်သူလင်း-ဒေါ်ခင်စန္ဒာအောင် (မြေး) ဘုန်းသန့်ဇင် အမှတ် (၇၅)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၅၈ | ဦးကျော်ဆွေ-ဒေါ်မိုးမိုးကျော် မိသားစု အမြတ်ခွန်ရုံးအနီး၊ ဈေးအရှေ့ဘက်၊ မိတ္ထီလာမြို့ | ၁၀၀၀၀၀ |
| ၃၅၉ | ဗိုလ်ကြီးခင်ညို(ငြိမ်း)၏ (၈၉) နှစ်ပြည့်မွေးနေ့ကုသိုလ် ဗိုလ်ကြီးခင်ညို-ဒေါ်ခင်ခင်အေး(သား) ဦးမျိုးအေး မိသားစုအမှတ် - ၉ (၃၀၃)၊ ရဲဘော် (၅)လမ်း၊ ဖော့ကန်ရပ်၊ အင်းစိန်၊ ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၃၆၀ | ဦးစံဖူး ဗိုလ်မင်းရောင်လမ်း၊ (၁၈)ရပ်ကွက်၊ ဖျာပုံမြို့ | ၁၀၀၀၀၀ |
| ၃၆၁ | ကိုကျော်သူဝင်း အသက် (၄၄) နှစ်ပြည့်၊ မွေးနေ့အထိမ်းအမှတ်အလှူ နန္ဒဝန်ရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၆၂ | ကွယ်လွန်သူ(ဦးသိန်းအောင်-ဒေါ်ထွေးချစ်)(ဦးစန်းမောင်-ဒေါ်ထားတင်)နှင့်အစ်ကို (ဦးသန်းဇော်မိုး)တို့အား ရည်စူး၍ ဒေါ်ကြည်ကြည်ဝင်း (စာတည်း)စာပေဗိမာန်ရုံး၊ (ရေအလှူတော်)အမှတ်-၁၆/၉၉၊ ၁၆ ရပ်ကွက်၊ သမိန်ဗရမ်းလမ်းသွယ်-၂၊ ဥက္ကလာမြို့သစ်၊ ပဲခူးမြို့ (မြေထိန်းနံရံ) | ၁၀၀၀၀၀<br>၁၀၀၀၀၀ |
| ၃၆၃ | ဒေါ်ဖလော့ရင့်မောင်မောင်၊ အမှတ် (၃၈)၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ် ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၆၄ | ဦးချစ်မောင်-(ဒေါ်သန်းမြင့်) မြေး-မဟေမာန် အမှတ်-၄၊ ဦးစံငြိမ်းလမ်း စမ်းချောင်းမြို့နယ် | ၁၀၀၀၀၀ |
| ၃၆၅ | ဦးအောင်သိန်း-ဒေါ်ဝင်းခင်၊ အမှတ် (၆၉)၊ ပြည်တော်အေးလမ်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန် | ၁၀၀၀၀၀ |
| ၃၆၆ | ဦးသွင်မင်းထွန်း-ဒေါ်ယုယုခိုင်(သမီးကြီး)မေသူ မိသားစု အမှတ်(၆၉)ပြည်တော်အေးလမ်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန် | ၁၀၀၀၀၀ |
| ၃၆၇ | ဖခင်ကြီးဦးလှ-မိခင်ကြီးဒေါ်သန်းတို့အားရည်စူး၍ ဆရာမကြီးဒေါ်ခင်ဆန်း မိသားစု၊ ဈေးကြီးအရှေ့ထောင့်၊ မိတ္ထီလာမြို့ | ၁၀၀၀၀၀ |
| ၃၆၈ | မြတ်ယမင်းရွှေဆိုင် မိသားစု၊ မိတ္ထီလာမြို့ | ၁၀၀၀၀၀ |
| ၃၆၉ | ဦးငွေဦး-ဒေါ်ခင်လှသီ မိသားစု မင်းလှမြို့၊ ပဲခူးတိုင်း | ၁၀၀၀၀၀ |
| ၃၇၀ | ဆရာမကြီး ဒေါ်ခင်စိန် (မြို့နယ်ပညာရေးမှူး-ငြိမ်း)မိုးကုတ်မြို့ | ၁၀၀၀၀၀ |
| ၃၇၁ | နန်းသပြေမိသားစု မိုးကုတ်ဈေးကြီး၊ မိုးကုတ်မြို့ | ၁၀၀၀၀၀ |
| ၃၇၂ | သားကို-သားညီ အမွှာညီအစ်ကိုတို့၏ ၆-၅-၂၀၂၀ ရက်တွင် ကျရောက်သော (၁၃)နှစ်ပြည့် မွေးနေ့မင်္ဂလာ အမှတ်(၅၈)၊ ကုန်သည်လမ်း၊ မောလိပ်ရပ်ကွက်၊ စစ်တွေမြို့ | ၁၀၀၀၀၀ |
| ၃၇၃ | အနန္တငါးပါးဦးထိပ်ထားလျက် ဖခင်-ဦးတင်ဆောင် မိခင်-ဒေါ်ညွန့်ယဉ်တို့အား ရည်စူး၍ သမီးများဖြစ်ကြသော ဒေါ်ကြည်ကြည်ဆောင်၊ ဒေါ်ရီရီဆောင်၊ ဒေါ်ခင်ခင်ဆောင် မိသားစု၊ အမှတ်(၃၇၁)၊ ထူပါရုံဘုရားလမ်း၊ မင်းလမ်းရပ်ကွက်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၇၄ | ကြီးတော်ဒေါ်အေးမ၊ အဖ ဦးမှီ-အမိဒေါ်ငွေး (သား) ဦးလှမင်း(သမီး)ဒေါ်ခင်ညို မိသားစုကောင်းမှု ရွှေမိုးမြေရွာ၊ တံတားဦးမြို့နယ် | ၁၀၀၀၀၀ |
| ၃၇၅ | သိမ်ကြီးဆရာတော်အား ရည်စူး၍ ဒေါ်မေစာနန္ဒီ (ထီးချိုင့်)နိမ္မိန္ဒချောင် စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၃၇၆ | ကျေးဇူးရှင် အဘိုးအဘွားများနှင့် အနန္တောအနန္တငါးပါးတို့အား ဦးထိပ်ထားလျက် ဦးသန်းနိုင် ရုံးအုပ်စာရေးကြီး - ငြိမ်း၊ ရေအရင်းအမြစ်ဦးစီးဌာန အပ်ချုပ်စုရပ် စစ်ကိုင်းမြို့(အိမ်-မြေအလှူရှင်) | ၂၀၀၀၀၀ |
| ၃၇၇ | ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်သော ဦးပြေဝင်း-ဒေါ်အောင်ကြည်တို့အား ရည်စူး၍ သမီး-ဒေါ်ခင်နွဲ့ရီ၊ နန်းတော်ရာရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၇၈ | ဦးကျော်မြင့်-ဒေါ်သိန်းသိန်းဝင်း မိသားစု ရွှေမင်းဝံရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၇၉ | ဦးမင်းအောင်-ဒေါ်မိုးမိုး မိသားစု သင်ပန်းကုန်းမြို့သစ်၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၃၈၀ | ဦးလွင်အောင် အမှတ်(၃၃)၊ မြေညီထပ်၊ (၁၉)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၈၁ | နှစ်ဖက်မိဘများကို အမှူးထား၍ ဦးရဲနိုင်အောင်-ဒေါ်ခိုင်သန္တာညွန့်(သမီး)မဆုရတီနိုင် မိသားစု အမှတ်(၉၀)၊ ဦးကြင်ဥလမ်း၊ အမှတ်(၃၂)၊ တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၈၂ | ဦးဇော်ဝင်းထွန်း ရန်ကုန်မြို့ | ၆၀၀၀၀၀ |
| ၃၈၃ | ဦးကျော်အေး-ဒေါ်ကဲ(မောင်) ကိုသန်းထိုက်တို့အား ရည်စူး၍ ဒေါ်မြင့်အေး ရတနာကျော်ပွဲရုံ၊ ပေါက်ပေါက်တန်းရပ်၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၃၈၄ | ကိုထွေးကျော်-မအေးခိုင်စိုး(သား)မောင်ဖြိုးသီဟန်၊ မောင်အောင်ခန့်ဖြိုး(သမီး)မဖြူဖြူခိုင် သံထည်နှင့်လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း မိသားစု စိန်ကုန်းရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၈၅ | ဒေါ်ကိတ္တိမာလနှင့် တပည့်များ မဂ္ဂင်ချောင် စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၃၈၆ | ထန်းတောရပ် မဟာကထိန်တော်လှူမှုရေးအသင်း သောတာပန်ရပ်၊ စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၃၈၇ | ဦးဝင်းမြင့် စက်ရုံဝန်ထမ်း(ကွယ်လွန်)နန္ဒဝန်ရပ်၊ စစ်ကိုင်းမြို့ (၇)ကြိမ်မြောက်အလှူ | ၈၄၀၀၀၀ |
| ၃၈၈ | ရတနာရန်အောင်မြင် ဆရာတော် စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၃၈၉ | ဘိုးဘွားများနှင့် ဒယ်ဒီ ဦးလှဘော်၊ မာမီဒေါ်တင်ညွန့်(မောင်)လူလူခင်မောင်ဘော်တို့အား ရည်စူး၍ ဒေါ်နုနုဘော်နှင့် မောင်နှမများ၊ တူ တူမများ၊ မြေးများ အမှတ်(၇၅)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ် | ဆွမ်း ၁၀၀၀၀၀<br>ရေ ၁၀၀၀၀၀ |
| ၃၉၀ | ဒေါ်မေစန်းနွယ် မိသားစု B-46 အကောက်ဆိပ် ပုသိမ်မြို့ | ၁၀၀၀၀၀ |
| ၃၉၁ | ဒေါ်ထားထားရီ၊ အမှတ်(၁၈၉)ငှက်တော်လမ်း ၁၄/၂ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၉၂ | ဦးပဏ္ဏိဝ(၂)၊ဗားကရာတောရကျောင်းတိုက်၊ ၂၄၁ ဦးဝိစာရလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၉၃ | အနန္တောအနန္တ(၅)ပါးကို ဦးထိပ်ထား၍ (၁၀)နှစ်ပြည့်မြောက်(သား)မောင်ရဲကျော်မြင့်အားရည်စူး၍ ဦးစိန်သောင်း-ဒေါ်တိုးတိုး (သမီး)မခင်ခင်ငွေး၊ မအေးချမ်းမိုးမိသားစု သရက်တောလမ်း(၅)လမ်း ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြို့ | ၁၅၀၀၀၀၀ |
| ၃၉၄ | အဖ ဦးဇော်ဝင်း-အမိ ဒေါ်အေးခင်တို့အားရည်စူး၍ ဦးသိန်းဝေ-ဒေါ်သိင်္ဂီ(မောင်)ဦးမိုး(ညီမ)မရွှေဝါ(သား)မောင်ဟိန်းထက်ဇော်မိသားစု၊ မိုးဇာရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၃၉၅ | မိခင်ကြီး ဒေါ်စန်းလှိုင်(၂)နှစ်ပြည့်ရည်စူး၍ ကိုမင်းမင်းခိုင်-မစောယု(သား)မောင်ရာဇာထွဏ်း၊မောင်ထက်တေဇာစိုး၊ခန့်သူရစိုး အမှတ်(၇၈)၊ကန်လမ်း လှိုင်မြို့နယ် ရန်ကုန် | ၁၀၀၀၀၀ |
| ၃၉၆ | ဦးမြင့်စန်း- ဒေါ်စန်းနွဲ့ မိသားစု ကျူတောဝကျေးရွာ သုံးခွမြို့နယ် | ၁၀၀၀၀၀ |
| ၃၉၇ | ဦးအောင်သွင်-ဒေါ်ယဉ်ကျော့ မိသားစု ဖွဲ့ထော်ကျေးရွာ သုံးခွမြို့နယ် | ၁၀၀၀၀၀ |
| ၃၉၈ | အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ခင်သန်းမြင့် "ဂုဏ်ရှိန်မြင့် မိသားစု" အမှတ်(၉၈) ကမ္ဘာအေးဘုရားလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၉၉ | (C/E)ဦးသိန်းဦးအား ရည်စူး၍ ဇနီး ဒေါက်တာ မီမီခိုင်(သမီး)ရတနာဦး၊ ရတနာထူး ပပဝင်း ရတနာမိသားစု အမှတ်(၉၈) ကမ္ဘာအေးဘုရားလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၄၀၀ | ဦးသိန်းဦး-ဒေါ်ချိုချို မိသားစု | ၁၀၀၀၀၀ |
| ၄၀၁ | ဗိုလ်မှူးကြီးစိုးဝင်းမြင့်(ငြိမ်း)-ဒေါ်မြမြဝင်း မိသားစု ခရေပင်ရိပ်မွန် မင်္ဂလာဒုံမြို့နယ် ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၄၀၂ | ဗိုလ်မှူးကြီးရဲလွင်-ဒေါက်တာရီရီမျိုး(သမီး)ဒေါက်တာမျိုးသိင်္ဂီလွင်၊(သား)မောင်ရဲမျိုးကျော် အဏ္ဏဝါရိပ်သာ အလုံမြို့နယ် ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၄၀၃ | ဦးကျော်သူ-ဒေါ်မာလာမြင့်(အကြီးတန်း၊အထွေထွေမန်နေဂျာ၊မြဝတီဘဏ်)သာကေတမြို့နယ် ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၄၀၄ | ဖခင်ကြီး ဦးခင်မောင်လေး-မိခင်ကြီး ဒေါ်ရှုအေးတို့အား ရည်စူး၍(သမီး)ဒေါ်ခင်ခင်အေး၊ဒေါ်ပြုံးပြုံးအေး အမှတ်(၇၆)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၄၀၅ | ဒေါ်သန်းသန်းနု မိသားစု တိုက်အမှတ်(၃၈) ကန်သာယာ(၁)၊ပြည်စုရပ်၊ဒေါပုံမြို့နယ် ရန်ကုန်မြို့ | ၆၀၀၀၀၀ |
| ၄၀၆ | ဦးမြင့်အောင်-ဒေါ်စိန်လှ အမှတ် 9/B မာလာမြိုင်(၈)လမ်း၊(၁၆)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့ | ၁၀၀၀၀၀ |

## B For G ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မှတ်ပုံတင်ပြီးဖြစ်ကြောင်း အများသိစေရန်ကြညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ၁၁ လမ်း(အလယ်)၊ အမှတ် ၅၅/အေ နေ ဦးသီဟထွန်း (ဒါရိုက်တာ၊ ဘီဖော်ဂျီကုမ္ပဏီလီမိတက်)၏ အရေးအခွင့်လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါ B For G ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ စာချုပ်အမှတ် ၄၆၅၀/၂၀၂၀ ဖြင့် ဥပဒေနှင့်အညီ တရားဝင် မှတ်ပုံတင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

B for G

**မှတ်ပုံတင်စာချုပ်အမှတ် ၄၆၅၀/၂၀၂၀**

အထက်ဖော်ပြပါ B For G ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကိုရီးယားနိုင်ငံ IPSE COSMETIC CO.,LTD က ထုတ်လုပ်သော နိုက်တင်ဂေး NIGHTINGALE အမည်ရှိ အသားအရည်ထိန်းသိမ်းခြင်းနှင့် အလှကုန် Skincare & Cosmetics ကုန်ပစ္စည်းများတွင် ကပ်နှိပ်၊ရိုက်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချသုံးစွဲသွားမည်ဖြစ်ပါသည်။ ယင်းနိုက်တင်ဂေး NIGHTINGALE အလှကုန်ပစ္စည်းများ ထည့်သွင်းအသုံးပြုသည့် စက္ကူအိတ်၊ ပလတ်စတစ်အိတ်တို့တွင် လည်းကောင်း၊ စာရွက်စာတမ်း၊ ကြော်ငြာ၊ တီဗွီ ဗီဒီယိုကြော်ငြာ၊ ဒီဇိုင်း၊ ဘလောက်၊ တံဆိပ်တုံး၊ ငွေရပြေစာ၊ ဖြတ်ပိုင်းတို့တွင်လည်းကောင်း B For G ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရိုက်နှိပ်၍ ဖြန့်ချိရောင်းချသုံးစွဲသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ B For G ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တုပပြုလုပ်သုံးစွဲခြင်းမပြုရန် သတိပေးတားမြစ်အပ်ပါသည်။ တုပပြုလုပ်သုံးစွဲခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အရေးအခွင့်လွှဲအပ်ညွှန်ကြားချက်အရ-**
**တရားလွှတ်တော်ရှေ့နေဦးအေးနိုင်**
**LL.B.,D.B.L.,D.M.L.,ADVOCATE**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၀၈၇/၉-၈-၁၉၈၉)**

| | |
|---|---|
| **ဒေါ်ထက်ထက်ခိုင် LL.B.,D.IP.L** | **ဒေါ်အေးဝတီကိုကို LL.B.,D.B.L.,D.M.L.,D.IP.L** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၅၈၁၇/၃၀-၄-၂၀၁၅)** | **(စဉ်-၄၈၄၈၀/၂၈-၁၂-၂၀၁၆)** |

**PIONEER LAW FIRM**
**အမှတ် ၁၆/က၊ အထက်ဗဟိုလမ်း၊ ၂ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၀၂၀၆၀၄၀၆၊ ၀၉-၄၂၁၀၀၃၈၈၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ ၃၃ x ၃၄ လမ်းကြား၊ ၇၃ x ၇၄ လမ်းကြား၊ အမှတ်(၄၈-က)ရှိ OLD LADY COMPANY LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၂၂၆/၂၀၁၆-၂၀၁၇(မတလ))မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

OLD LADY COMPANY LIMITED မှ ဓာတ်မြေသြဇာအမျိုးမျိုးနှင့် စိုက်ပျိုးရေးသွင်းအားစု ထုတ်ကုန်များဖြစ်သည့် (ရွက်ဖျန်း ဓာတ်မြေသြဇာအမျိုးမျိုး၊ပေါင်းသတ်ဆေးအမျိုးမျိုး၊ မှိုသတ်ဆေးအမျိုးမျိုးနှင့် ပိုးသတ်ဆေးအမျိုးမျိုး)တို့ကို "FARMER (ဖားမား)" အမည်ဖြင့် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်သွင်းခြင်း၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်သွင်းပြီးနောက် ဓာတ်မြေသြဇာအမျိုးမျိုးနှင့် စိုက်ပျိုးရေးသွင်းအားစုထုတ်ကုန်အမျိုးမျိုးတို့ကို ပြည်ပမှတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ "FARMER (ဖားမား)"အမည်ဖြင့် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်သွင်းခြင်း၊"FARMER (ဖားမား)"အမည်ဖြင့် ဓာတ်မြေသြဇာအမျိုးမျိုးနှင့် စိုက်ပျိုးရေးသွင်းအားစုထုတ်ကုန်အမျိုးမျိုးတို့ကို ပြည်ပမှတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းနှင့်တကွ OLD LADY COMPANY LIMITED သို့ဖြစ်စေ၊ မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ခုနစ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက "FARMRE (ဖားမား)" အမည်ဖြင့် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်သွင်းခြင်း၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်သွင်းပြီးနောက် ဓာတ်မြေသြဇာအမျိုးမျိုးနှင့် စိုက်ပျိုးရေးသွင်းအားစုအမျိုးမျိုးတို့ကို ပြည်ပမှတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အောင်သူရ**
**(ဘ)ဦးအောင်ညွှန့်**
**၅/စကန(နိုင်)၁၄၀၁၅၁**
**အထွေထွေမန်နေဂျာ**
**ဖုန်း-၀၉-၄၅၄၈၈၅၅၃၃**
**OLD LADY COMPANY LIMITED**

## အကြောင်းကြားစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
### မန္တလေးခရိုင်တရားရုံး၌
### ၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ်-၅၀

ကွယ်လွန်သူ ဦးရန်ကျိန်းကွေ(ခ)ဦးမောင်ဦး(ခ)ဦးကိုဦး၌ ကျန်ရစ်သော မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မှန်ပင်ကျေးရွာအုပ်စု၊ အကွက်အမှတ် (၄၈၄/မှန်ပင်ကွင်း)၊ ဦးပိုင်အမှတ် (က-၄/၁)၊ ဧရိယာ ၂ ဒသမ ၀၄ ဧကအကျယ်အဝန်းရှိ ယာမြေကွက်နှင့်ဦးပိုင်အမှတ် (၅/၂)၊ ဧရိယာ ၁ ဒသမ ၅၂ ဧကအကျယ်အဝန်းရှိ ယာမြေကွက်

ဒေါ်နော်ဖောဖောဝါး လျှောက်ထားသူ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် (၃)နေ ဒေါ်နော်ဖောဖောဝါးက ကွယ်လွန်သူ ဦးရန်ကျိန်းကွေ(ခ)ဦးမောင်ဦး(ခ) ဦးကိုဦး၏ဇနီးဖြစ်သည်ဟူ၍ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် (၃)နေ ၎င်းကွယ်လွန်သူ ဦးရန်ကျိန်းကွေ (ခ) ဦးမောင်ဦး (ခ) ဦးကိုဦးမှာ ကျန်ရှိရစ်သော ပစ္စည်းများထဲမှရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးရန်ကျိန်းကွေ (ခ) ဦးမောင်ဦး(ခ)ဦးကိုဦးမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၀ ပြည့်နှစ် ဇွန် ၂၄ ရက် (၁၃၈၂ ခု နှစ် ပထမဝါဆိုလဆန်း ၅ရက်) နံနက် ၉:၃၀ နာရီတွင်လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်နော်ဖောဖောဝါး၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့်-မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၀ပြည့်နှစ် ဇွန် ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မာလာထွဋ်)**
**တွဲဖက်ခရိုင်တရားသူကြီး (၃)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊ အမှတ်(၆) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/အလင်းရောင်မြို့ကွက်သစ်(၁)၊ ဦးပိုင်အမှတ် (စ-၆)၊ မြေဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးတင်မြင့် အမည်ပေါက် (မြို့မြေ) ကွက်အား ဦးသိန်းတိုး(ဘ)ဦးသန်းညွန့် ၉/လဝန(နိုင်)၁၄၀၀၉၆ နှင့် ဒေါ်ရီရီပြုံး (ဘ) ဦးဖိုးနီ ၉/လဝန(နိုင်)၁၂၄၈၇၆ တို့မှ မြေနေရာချထားမိန့်၊ အရောင်းအဝယ်ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## စိမ်ကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန် လ ၁၁ ရက်)

ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် ကျပ် ၁၀၀၀တန် အောင်ဘာလေ ထီလက်မှတ်များကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်(၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် စက်တင်ဘာလအထိ) အတွက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် စတင်ရောင်းချပေးသွားမည် ဖြစ်ရာ ထီစာအုပ် ဝယ်ယူရောင်းချလိုသူများအနေဖြင့် အောက်ဖော်ပြပါအချက်များနှင့်အညီ ဆောင်ရွက်ကြရန် ကြေညာအပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များ ဝယ်ယူ ရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲ(ရန်ကုန်) သို့လည်းကောင်း၊ မန္တလေးမြို့ စည်ပင်သာယာရေးနယ်နမိတ်အတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲ (မန္တလေးရုံးခွဲ) သို့လည်းကောင်း၊ ကျန်တိုင်းဒေသကြီး/ ပြည်နယ်များမှ အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုသူများအနေဖြင့် မိမိတို့နေထိုင်ရာမြို့နယ်ရှိ မြို့နယ်အခွန်ဦးစီးဌာန မှူးရုံးများသို့လည်းကောင်း လျှောက်ထားနိုင်ပါသည်။

(ခ) အောင်ဘာလေထီစာအုပ် ဝယ်ယူရောင်းချရန် လျှောက်ထားသူများသည် ထီလုပ်ငန်း အမှန်တကယ်လုပ်ကိုင်၍ ထီဆိုင်ဖွင့်လှစ်ရောင်းချသူများဖြစ်ရန်လိုအပ်ပြီး နိုင်ငံသား စိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူ၊ ထီစာအုပ် ရေ(၁၀၀၀) နှင့် အထက် လျှောက်ထားပါက သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့မှ လုပ်ငန်းလိုင်စင် မူရင်း/မိတ္တူ၊ ထီစာအုပ်ဝယ်ယူရရှိပါက သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချမည်ဖြစ်ကြောင်း ကတိခံဝန်ချက် စသည်များကို လျှောက်လွှာနှင့်အတူ ကိုယ်တိုင်တင်ပြ လျှောက်ထားရမည်ဖြစ်ပါသည်။

(ဂ) ထီလုပ်ငန်းရှင်အဟောင်းများအနေဖြင့် ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် လစဉ် ကျပ် ၁၀၀၀ တန် ထီ( ၅၀၀ )အုပ်နှင့် အထက် ရရှိသူများဖြစ်ပါက မိမိနေထိုင်ရာ (သို့မဟုတ်) လုပ်ငန်းတည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ထီဆိုင်လုပ်ငန်းအတွက် အခွန်ကိစ္စ ဆောင်ရွက်ပြီးကြောင်း ထောက်ခံစာမူရင်း/မိတ္တူ (သို့မဟုတ်) ထီဆိုင်လုပ်ငန်းအတွက် အခွန်ကိစ္စ လုံလောက်သော အစီအစဉ်များ ပြုလုပ်ပြီးကြောင်း ထောက်ခံစာ မူရင်း/ မိတ္တူ များကိုလည်း ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

(ဃ) လျှောက်လွှာများကို သက်ဆိုင်ရာရုံးများသို့ (၁၅-၆-၂၀၂၀)ရက်နေ့မှ (၂၆-၆-၂၀၂၀) ရက်နေ့ အတွင်း တင်သွင်းရမည် ဖြစ်ပါသည်။

(င) လစဉ်ဝယ်ယူခွင့်ရရှိထားသော ထီစာအုပ်အရေအတွက်အရ ထီလက်မှတ်(၁၁)စောင်ပါ ထီစာ အုပ် တစ်အုပ်လျှင် အာမခံငွေ(Deposit) (၂၀၀)ကျပ်နှုန်းဖြင့် (၃)လစာ အတွက် ကျပ် (၆၀၀) ကို ကြိုတင်ပေးသွင်းရမည် ဖြစ်ပါသည်။

(စ) ထီစာအုပ် ဝယ်ယူရောင်းချလိုသူများအနေဖြင့် တစ်လလျှင် မိမိရောင်းရမည့် ထီစာအုပ် အရေအတွက်အရ ဘဏ္ဍာနှစ်တစ်နှစ်လုံးအတွက် တာဝန်ယူရောင်းချမည့် ထီစာအုပ် အရေအတွက်ကို ဖော်ပြလျက် မပျက်မကွက် ဝယ်ယူမည်ဖြစ်ကြောင်း သဘောတူကတိ စာချုပ်ချုပ်ဆိုရမည်ဖြစ်ပါသည်။

(ဆ) ထီစာအုပ်များ ဝယ်ယူရောင်းချရန် သဘောတူကတိစာချုပ်ချုပ်ဆိုပြီးပါက စာချုပ်ပါ သဘောတူညီချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ပါက ထီစာအုပ်ဝယ်ယူခွင့်ရုပ်စဲ ခြင်း၊ အာမခံငွေ(Deposit)များ နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းယူခြင်း ဆောင်ရွက်သွား မည် ဖြစ်ပါသည်။

(ဇ) ဝယ်ယူခွင့်ရရှိသည့် ထီစာအုပ်အရေအတွက်အား အတည်ပြုချက်ရရှိပါက အာမခံငွေ (Deposit)ပေးသွင်းခြင်း၊ သဘောတူကတိစာချုပ်ချုပ်ဆိုခြင်းများကို (၂၁-၈-၂၀၂၀) ရက်နေ့ နောက်ဆုံး ထား၍ အပြီးဆောင်ရွက်ရပါမည်။

(ဈ) သတ်မှတ်ထားသည့်အချိန်အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲပျက်ကွက်ခဲ့ပါက ထီ လုပ်ငန်းရှင်စာရင်းမှ ပယ်ဖျက်သွားမည် ဖြစ်ပါသည်။

---

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၂၆၈

ဒေါ်ချယ်ရီစန်းလွင် — တရားလို
နှင့်
ဦးအယ်လီဇာ — တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၅၀x၅၁လမ်းကြား၊ မနော်ဟရီလမ်းနှင့် ခိုင်ရွှေဝါလမ်းကြား၊ ထွန်းတုံးရပ်၊ အကွက် (၈၈-၂၈)နေ ဦးအယ်လီဇာ (ယခုနေလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ချယ်ရီစန်းလွင်က ရောင်းချရန်သဘောတူထားသော ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၉ ရက် (၁၃၈၂ ခုနှစ် နယုန်လကွယ်နေ့) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သန္တာရှင်)
ဒုတိယခရိုင်တရားသူကြီး (၁)
မန္တလေးခရိုင်တရားရုံး

---

**မွေးသက္ကရာဇ် အမှန်**

ကျိုက်လတ်မြို့၊ အထက(အုန်းပင်စု)မှ အထပြ ဆရာမ ဒေါ်ဝေဝေနိုင် ၁၄/ကလန(နိုင်)၁၀၆၉၁၉၏ မွေးသက္ကရာဇ် အမှန် မှာ (၆-၈-၁၉၈၅) ဖြစ်ပါကြောင်း။

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/7376, Nissan Cabster L/T, ဦးဝင်းစိုး ၇/ကတခ(နိုင်) ၀၈၅၅၇၃မှ မော်တော်ယာဉ်၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/9126 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/4128, NissanTidda Latio N17 S/L(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စန္ဒာခိုင်၁၀/မလမ(နိုင်)၀၀၂၇၆၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/9689, Toyota PROBOX NCP50, STATION WAGON ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်အေးသန်း ၁၂/ကမတ(နိုင်)၀၁၆၀၄၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

---

### (သမီး)မအေးအေးဝင်း ၎င်း၏ခင်ပွန်း ဦးသန်းနိုင်စိုးနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဒေါ်မမြအေး (ဘ) ဦးညိုလှဖြူ ၁၁/စတန(နိုင်)၀၇၀၀၀၃ ကိုင်ဆောင်သူ မြင်းစီးပြင်လမ်းသွယ်၊ မြောက်စံပြ၊ ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်မမြအေးက တောင်ကုတ်မြို့နယ်ခွဲ၊ မအီမြို့၊ ဂျီဖြူတောင် ကျေးရွာအုပ်စုနေ၊ သမီး မအေးအေးဝင်းထံ၌ MAZDA Titan Trick အမျိုးအစား MDY 1Q/2699 ကားကိုဝယ်ယူပြီး ခေတ္တခဏအပ်နှံထားရာ အဆိုပါကားအား ကျွန်ုပ်အမှုသည်၏ တစ်စုံတစ်ရာခွင့်ပြုချက်မရှိဘဲ ယာဉ်လိုင်စင်သက်တမ်းတိုးမြှင့်ပေးခြင်း၊ အမည်လွှဲပြောင်းပေးခြင်း၊ လက်ပြောင်းလက်လွှဲပြုလုပ်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း လုံးဝ(လုံးဝ)မပြုလုပ်ရန် ကန့်ကွက်ကြောင်းနှင့် ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း (သမီး) မအေးအေးဝင်း၊ ၎င်း၏ခင်ပွန်း ဦးသန်းနိုင်စိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစန်းငွေ(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ
စဉ်-၁၀၇၂၉
အနောက်စံပြရပ်ကွက်၊ စစ်တွေမြို့

---

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၄-ပဒေသာ)၊ ဦးပိုင်အမှတ်(၂၇)၊ မြေယာအမှတ်(27)၊ မြေဧရိယာ(၀ ဒသမ၂၂၀)ဧကရှိ ပြင်ဦးလွင်ခရိုင် မြေငှားဂရန်အမှုတွဲအမှတ် (၀၆၅/၂၀၀၆-၂၀၀၇)အရ ဒေါ်မြနေအောင် အမည်ပေါက်ခဲ့သော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် စံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးစိုင်းနိုင်လင်းဆွေနှင့် ဒေါ်သိင်္ဂီဝင်းတို့ နှစ်ဦးမှ နေအိမ်ခြံမြေ အရောင်းအဝယ်မှတ်ပုံတင် စာချုပ်အမှတ်(၀၆၂/၂၀၂၀)အရ ဝယ်ယူပိုင်ဆိုင်ပြီး ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမည်ပြောင်းဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှ အစပြု၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

---

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ အကွက်အမှတ် (RA-II)၊ ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ် (၁၅၅-က/၂) မြေယာအမှတ် (37/311-A/2)၊ မြေဧရိယာ ၀ဒသမ၀၅ဧကရှိ ပြင်ဦးလွင်ခရိုင် မြေငှားဂရန်အမှုတွဲအမှတ် (၄၃၅/၂၀၁၅-၂၀၁၆)အရ ဦးမျိုးမင်းသိန်း အမည်ပေါက်ခဲ့သော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်နန်းစိန်နုမှ နေအိမ်ခြံမြေအရောင်းအဝယ် မှတ်ပုံတင် စာချုပ်အမှတ် (၁၇၅/၂၀၂၀)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမည်ပြောင်းဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှအစပြု၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

---

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ရတနာသီဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ဥတ္တရသီရိ အနောက်ရပ်၊ မြေဧရိယာ(၀ဒသမ၂၂၉)ဧက၊ မြေကွက်အမှတ်(ဥ-၃၀၈၁)၊ ဗိုလ်မှူးကြီးအောင်ချိန်(ဘ) ဦးစိန်ဒါအမည်ပေါက်၊ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးမြင့်သန်း ၃/ကဆက(နိုင်)၀၁၆၄၀၂ (ဘ)ဦးသောင်းတင်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၁၂၉၅/၂၀၁၈(၁၁-၁၀-၂၀၁၈)တင်ပြ၍ ဒေါ်မိမိအုန်း ၁၂/အစန(နိုင်)၁၃၄၀၈၀(ဘ) ဦးအုန်းမောင်အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း များ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာ မှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

---

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိ ဒေါ်မြင့်မြင့်ဦး ၁၂/ပဇတ(နိုင်)၀၂၂၇၀၄ (ဘ)ဦးအောင်သိမ်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၀၀၉၆)ကို နေပြည်တော်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၇၆၁/၂၀၁၉)ဖြင့် မြေကွက် အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးမင်းလွင်(ခ)ဦးပြုံးချိုကြီး ၁၃/နမတ (နိုင်)၀၀၆၀၄၈(ဘ) ဦးညွန့်မောင်မှ ဒေါ်နန်းခမ်းရင် ၁၃/နမတ(နိုင်)၀၀၆၀၄၉နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက် ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ကြော်ငြာစာပါသည့်ရက် မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာ လိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မုံရွာခရိုင်တရားမရုံး၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၈

| | | | |
|---|---|---|---|
| ၁။ ဦးမျိုးနိုင်(ကိုယ်တိုင်နှင့် ၂၊ ၃၊ ၄၊ ၅၊ ၆ တရားလို တို့၏အထွေထွေကိုယ်စားလှယ်စာရသူ) | နှင့် | ၁။ ဦးအောင်သန်း | ၁၀။ ဒေါ်ခင်သန်းထွေး |
| ၂။ ဒေါ်သန်းသန်းဆွေ | | ၂။ ဒေါ်လှလှသင်း | ၁၁။ ဦးတင်မှတ် |
| ၃။ ဦးသန်းငွေ | | ၃။ ဒေါ်တင်စိန် | ၁၂။ ဒေါ်ခင်နှင်းအေး |
| ၄။ ဦးသိန်းလှိုင် | | ၄။ ဒေါ်တင်ရှိန် | ၁၃။ ဦးကြည်သန်း |
| ၅။ ဒေါ်မိုးမိုးဆွေ | | ၅။ ဒေါ်တင်ရွှေ | ၁၄။ ဦးစိုးနောင် |
| ၆။ ဒေါ်စိုးစိုးထွေး | | ၆။ ဒေါ်ခင်လှိုင် | ၁၅။ ဒေါ်ဝင်းဝင်းငွေ |
| | | ၇။ ဦးမြင့်ဆွေ | ၁၆။ ဒေါ်မြင့်မြင့်သိန်း |
| | | ၈။ ဒေါ်ခင်သန်းအေး | ၁၇။ ဦးကြီးမောင် |
| | | ၉။ ဦးမြင့်ဝေ | ၁၈။ ဦးသန်းထိုက် |
| တရားလိုများ | | တရားပြိုင်များ | |

ချောင်းဦးမြို့နယ်၊ ရွာသာအေးကျေးရွာနေ (၇) တရားပြိုင် ဦးမြင့်ဆွေ(ဘ)ဦးချမ်းမြ၊ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အမှတ် (၁၃) လမ်းနေ (၁၅) တရားပြိုင် ဒေါ်ဝင်းဝင်းငွေး(ဘ)ဦးဆုပိုင်၊ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အမှတ် (၁၆)လမ်းနေ (၁၆) တရားပြိုင် ဒေါ်မြင့်မြင့်သိန်း(ဘ)ဦးဆုပိုင် (ယခုနေလိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမျိုးနိုင် ပါ-၆ ဦး က အမွေပုံပစ္စည်းစီမံခွဲဝေပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၂၄ ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ပါသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန်းစန်းရီ)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**မုံရွာခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/2417 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်လှိုင်း ၁၀/ရမန(နိုင်)၁၀၅၄၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4H/8099, HONDA ACTY HAZ, PICK UP(4x4) (R) ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းသူရ ၁၂/ကမရ(နိုင်)၀၆၀၂၆၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/8204, KZLLIGHT TRUCK(L) TON,PICKUP(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းမင်းအောင် ၅/ကနန(နိုင်)၀၃၆၁၄၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အိုင်ဝိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၈၈၀၊ ငါးပိအိုင်ကွင်း)၊ ဦးပိုင်အမှတ် (၈၄၊ ၈၅)၊ ဧရိယာ ၀ဒသမ၁၀၀ ဧကရှိမြေအား ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာအုပ်စု၊ ဘုရားလမ်းနေ ဦးအောင်ဆွေဦး ၁၄/ညတန(နိုင်)၁၄၈၆၉၁မှ မြေငှားဂရန်အသစ်ရရှိရေးအတွက် မြေပေးမိန့်၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ်တွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ ၂၀)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၂၀၈

| | | |
|---|---|---|
| ဒေါ်မိုးမိုးလှိုင်(ခ)ဒေါ်ရန်ချွန်ရှန် | နှင့် | ဦးအောင်ဖြိုး |
| **တရားလို** | | **တရားပြိုင်** |

ဦးအောင်ဖြိုး၊ ၈၃လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ဦးပိုင် (၆၇)၊ အကွက်(၅၈၆)၊ ချမ်းအေးသာဇံအလယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားလိုပိုင်မြေပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံကို ဖျက်သိမ်းဖယ်ရှား၍ မြေလက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၂၂ရက် (၁၃၈၂ ခုနှစ် ပထမ ဝါဆိုလဆန်း ၃ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မေ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ခင်ထွေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်တရားရုံးတော်၌
## ၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၈

| | | |
|---|---|---|
| ဦးဆန်းလင်း | နှင့် | ဦးအောင်ဇော်မိုး |
| **တရားလို** | | **တရားပြိုင်** |

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပုပ္ပားကုန်းရပ်ကွက်၊ အမှတ်(၇)နေ ဦးအောင်ဇော်မိုး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ရောင်းချထားသည့် မြေကွက်များနှင့်မြေပေါ်ရှိ အိမ်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး လက်ရောက်ရလိုမှု (သို့) ရောင်းကြေးငွေကျပ်သိန်း(၁၅၀)၏ (၂)ဆဖြစ်သော ကျပ်သိန်း(၃၀၀) တိတိရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဇူလိုင် ၈ရက် (၁၃၈၂ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုမီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇွန် ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥမ္မာအေး)**
**ခရိုင်တရားသူကြီး**
**ညောင်ဦးခရိုင်တရားရုံး**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကွင်းကျောင်းလမ်း၊ အမှတ် ၄၆(B၊ သုံးလွှာ)နေ ဒေါ်သန်းသန်းစိန် ၁၄/ကလန(နိုင်)၀၀၂၁၅၉ ၏သား မောင်ပိုင်စိုးရကျော် ၁၄/အမန(နိုင်)၁၂၃၆၁၃သည် မိခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**မိခင်- ဒေါ်သန်းသန်းစိန်**

Air Con
အဟောင်း/အပျက်များ
ဈေးကောင်းပေးဝယ်သည်
ကိုမောင်မောင်တင်
Ph: 09-5085850
09-73095950

## အမည်မှန်

ပခုက္ကူမြို့၊ အမှတ် (၁)ရပ်ကွက်၊ ဗားဂျီးနီး ယားဝင်းနေ (ဘ)ဦးကျော်ကျော်၏သမီး ဒေါ်သီတာ၏အမည်မှန်မှာ ဒေါ်သီတာကျော် ၁၃/မယက(နိုင်)၀၀၀၅၆၂ ဖြစ်ပါကြောင်း။

**ဒေါ်သီတာကျော်**

## မိဘအမည်မှန်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက တတိယတန်းဖြေဆိုထားသော မောင်ကုဋ္ဌေနှင်း၏ မိဘအမည်မှန်မှာ ဦးနှင်းမောင် ၇/ပခန(နိုင်)၂၅၆၁၂၀ နှင့် ဒေါ်အေးအေးမိုး ၇/ပခန(နိုင်)၂၆၂၃၄၉ ဖြစ်ပါကြောင်း။

**ဦးနှင်းမောင်-ဒေါ်အေးအေးမိုး**

## ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အထက (၅) သတ္တမတန်း (B) ကျောင်းဝင်အမှတ် (၁၄၆၁၇) မောင်သာအေး၏ဖခင် ဦးဝင်းခိုင်၏ အမည်မှန်မှာ ဦးဝင်းဝင်းခိုင် ၅/မမန(နိုင်)၀၃၄၈၁၈ ဖြစ်ပါကြောင်း။

**ဦးဝင်းဝင်းခိုင်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မကွေးခရိုင်၊ မြို့သစ်မြို့၊ ဗိုလ်မင်းရောင်လမ်း၊ မင်းရပ်ကွက်၊ အိမ်အမှတ် (၂၄)၊ အကွက်အမှတ် (၁၃)၊ ဦးပိုင်အမှတ် (၃၄/၁)၊ ၀ဒသမ၁၂ဧကရှိ မြေကွက်ကို ဒေါ်ခင်မြင့် ၈/ပသန(နိုင်)၀၀၃၁၃၄ က ဒေါ်အေးသီရိလွင် ၈/ပသန(နိုင်)၀၁၀၈၁၀အား မေတ္တာဖြင့်ပေးကမ်းပြီးဖြစ်ပါ၍ ဒေါ်အေးသီရိလွင် အမည်ဖြင့် ပုံစံထုတ်မြေငှားဂရန် လျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာ သည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်အေးသီရိလွင်**
**မင်းရပ်ကွက်၊ မြို့သစ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်၊ အကွက်(၂၊ မြို့ကွက်သစ်)၊ ဦးပိုင်အမှတ် (၂၈၃၊ ၃၂၄)၊ ဧရိယာ(၀ဒသမ၁၁၀)ဧကရှိမြေအား မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ မြဘုံသာ(၁)လမ်းနေ ဒေါ်အေးသန္တာ ကြည် ၁၄/ပတန(နိုင်)၁၆၀၇၇၄မှ မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာ သည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အမည်ပြောင်း ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ်တွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သို့ဖြစ်ပါ၍ * အဆိုပါဖြန့်ဖြူးသူ ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း ၊အင်းစိန် မြို့နယ်သို့နှစ်ပတ်အတွင်း လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**Asiatic Agricultural Industries Pte Ltd (မြန်မာရုံးခွဲ)** ၊Rangoun Business Center, အခန်းအမှတ်( ၂၀၉)၊ အမှတ် (၉၇)၊ အနောက် ရွှေဂုံတိုင်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၉ ၅၁၄၅၁၃၂၈

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (ယ-၃)၊ ဦးပိုင် (၇၄)၊ ဧရိယာ (၆၀ ပေx၄၀ပေ) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ဦးသန်းတင်အမည်ဖြင့် ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော်မှ အဆုံးအပိုင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအရပ်ကတိစာချုပ်အရ ရောင်းချသူ ဦးသန်းတင်မှ ကျွန်ုပ်၏မိတ်ဆွေအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးမည်ဟု ဖော်ပြထားသော်လည်း ယနေ့အချိန်ထိ လာရောက်ချုပ်ဆိုပေးခြင်းမရှိပါ။ သို့ဖြစ်ပါ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ချုပ်ဆိုပေးပါရန်နှင့် အကယ်၍ သတ်မှတ်သည့်ရက်အတွင်း လာရောက်ချုပ်ဆိုပေးခြင်းမရှိခဲ့ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| ဦးကျော်ကျော် | လွှဲအပ်ညွှန်ကြားချက်အရ- |
| ၉/မမန(နိုင်)၀၂၉၃၁၈ | ဒေါ်ခင်သီတာပြည့် LL.B |
| လွှဲအပ်ညွှန်ကြားသူ | တရားလွှတ်တော်ရှေ့နေ |
| | (စဉ်-၁၃၅၈၈/၂၄-၁၀-၂၀၁၇) |
| | ကြေးနန်းဝင်းရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ |
| | ဖုန်း-၀၉-၄၃၀၅၉၆၃၁ |

**တံဆိပ်အမည်အမှတ်အသားအား မှတ်ပုံတင်သွင်းလျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း**

ဘရမီ မြန်မာ့ချည်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၄)၊ (၇) ကွက်၊ (၄) လမ်း၊ အိမ်အမှတ် (၂၁၈)နေ ဒေါ်မေသူလွင်မှ **(ဘရမီ)** မြန်မာ့ချည်တံဆိပ်အမည်အမှတ်အသားဖြင့် ချည်လုပ်ငန်း ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပြီး အဆိုပါတံဆိပ်အမည်အမှတ်အသားအား ပြင်ဦးလွင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းလျှောက်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မေသူလွင် ၉/ပဥလ(နိုင်)၀၃၂၀၉၈
အိမ်အမှတ် (၂၁၈)၊ ၄ လမ်း၊ (၇) ကွက်၊ ရပ်ကွက်ကြီး (၄)၊ ပြင်ဦးလွင်မြို့

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မကွေးမြို့နယ်တရားရုံး
## ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၁၆၂

| | | |
|---|---|---|
| ရွှေနဂါးအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက် (အသင်း၏မန်နေဂျာဖြစ်သူ ဒေါ်ချယ်ရီလွင်) | နှင့် | (၁)ဒေါ်ခင်ဝင်းနွယ် (၂)ဒေါ်သီသီလွင် |
| **တရားလို** | | **တရားပြိုင်များ** |

အထက်ပါအမှုမှ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ နံကပ်ကျွန်းကျေးရွာအုပ်စု၊ သရက်ပင်ရပ်ကွက်နေ အမှတ်(၁)တရားပြိုင် ဒေါ်ခင်ဝင်းနွယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ရွှေနဂါးအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက် (အသင်း၏မန်နေဂျာဖြစ်သူ ဒေါ်ချယ်ရီလွင်)က ရွှေနဂါးအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ ဝယ်ယူပေးခဲ့သော အခေါက်ရွှေဖိုး ကျန်ငွေ (၂၉၅၀၀၀ိ/-)ကျပ်နှင့် ဒဏ်ကြေးငွေ(၅၀၀၀၀ိ/)-ကျပ် စုစုပေါင်း ၃၄၅၀၀၀ိ/- ကျပ်တိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၇ ရက် (၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မေ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထက်နောင်မြင့်)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
မကွေးမြို့နယ်တရားရုံး

**အမည်မှန်**

မောင်တောမြို့နယ်၊ ကိုင်းကြီးကျေးရွာနေ ဦးထွန်းညီ၏သား မောင်ရှီရှိုင်း ၁၁/မတန(နိုင်)၀၃၀၇၁၆ ၏ အမည်မှန်မှာ မောင်ရွှေရန်း ဖြစ်ပါကြောင်း။ **မောင်ရွှေရန်း**

**အမည်မှန်**

မောင်တောမြို့နယ်၊ သစ်တုံးနားခွဆုံ ကျေးရွာအုပ်စု (စုစည်းရွာသစ်) နေ ဦးဖုံကံ၏သား ဦးမဲအောင် ၁၁/မတန(နိုင်)၀၀၆၉၇၅ ၏ အမည်မှန်မှာ ဦးမင်းအောင် ဖြစ်ပါကြောင်း။ **ဦးမင်းအောင်**

**အမည်မှန်**

မောင်တောမြို့နယ်၊ သစ်တုံးနားခွဆုံ ကျေးရွာအုပ်စု (စုစည်းရွာသစ်) နေ ဦးပြေပိုင်၏သား မင်းဝေးလ် ၁၁/မတန(နိုင်)၀၂၄၄၂၉ ၏ အမည်မှန်မှာ မင်ဝိုင်း ဖြစ်ပါကြောင်း။ **မင်ဝိုင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/2962 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/3009 SUZUKI SWIFT Hatch Back (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိနှင်းပွင့်ဖြူ ၁၄/ပသန(နိုင်)၁၉၆၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

# ဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းတင်
## အသက်(၈၈) နှစ်
## မန္တလေး

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယကကြီး

ဝဏ္ဏကျော်ထင်၊စည်သူ၊ သရေစည်သူ၊ ဦးအောင်ကိုဝင်းနှင့်ဇနီး

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန်ပထမဆင့်) တို့၏

ချစ်လှစွာသောမိခင် ဒေါ်သိန်းတင်၊ အသက် (၈၈)နှစ်သည်

၇. ၆. ၂၀၂၀ ရက်နေ့၊ ညနေ (၅:၄၀)နာရီတွင်

ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့်

မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရှမ်းယူနိုက်တက် FC

ရန်ကုန်ယူနိုက်တက် FC

ဧရာဝတီယူနိုက်တက် FC

ရတနာပုံ FC

မကွေး FC

ဇွဲကပင်ယူနိုက်တက် FC

ဟံသာဝတီယူနိုက်တက် FC

ရခိုင်ယူနိုက်တက် FC

ISPE FC

စစ်ကိုင်းယူနိုက်တက် FC

ချင်းယူနိုက်တက် FC

ဆောက်သမ်းမြန်မာ FC

## အမည်ပြောင်း

မော်လမြိုင်မြို့၊ သီရိမင်္ဂလာရပ်ကွက်၊ အမှတ်(၃၈၁) စိန်လမ်းနေ ဦးရဲမင်း-ဒေါ်ကြည်သာဆုမွန်တို့၏သား မောင်သိုလ်နေဘွားအား ယနေ့မှစ၍ မောင်စွမ်းပြည့်လျှံ ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စွမ်းပြည့်လျှံ**

## အမည်ပြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်နေ ဦးကြည်သိန်း၏သားဖြစ်သူ ဦးတင်မြင့်ဦး ၁၂/ဗဟန(နိုင်)၀၂၄၈၇၀ အား ဦးထင်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**ဦးထင်ကျော်**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀၂၀ခုနှစ်၊ ဇွန်လ ၃ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃၀)ပါ ငြင်းချက်ထုတ်ရန်သမ္မန်စာကြော်ငြာတွင် တရားပြိုင် ဦးသီဟအစား ဦးမြင့်အောင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ စမ်းလယ်ကျေးရွာ မူလွန်ကျောင်း Grade-4မှ မောင်ဇော်ဝေဖြိုး၏ မိဘအမည်မှန်မှာ ဦးသန်းထွန်း ၈/မလန(နိုင်)၀၆၇၁၀၅၊ ဒေါ်ခင်မာစန်း ၈/မလန(နိုင်)၀၆၇၁၅၂ဖြစ်ပါကြောင်း။

**ဦးသန်းထွန်း-ဒေါ်ခင်မာစန်း**

## အမည်ပြောင်း

ဦးသန့်ဇင်၏သား၊ မြောင်းမြမြို့၊ မရမ်းကုန်းရွာသစ် အလက(ခွဲ) Grade (5)မှ မောင်သန့်ဇင်မောင်မောင်အား မောင်သီဟန်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သီဟန်ဝင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/2225 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7C/4726 YUTONG, BUS (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်တီချူဝက်(ခ)ဒေါ်ခင်မိ ၁၃/တကန(နိုင်)၀၆၈၀၇၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးမြို့နယ်၊ ထန်းပေါက်တောကျေးရွာအုပ်စု၊ သဖန်းဆိပ်ကျေးရွာနေ ကျွန်တော်ဦးမြင့်စိုး ၈/မကန(နိုင်)၀၀၀၉၃၂ ပိုင်ဆိုင်သော ကွင်းအမှတ်(၁၆၃၅/၂၉၀၃)၊ သဖန်းဆိပ်မြောက်ကွင်း၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ(၉ဒသမ၈၅) ဧကရှိ ယာမြေနှင့်ကွင်းအမှတ်(၁၆၃၅)၊ သဖန်းဆိပ်တောင်ကွင်း၊ ဦးပိုင်အမှတ်(၉၄)၊ ဧရိယာ(၁ဒသမ၈၅)ဧကရှိ ယာမြေတို့အား ကျွန်တော်ဦးမြင့်စိုးအမည်ဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိပြီးဖြစ်သော်လည်း ရေဝတီမြစ်ရေတက်သဖြင့် အိမ်ပြောင်းရွှေ့ရာတွင် ပုံစံ(၇)စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတွင် ပုံစံ (၇) ဒုတိယမူရင်း(သို့)မိတ္တူမှန်ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားမည်ဖြစ်ပါသဖြင့် ၎င်းယာမြေနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကတရားဝင်ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ရက်၃၀အတွင်း ကျွန်တော်ဦးမြင့်စိုးထံသို့ ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မည့် သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမြင့်စိုး**
ဖုန်း-၀၉-၄၄၄၄၁၉၀၅၆

## ဝမ်းနည်းကြေကွဲခြင်း

ကြည်း-၃၅၅၂၊ ဗေယျကျော်ထင်
ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)
(စာရေးဆရာကြီး မိုးမိုးတာရောစန်)
နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်-၆၁ နေ ဦးသောင်းထိုက်-ဒေါ်အယ်လ်ခွန်းရီတို့၏ဖခင်၊ ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း) (စာရေးဆရာကြီးမိုးမိုးတာရောစန်)၊နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)သည် ၉-၆-၂၀၂၀ ရက်(အင်္ဂါနေ့)၊ နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေး**
**KBZ BANK/ KBZ GROUP**

## အထူးဝမ်းနည်းကြေကွဲခြင်း

ကြည်း ၃၅၅၂ ဗေယျကျော်ထင်
ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)
(စာရေးဆရာကြီး မိုးမိုးတာရောစန်)
နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်)
အသက် (၉၄)နှစ်

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်(ငြိမ်း)-ဒေါ်အယ်(လ်)ခွန်းရီတို့၏ဖခင်ဖြစ်သူ ဒုတိယဗိုလ်မှူး ကြီး ခင်မောင်သောင်း(ငြိမ်း)(စာရေးဆရာကြီး မိုးမိုးတာရောစန်)သည် ၉-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ် သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သိန်းတင်
အသက်(၈၈) နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် မ-၁/၁၂နေ ဦးတင်ယု၏ ဇနီး ၊ KBZ Bank /KBZ Group ၏ နာယက ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏ ချစ်လှစွာသောမိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ ရက်(တနင်္ဂနွေနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးမိုးအောင် နှင့် ဇနီးဒေါက်တာအေးခိုင်ညွန့်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သိန်းတင်
အသက်(၈၈)နှစ်

KBZ Group နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏ မိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးနေဝင်းထွန်း-ဒေါ်နန်းအေးအေးမြင့်**
**Ruby Dragon group of Company**
**မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သိန်းတင်
အသက်(၈၈) နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် မ-၁/၁၂နေ ဦးတင်ယု၏ ဇနီး ၊ KBZ Bank /KBZ Group ၏ နာယက ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏ ချစ်လှစွာသောမိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်ကိုကိုဦးနှင့် ဇနီး ဒေါ်ထားထားဦးမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်ဝင်းမြင့်(ငြိမ်း)
စင်ကာပူ သံအမတ်ကြီး(ငြိမ်း)
OTS (43)
အသက် (၇၁)နှစ်

အမှတ် (၂၁၆)၊ ခရေမြိုင်လမ်း၊ အမှတ် (၃၀) သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်ခင်ဝင်းမြင့်၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးချုပ်ဝင်းမြင့်(ငြိမ်း)သည် ၁၀-၆-၂၀၂၀ရက် နံနက် ၉:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၄၃) ကျောင်းဆင်းအရာရှိမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သိန်းတင်
အသက်(၈၈) နှစ်

COVID-19 Pandemic အတွက် ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီ၏ နာယကကြီး၊ ဗဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း (နာယက - KBZ Bank/KBZ Group)-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန်ပထမဆင့်)တို့၏မိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခွန်စံလွင်**
**ဥက္ကဋ္ဌ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သိန်းတင် (မန္တလေး)
အသက် (၈၈)နှစ်

KBZ Bank/KBZ Group ၏ နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏မိခင်ကြီး ဒေါ်သိန်းတင် အသက် (၈၈)နှစ်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာ အောင်လွင်(ဥက္ကဋ္ဌ)-ဒေါ်သက်စန္ဒာ မိသားစု**
**ဦးလှသန်း (MD)-ဒေါ်ခင်သန်းရီ မိသားစု**
**ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်**
**အောင်မြတ်ဖြိုးအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နေ ကျွန်တော် ဦးစိုးညွန့်လွင် ၈/မဘန(နိုင်) ၀၆၁၈၁၈ နှင့် မကွေးမြို့နေ မပိုးမမ ၈/မကန(နိုင်) ၁၀၀၃၉၃ တို့သည်တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် (၉-၈-၂၀၁၉)ရက်တွင် အသိသက်သေများ ရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစိုးညွန့်လွင်**

## အထူးကျေးဇူးတင်ရှိခြင်း

မိခင်ကြီး ဒေါ်ခင်ခင်ဆွေ အသက်(၈၃)နှစ် အထက(၄)၊ ဗိုလ်တထောင်(ငြိမ်း) နာရေးတွင် ကွယ်လွန်သည့်နေ့မှစ၍ ရက်လည်နှင့်တစ်လပြည့် ဆွမ်းကျွေးတရားတော်နာအားလုံးပြီးစီးသည်အထိ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော မြန်မာ့စာတိုက်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာ(အုပ်ချုပ်ရေး/ဝန်ဆောင်မှု)၊ အရာထမ်း/အမှုထမ်းများ၊ ဆရာမများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းမိတ်ဆွေများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/4025 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၉)ရပ်ကွက်၊ အမှတ်(၁၃၃၇)မင်းလှရွှေတောင်လမ်းတွင် သောက်ရေသန့်ထုတ်လုပ်ရောင်းချမည့် သောက်ရေသန့်လုပ်ငန်း၏ အမည်ကို **ပြည့်စုံ** အမည်ဖြင့် အသုံးပြုထုတ်လုပ်ရောင်းချမည် ဖြစ်ပါသည်။ အဆိုပါ အမည်ဖြင့် ထုတ်လုပ်ရောင်းချမည်ကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့် ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အထက်ပါအမည်ဖြင့် ရန်ကုန်မြို့ မှတ်ပုံတင်ရုံး၌ တရားဝင် မှတ်ပုံတင်သွင်း၍ သောက်ရေသန့်ထုတ်လုပ်သည့်လုပ်ငန်းကို ဆောင်ရွက်သွားပါမည်။

**ဦးအောင်နိုင်ဦး**
၁၂/ဗဟန(နိုင်)၀၃၆၄၆၃
ဖုန်း-၀၉-၄၂၃၇၃၆၁၉၂

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကြည်း-၃၅၅၂၊ ဗေယျကျော်ထင်**

**ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)**

**(စာရေးဆရာကြီး မိုးမိုးတာရောစန်)**

**နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်)**

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၆၁)နေ ဦးဘိုချန်ထွန်း(MD, Max Hotels Group)-ဒေါ်ပိုးအိဖြူတို့၏အဘိုး ကြည်း-၃၅၅၂ ၊ ဗေယျကျော်ထင် ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း) (စာရေးဆရာကြီး မိုးမိုးတာရောစန်)နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်)အသက်(၉၄)နှစ်သည် ၉-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါကြောင်း။

**အငြိမ်းစားဒုတိယဝန်ကြီးများ(၂၀၁၁-၂၀၁၆)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကြည်း-၃၅၅၂၊ ဗေယျကျော်ထင်**

**ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)**

**(စာရေးဆရာကြီး မိုးမိုးတာရောစန်)**

**နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်)**

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၆၁)နေ ဦးဘိုချန်ထွန်း (MD, Max Hotels Group) - ဒေါ်ပိုးအိဖြူ တို့၏အဘိုး ကြည်း-၃၅၅၂ ၊ ဗေယျကျော်ထင် ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း) (စာရေးဆရာကြီး မိုးမိုးတာရောစန်) နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်) အသက်(၉၄)နှစ်သည် ၉-၆-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Max Hotels Group**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကြည်း-၃၅၅၂၊ ဗေယျကျော်ထင်**

**ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)**

**(စာရေးဆရာကြီး မိုးမိုးတာရောစန်)**

**နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်)**

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၆၁)နေ ဦးဘိုချန်ထွန်း (MD, Max Hotels Group) - ဒေါ်ပိုးအိဖြူ တို့၏အဘိုး ကြည်း-၃၅၅၂ ၊ ဗေယျကျော်ထင် ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း) (စာရေးဆရာကြီး မိုးမိုးတာရောစန်) နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်) အသက်(၉၄)နှစ်သည် ၉-၆-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Novotal Yangon Max**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကြည်း-၃၅၅၂၊ ဗေယျကျော်ထင်**

**ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)**

**(စာရေးဆရာကြီး မိုးမိုးတာရောစန်)**

**နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်)**

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၆၁)နေ ဦးဘိုချန်ထွန်း (MD, Max Hotels Group) - ဒေါ်ပိုးအိဖြူ တို့၏အဘိုး ကြည်း-၃၅၅၂ ၊ ဗေယျကျော်ထင် ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း) (စာရေးဆရာကြီး မိုးမိုးတာရောစန်) နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်) အသက်(၉၄)နှစ်သည် ၉-၆-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**MGallery Nay Pyi Taw by Sofitel**

## တစ်ဦးတည်းဖြစ်ပါကြောင်း နှင့်မွေးသက္ကရာဇ်အမှန်

မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ မော်ကူးကျေးရွာနေ မခင်အေးကြည် ၅/မလန(နိုင်) ၀၄၃၁၅၄၏ ဖခင် ဦးသန်းဆွေနှင့် ဦးသန်းရွှေမှာတစ်ဦးတည်းဖြစ်ပါကြောင်း နှင့်မိခင် ဒေါ်ခင်ထွေးကြည်နှင့် ဒေါ်ရီမှာတစ်ဦးတည်းဖြစ်ပြီး မခင်အေးကြည်၏ မွေးသက္ကရာဇ်အမှန်မှာ (၂၂-၁-၁၉၉၇) ဖြစ်ပါကြောင်း။

## ဂရန်ပျောက်ဆုံးကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ အမှတ် (၁၄၆)နေ ဦးဂလီမုန်ဒွဲ ၁/မကန(နိုင်)၀၆၉၆၁၈ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန် ကြားချက်အရ ၎င်းပိုင်ဆိုင်သော မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်ရှိ ဦးပိုင်အမှတ် (၇၁)၊ အကွက်အမှတ် (၁၂/၂က)၊ စီတာပူတောင်၊ အကျယ်အဝန်း ၀ဒသမ၁၈၃ကေရှိ ဦးဇခုန်ဇောင်လောန် အမည်ပေါက်ဂရန်မူရင်းမှာ ၂၀၀၄ ခုနှစ် ရေကြီးသည့်အချိန် နေအိမ်မှပစ္စည်း အပြောင်းအရွှေ့ပြုလုပ်သည့်အခါ ပျောက်ဆုံးသွားပါသဖြင့် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးဖြိုးဝေဦး**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၄၆၉၆)**

**အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သိန်းတင်**

**မန္တလေး**

**အသက်(၈၈)နှစ်**

KBZ Bank / KBZ Group ၏ နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏မိခင် ဒေါ်သိန်းတင် အသက်(၈၈)နှစ်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး**
**အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သိန်းတင်**

**မန္တလေး**

**အသက် (၈၈)နှစ်**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(NS SCCI) ၏ နာယကကြီး၊ ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း (နာယက-KBZ BANK/KBZ Group)-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန်ပထမဆင့်)တို့၏ မိခင်၊ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် ဒေါ်နန်းမိုဟွမ်တို့၏အဘွား ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး (SSC) ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Prof. ဦးကြည်စိုးနှင့် မိသားစု**
**Dr. ဦးတင်မောင်အေးနှင့် မိသားစု**
**ဒေါ်နွယ်နွယ်စိန်နှင့် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကြည်း-၃၅၅၂၊ ဗေယျကျော်ထင်**

**ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)**

**(စာရေးဆရာကြီး မိုးမိုးတာရောစန်)**

**နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်)**

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၆၁)နေ ဦးဘိုချန်ထွန်း (MD, Max Hotels Group) - ဒေါ်ပိုးအိဖြူ တို့၏အဘိုး ကြည်း-၃၅၅၂ ၊ ဗေယျကျော်ထင် ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း) (စာရေးဆရာကြီး မိုးမိုးတာရောစန်) နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်) အသက်(၉၄)နှစ်သည် ၉-၆-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Hotel Max (Nay Pyi Taw)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သိန်းတင်**

**အသက်(၈၈)နှစ်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ သိပ္ပံလမ်းနေ ဦးတင်ယု၏ဇနီး၊ ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း(နာယက-KBZ Bank/KBZ Group)-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး(လူမှုထူးချွန် ပထမဆင့် )တို့၏ ချစ်လှစွာသောမိခင်၊ ဒေါ်နန်းလိုင်းခမ်း(ဒုတိယအမှုဆောင်အရာရှိချုပ်၊ KBZ Bank)၊ ဒေါ်နန်းခမ်းနောင့်(ဒုတိယအမှုဆောင်အရာရှိချုပ်၊ KBZ Bank)နှင့် ဒေါ်နန်းမိုဟွမ်(အမှုဆောင်ဒါရိုက်တာ၊ KBZ Bank) တို့၏ချစ်လှစွာသောအဘွား ဒေါ်သိန်းတင်သည်၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Mottama Holdings Limited မိသားစု**
**Min Dhama Company Limited မိသားစု**
**Myanmar Aquariums Company Limited မိသားစု**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်လုံရပ်ကွက်၊ အမှတ်(၂)နယ်မြေနေ ဦးလှသွင်၏သား မောင်ဝေယံမင်းခန့်သွင်နှင့် မောင်ဝေယံသွင် ၉/ပဘန(နိုင်) ၁၉၆၉၃၁ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟုမ္မလင်းမြို့နယ်၊ လက်ပံသာကျေးရွာနေ ဦးမောင်ကို(ခ)ဦးမောင်ဦးကဲ ၄/မတပ(နိုင်)၀၂၆၈၁၁ မှာ တစ်ဦးတည်းဖြစ်ပါ ကြောင်း။

**ဦးမောင်ကို(ခ)ဦးမောင်ဦးကဲ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟုမ္မလင်းမြို့နယ်၊ မိုင်းကိုင်းရွာနေ ဦးမောင်ရွှေ(ခ)ဦးလွန်းရွှေ ၅/ဟမလ(နိုင်)၀၅၂၃၈၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ရွှေ(ခ)ဦးလွန်းရွှေ**

## မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊နတ်မောက်မြို့နယ်၊ စခန်းမအုပ်စု၊ စခန်းမကျေးရွာနေ ဦးမြင့်ဦး ၈/နမန(နိုင်) ၀၀၀၄၉၅၏သား မောင်ဟိန်းမြတ်သူ ၈/နမန(နိုင်) ၂၀၉၅၀၂ ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၁-၁၀-၁၉၉၇) ဖြစ်ပါကြောင်း။

**မောင်ဟိန်းမြတ်သူ**

## အမည်မှန်

နတ်မောက်မြို့နယ်၊ အောင်ဆန်းရပ်ကွက်နေ ဦးမျိုးတင့်ထွန်း၏သား မောင်မိုးမြင့်သူရိန်ထွန်း ၈/နမန(နိုင်) ၁၇၄၅၄၇ ၏ အမည်မှန်မှာ မောင်မျိုးအောင်စန်းဖြစ်ပါကြောင်း။

**မောင်မျိုးအောင်စန်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၆-၂၀၂၀ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၉) အယူခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်တရားရုံးတော်၌ ၂၀၁၉ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၅၄ အစား ၂၀၁၉ခုနှစ် တရားမအယူခံမှုအမှတ်-၅၄ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဝိုင်းမော်မြို့၊ သာဂရရပ်ကွက်၊ အမှတ်(၄)နေ ဦးလာမြာဆာ၏သမီး ဒေါ်လာမြာမာဝူ(ခ)လာမာဝူး ၁/ဝမန(နိုင်) ၀၀၅၀၀၅ ၏ အမည်မှန်မှာ ဒေါ်လာမြာမာဝူဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ (၁၀-၇-၁၉၆၃)ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အမှတ်(၁)မူလွန်-ရွှေစက်၊ တတိယတန်းဖြေဆိုထားသော မောင်သူရစိုး၏ မိဘအမည်မှန်မှာ ဦး ကျော်သူဟိန်းနှင့် ဒေါ်ရွှယ်ဆမ်တို့ဖြစ်ပါကြောင်း။

# ဘဝနတ်ထံပျံလွန်တော်မူခြင်း

# ဘဒ္ဒန္တဇနိတာလင်္ကာရ

## (သာသနဓဇ ဓမ္မာစရိယ)(မဟာကမ္မဋ္ဌာနာစရိယ)

## (အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ)

## မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ချုပ်ကြီး၏ နာယကချုပ်

## သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၅)ဝါ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ မိုးကုတ်ဝိပဿနာဇနိတာရာမကျောင်းတိုက်၊ စိန်ရွှေကုန်းဇနိ တာရာမတောရမိုးကုတ်ရိပ်သာ၊ အင်းတကော်ဇနိတာရာမတောရမိုးကုတ်ရိပ်သာများ၏ဦးစီးပဓာနနာယက ဖြစ်တော်မူသော ဘဒ္ဒန္တဇနိတာလင်္ကာရ (သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၏ နာယကချုပ် မဟာထေရ်မြတ်သည် (၁၃၈၂ ခုနှစ် နယုန်လပြည့်ကျော် ၅ ရက် ) ၁၀-၆-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃:၄၅ နာရီတွင် အာရုံတော်ဝင်ဆေးရုံ၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း အကြောင်းကြားအပ်ပါသည်။

**ဆရာတော် ဦးဇောတိကနှင့်**
**ဇနိတာရာမ မိုးကုတ်ယောဂီများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သိန်းတင်**

**အသက် (၈၈)နှစ်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် (မ-၁/၁၂) နေ ဦးတင်ယု၏ဇနီး၊ KBZ Bank/ KBZ Group ၏ နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ကြည်ကြည်သန်းနှင့် ဦးဝင်းမြင့်**
**မောင်နှမ မိသားစုများ**
**မြန်မာအရှေ့တိုင်းဘဏ်လီမိတက် (MOB)**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ် သိန်းတင်**

**မန္တလေး**

**အသက် (၈၈) နှစ်**

KBZ Bank / KBZ Group ၏ နာယက ဝဏ္ဏကျော်ထင် စည်သူ သရေစည်သူ ဦးအောင်ကိုဝင်း + ဒေါ် နန်းသန်းထွေး တို့၏ မိခင်၊ ဒေါ် နန်းလိုင်းခမ်း (ဒုတိယအမှုဆောင် အရာရှိချုပ်-KBZ Bank) ဒေါ် နန်းခမ်းနောင့် (ဒုတိယအမှုဆောင် အရာရှိချုပ် - KBZ Bank)နှင့် ဒေါ် နန်းမိုဟွမ် (အမှုဆောင်ဒါရိုက်တာ - KBZ Bank) တို့၏ အဖွားဖြစ်သူ ဒေါ် သိန်းတင် အသက် (၈၈) နှစ်သည် (၇-၆-၂၀၂၀) (တနင်္ဂနွေနေ့) ညနေ (၅:၄၀) နာရီတွင် ကွယ်လွန် အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါ သည်။

**PTT Oil and Retail Business Public Company Limited**
**A Company of PTT Group**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီး**

**ခင်မောင်သောင်း(ငြိမ်း)**

**(စာရေးဆရာ မိုးမိုးတာရောစန်)**

**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**

**အသက် (၉၄)နှစ်**

မြန်မာနိုင်ငံသား ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်၏ဖခင်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း (ငြိမ်း) သည် ၉-၆-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစီးနာယက၊ နာယကကြီးများ**
**ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်**
**ရုံးအဖွဲ့ဝန်ထမ်းများ**
**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ချုပ်(ရန်ကုန်)**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဦးစည်သူကိုကိုလွင်**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် (၁၃)နေ ဦးစည်သူကိုကိုလွင်သည် ၉-၆-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစု ဆွေမျိုးများနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါ သည်။

**၈၈(မကဒ)လုပ်ဖော်ကိုင်ဖက် ရဲဘော်ရောင်းရင်း**
**သူငယ်ချင်းများနှင့် ရင်းနှီးခင်မင်ရသော မိတ်ဆွေများ**

---

### ဝမ်းနည်းကြေကွဲခြင်း

မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီး၏ နာယကချုပ် ဇနိတာရာမ မိုးကုတ်ရိပ်သာကြီးများ၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဇနိတာလင်္ကာရ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သိရပါ၍ ဆရာတော်ကြီး၏တပည့်၊ ဒါယကာ ဒါယိကာမများနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေစက်တော်အရှင်သုန္ဒရ နှင့်**
**ရွှေစက်တော် မိုးကုတ်ယောဂီများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ကြည်း - ၃၅၂ ဖေယျကျော်ထင်**

**ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)**

**(စာရေးဆရာကြီး မိုးမိုးတာရောစန်)**

**နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်)**

**အသက်(၉၄)နှစ်**

ဒုတိယဝန်ကြီး ဦးသောင်းထိုက် (ငြိမ်း) - ဒေါ်အယ်(လ်)ခွန်းရီ တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း (ငြိမ်း) (စာရေးဆရာကြီး မိုးမိုးတာရောစန်) သည် ၉-၆-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းမြင့်ဦး၊ ဦးကျော်ဆန်း၊ ဦးကျော်ဦး၊**
**ဦးဌေးအောင်၊ ဦးကျော်ဆန်းဦး**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း**

**တပ်မတော် (ရေ) (ငြိမ်း)**

**အသက် (၇၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ် (၁၀) ရပ်ကွက်၊ ကန်လမ်းကန်ရိပ်မွန် ကွန်ဒို အမှတ် ၄၀၅၊ ၄၀၆နေ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်း တပ်မတော်ရေ(ငြိမ်း) သည် ၉-၆-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၃:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ် သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အပတ်စဉ် (၉)**
**ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုများ**

**ကြည်း -၅၇၇၀**

## ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွန်း

**လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)**

**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**

**အသက် (၉၄)နှစ်**

မိတ္ထီလာမြို့နေ (ဦးမြတ်သာဒွန်း-ဒေါ်စောလေး) တို့၏ချစ်လှစွာသော သားကြီး၊ ရန်ကုန် မြို့နေ အမှတ် ၂/B၊ သဇင်လမ်း၊ ရွှေသံလွင်စု ပေါင်းအိမ်ရာဝင်း၊ ဟုမ်းလမ်းဘူတာရပ်ကွက်နေ ဒေါ်စိန်စိန်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာ ရာပြည့်၊ ဒေါ်ခင်သီတာ၊ ဒေါက်တာခင်နီလာ၊ ဒေါ်ခင်နှင်းနွယ်တို့၏ဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၉-၆-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၅:၄၅နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၂၀ ရက်(ကြာသပတေးနေ့) နံနက် ၁၁:၃၀နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဗိုလ်မှူးချုပ်ဝင်းမြင့်(ငြိမ်း)

**စင်ကာပူသံအမတ်ကြီး(ငြိမ်း)**

**OTS(43)**

**အသက်(၇၁)နှစ်**

(ဦးဇော်ဝင်း)-ဒေါ်ခင်ဥ(ရွှေညောင်)တို့၏သား၊ [ဗိုလ်မှူးသိန်းထွန်း(ငြိမ်း)-ဒေါ်ရင်ရင်မြင့်]တို့၏သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အမှတ်(၂၁၆)ခရေမြိုင်လမ်း၊ အမှတ်(၃၀)နေ ဒေါ်ခင်ဝင်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးရဲနောင်ဝင်းမြင့်၊ ဦးသူရိန်ဝင်းမြင့်-ဒေါ်ဂင်္ဂါ၊ ဒေါ်သီရိဝင်းမြင့်တို့၏ဖခင်သည် ၁၀-၆-၂၀၂၀ရက် နံနက် ၉:၁၅နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သိန်းတင်**

**အသက်(၈၈)နှစ် (မန္တလေး)**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် မ-၁/၁၂ နေ ဦးတင်ယု၏ဇနီး၊ KBZ Bank /KBZ Group ၏နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း- အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန်ပထမဆင့်)တို့၏မိခင် ဒေါ်နန်းလိုင်းခမ်း( ဒုတိယအမှုဆောင်အရာရှိချုပ် -KBZ Bank)၊ ဒေါ်နန်းခမ်းနောင့် (ဒုတိယအမှုဆောင်အရာရှိချုပ်-KBZ Bank)နှင့် ဒေါ်နန်းမိုဟွမ် (အမှုဆောင်ဒါရိုက်တာ-KBZ Bank) တို့၏ အဘွားဖြစ်သူ ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးနေလင်းထွန်း- ဒေါ်ကြည်သာဦး**
**Sun Myat Tun Construction မိသားစု**

---

## ကျေးဇူးအထူးတင်ရှိပါကြောင်း

(၆-၆-၂၀၂၀) ရက်တွင် ကွယ်လွန်ခဲ့သော ကျေးဇူးရှင် ဖခင်ကြီး ဦးအောင်ကျော်သာ၏ နာရေးကို လာရောက်ခဲ့ကြသော ရပ်ဝေး/ရပ်နီးမှ ပုဂ္ဂိုလ်များ၊ ကျောင်းအသီးသီးမှ ဆရာ/ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ လုပ်ဖော်ကိုင်ဖက် ဆရာကြီး၊ ဆရာမကြီးများ၊ လမ်းစဉ်လူငယ်၊ ရေကြောင်းလူငယ်၊ ကြက်ခြေနီ၊ ကရာတေး၊ စစ်တုရင်အဖွဲ့၊ မျက်မမြင်ကျောင်း၊ မန္တလေးမှ ဘာသာရေးအဖွဲ့အစည်း စသည့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တပည့်များ၊ နာရေးကို အစအဆုံး ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးခဲ့ကြသော ကျောင်းသားဟောင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## သင့် သွေး ဖြင့် အ သက် ကယ် ပါ

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကြည်း-၃၅၅၂ ဇေယျကျော်ထင်**

**ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)**

**(စာရေးဆရာကြီး မိုးမိုးတာရောစန်)**

**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**

**အသက်(၉၄)နှစ်**

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း) ဦးသောင်းထိုက်-ဒေါ်အယ်လ်ခွန်းရီတို့၏ဖခင် ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)(စာရေးဆရာကြီး မိုးမိုးတာရောစန်) အသက်(၉၄)နှစ်သည် ၉-၆-၂၀၂၀ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်(၃၇၄)ခြေမြန်တပ်ရင်းမှ အရာရှိ၊ စစ်သည်**
**မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာကြီး**

**ဒေါ်သိန်းတင်**

**အသက်(၈၈)နှစ်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(မ-၁/၁၂)နေ ဦးတင်ယု၏ ဇနီး၊ ဦးအောင် ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏ ချစ်လှစွာသော မိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်သန်းထွဋ်နှင့်ဇနီး ဒေါ်နီလာလှိုင်မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာခင်မောင်ဆွေ**

**အသက်(၈၄)နှစ်**

**သင်္ချာပါမောက္ခ(ငြိမ်း)၊ မော်လမြိုင်တက္ကသိုလ်၊**

**မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊**

**အမျိုးသားစာပေဆုရှင်**

ကျေးဇူးရှင်ဆရာကြီး ဒေါက်တာခင်မောင်ဆွေသည် ၇-၆-၂၀၂၀ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သင်္ချာမိသားစု**
**ထားဝယ်တက္ကသိုလ်**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်မြကြွယ် အသက် (၈၀)

**အထက်တန်းပြဆရာမ (ငြိမ်း) အထက (၂)လသာ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ပုညဝတ္ထုနလမ်း၊ အမှတ် (၈) ပထမထပ်နေ (ဦးလူသင်-ဒေါ်လှခင်)တို့၏ သမီး၊ ဦးမြသောင်း(ခ) ဦးကျောက်ခဲ၏ဇနီး၊ ကိုကျော်ဇော-မအိဖြိုးသူတို့၏မိခင်၊ မြေး တစ်ယောက်၏ဘွားဘွားကြီးသည် ၉-၆-၂၀၂၀ရက် (အင်္ဂါနေ့) ည ၇နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## U Andrew Matthews(ခ)ဦးမျိုးမြင့်

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့နေ[U Robin Matthews(ခ)ဦးအောင်ကျော်ဟန် -Magda lena(ခ) ဒေါ်ရွှေ]တို့၏သား၊ မြောက်ဥက္ကလာပမြို့ နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ဂျိုးဖြူလမ်း၊ အမှတ် ၁၅/၂၇၀နေ ဒေါ်လှဝင်းကြည်၏ ခင်ပွန်း၊ ဒေါ်အေးအေးမြင့်၊ (မောင်တင်ဌေးအောင်)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်မြင့်မြင့်ကြူ၏မောင်၊ ဦးဝင်းမြင့်-ဒေါ်လူစီ၊ (ဦးတင်မြင့်)-ဒေါ်သိန်းသိန်းမြင့်၊ ဦးအုန်းဌေး-ဒေါ်ဌေးဌေး သောင်း၊ ဦးအောင်ရွှေ-ဒေါ်နော်ဆဲခူတို့၏အစ်ကိုသည် ၁၀-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၂၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂-၆-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်မြမြကြိုင်

**(ဦးစီးအရာရှိ) ဒလမြို့နယ်စာရင်းရုံး**

**အသက် (၅၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ် (၈)၊ ခုနစ်လွှာ A နေ (ဦးကျင်ဝါး-ဒေါ်အုန်း)၊ (ဦးဖိုးခွေ-ဒေါ်လုံးတင်)တို့၏မြေး၊ (ဦးသန့်ညွှန့်)-ဒေါ်တိုးမြတို့၏သမီး၊ ဦးဌေးအောင်-(ဒေါ်စိန်ကျင်)တို့၏သမီး ချွေးမ၊ ဦးသန်းနိုင်အောင်(ကောင်းမှုကောင်းစားသောက်ဆိုင်)၏ဇနီး၊ မစောယုနန္ဒာ၏ မိခင်သည် ၉-၆-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၅:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၂၀ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ကြည်း-၃၅၅၂**

**ဒုတိယဗိုလ်မှူးကြီး ဇေယျကျော်ထင် ခင်မောင်သောင်း(ငြိမ်း)**

**(စာရေးဆရာကြီး မိုးမိုးတာရောစန်)**

**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**

**အသက် (၉၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ် (၆၁)၊ ဗိုလ်ရာညွှန့်လမ်းနေ (ဒေါ်ခင်အုန်းရီ)၏ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး ဇေယျကျော်ထင် ခင်မောင်သောင်း(ငြိမ်း)(စာရေးဆရာကြီး မိုးမိုးတာရောစန်)သည် ၉-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးခင်မောင်သောင်း(ငြိမ်း)**

**(စာရေးဆရာကြီး မိုးမိုးတာရောစန်)**

**အသက်(၉၄)နှစ်**

ဗိုလ်မှူးကြီး သောင်းထိုက်(ငြိမ်း)-ဒေါ်အယ်(လ်)ခွန်းရီ တို့၏ဖခင် ဇေယျကျော်ထင် ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)သည် ၉-၆-၂၀၂၀ ရက် တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၅)ဗိုလ်လောင်း**
**သင်တန်းမှသူငယ်ချင်းများနှင့်မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)**

**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**

**အသက် (၉၄)နှစ်**

ချစ်သူငယ်ချင်း ဦးသောင်းထိုက်-ဒေါ်အယ်(လ်)ခွန်းရီတို့၏ဖခင် ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)သည် ၉-၆-၂၀၂၀ရက်တွင် ကွယ်လွန်ကြောင်း သိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**B.Ed 79 သူငယ်ချင်းများ**
**နေဝင်းသော်-ခင်ချိုချို၊ ကြွယ်ကြွယ်၊ ယုယုတင်၊ ကြည်ကြည်မြင့်၊ လွင်လွင်၊ မြသီတာ၊ ချိုချို**

---

## ဦးရဲမြင့်(ညောင်လေးပင်)

**ဒုအရာခံဗိုလ်(ငြိမ်း)**

**အသက်(၈၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၁)ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၅၀)နေ (ဦးသင်-ဒေါ်မြစိန်)တို့၏သား၊ (ဦးသံချောင်း-ဒေါ်ကျင်လှိုင်)တို့၏သားသမက်၊ (ဗိုလ်ခင်မောင်-ဒေါ်တင်ရီ)၊ (ဗိုလ်ကြီးစောနောင်-ဒေါ်အမာစိန်)တို့၏ညီမောင်၊ (ဦးမျိုးမြင့်)-ဒေါ်တင်တင်နွဲ့တို့၏အစ်ကို၊ ဒေါ်တင်အုံး၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်တင်တင်ကြီး (စိုက်ပျိုးရေးဦးစီးဌာန)၊ ဦးနိုင်ဦး-ဒေါ်တင်တင် လတ်၊ ဦးခင်မောင်ကျော်၊ ဦးခင်မောင်ချိုတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၉-၆-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၄:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဦးထွန်းဘွား

**စက်ခန်းအုပ်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး**

**အသက် (၈၁)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ဘော်စင်လမ်း၊ တိုက် (၈)၊ အခန်း (၄)နေ (ဦးမှေး-ဒေါ်မေနု) တို့၏သား၊ ဒေါ်အုန်းမြင့်၏ခင်ပွန်း၊ ဦးဇော်မင်းထွန်း-ဒေါ်ဝင်းသိင်္ဂီကျော်၊ ဦးခင်ထွန်း-ဒေါ်မီမီအောင်၊ ဦးကျော်လှိုင်ဘွား၊ ဦးကျော်မြင့် ထွန်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၈-၆-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

**ရဟန်းဒါယိကာမကြီး**

## ဒေါ်မီမီအောင်(ခ)ဒေါ်ဘေဘီ

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ တိုက်(၁၀၁)၊ အခန်း(၇)နေ (ဦးသန်းအောင်-ဒေါ်သန်းခင်)တို့၏သမီး၊ ဦး အောင်ခိုင်-ဒေါ်မြင့်မြင့်စိန်၊ (ဦးအေးကို)-ဒေါ်စီစီအောင်တို့၏ညီမ၊ ဒေါ်သီတာအောင်၊ ဦးသန်းထိုက်အောင်-ဒေါ်ချိုချိုမြတ်တို့၏အစ်မသည် ၁၀-၆-၂၀၂၀ရက် နံနက် ၃:၂၃ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၂၀ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

# ရွေးကောက်ပွဲများကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ကျင်းပနိုင်ရေး အကြိုညှိနှိုင်းစည်းဝေး

## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲရုံပေါင်း လေးသောင်းကျော် လျာထားပြီး မဲဆန္ဒရှင်ပေါင်း ၃၇ သန်းကျော်ရှိ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ကျင်းပပြုလုပ်နိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၁၀**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် International Foundation for Electoral Systems (IFES) အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယခုအချိန်ကာလသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားလျက်ရှိပြီး

စာမျက်နှာ ၄ ကော်လံ ၁ ❄

## သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၁၀**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့၏ စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ဇွန် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၀-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ » ၁၅

## ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မြဝတီ အမှတ် (၂) ချစ်ကြည်ရေးတံတားမှ ဇွန် ၁၀ ရက်၌ ၉၉၄ ဦး ဆက်လက်ဝင်ရောက်



မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

**မြဝတီ ဇွန် ၁၀**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၉၉၄ ဦးသည် ယနေ့တွင် မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများအနက် ၁၂၅ ဦးသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ထိုင်းနိုင်ငံ မော်ချစ်ကားဂိတ်မှ ကားခြောက်စီးဖြင့် ပြန်လည်ဝင်ရောက်လာသူများဖြစ်ပြီး ကျန် ၈၆၉ ဦးသည် ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ❖




## ဆေးဗားလ်ကို ပရီမီယာလိဂ်ကလပ်များ ခေါ်ယူလိုနေ

ပရီမီယာလိဂ် အသင်းများဖြစ်သည့် အာဆင်နယ်၊ အဲဗာတန်၊ နယူးကာဆယ်၊ ဝက်စ်ဟမ်းနှင့် ဝုဖ်အသင်းတို့သည် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် အသင်းခေါင်းဆောင် သီယာဂို ဆေးဗားလ်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ မကြာသေးမီ ရက်ပိုင်းအတွင်း ပီအက်စ်ဂျီအသင်းမှ ထွက်ခွာတော့မည်ဟု သတင်းများ ထွက်ပေါ်လာပြီးနောက် ဆေးဗားလ်သည် ပီအက်စ်ဂျီအသင်းနှင့် ရှစ်နှစ်ကြာ ဖြတ်သန်းမှုကို အဆုံးသတ်ဖွယ် ရှိနေသည်။

ဆေးဗားလ်သည် ပီအက်စ်ဂျီအသင်းကို ရှစ်နှစ်အတွင်း လီဂူးဝမ်း ချန်ပီယံဆုဖလားကို ခုနစ်ကြိမ်အထိ ရရှိအောင် ကူညီပေးထားနိုင်သူဖြစ်သော်လည်း အသင်းအားကစားဒါရိုက်တာဖြစ်သူ လီယိုနာဒိုက အဆိုပါကစားသမား၏ စာချုပ်ကို သက်တမ်းတိုးမည် မဟုတ်ကြောင်း ပြောကြားပြီးနောက် ဆေးဗားလ်အနေဖြင့် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်သွားရတော့မည် ဖြစ်သည်။ ဆေးဗားလ်၏ ပီအက်စ်ဂျီအသင်းနှင့် လက်ရှိစာချုပ်သက်တမ်းသည် ဇွန် ၃၀ ရက်တွင် ကုန်ဆုံးတော့မည်ဖြစ်သော်လည်း ဆေးဗားလ်အနေဖြင့် ယခုနှစ် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီ ပြီးဆုံးသည်အထိ ကာလတိုစာချုပ်သက်တမ်းတိုး ချုပ်ဆိုသွားဖွယ် ရှိကြောင်း ထွက်ပေါ်လာသောသတင်းများအရ သိရသည်။

ပီအက်စ်ဂျီအသင်းသည် ကိုဗစ်-၁၉ ကြောင့် ဘောလုံးပွဲစဉ်များ မရပ်နားမီ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်တွင် ဒေါ့မွန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ကာ နှစ်ကျော့ပေါင်း ရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ ဆောလျင်စွာ တက်ရောက်နိုင်ခဲ့သည့် အသင်းဖြစ်သည်။ ထို့ကြောင့် ဆေးဗားလ်အနေဖြင့် ချန်ပီယံလိဂ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားရန်အလို့ငှာ ရာသီကုန်အထိ စာချုပ်သက်တမ်းတိုးဖွယ်ရှိနေခြင်း ဖြစ်သည်။ ချန်ပီယံလိဂ်ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်နှင့်ရက်စွဲကို အတည်ပြုထုတ်ပြန်ထားခြင်း မရှိသေးပေ။ သို့သော်လည်း ကျန်ရှိနေသေးသည့်

စာမျက်နှာ ၁၀ ကော်လံ ၁ ◆